# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၅၄)


**ကောင်းမှုပြည့်၏**

အနည်းငယ်သောကောင်းမှုသည် (ငါ့အား) အကျိုးသက်ရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၁၂၂)**



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအိုအား လက်ခံတွေ့ဆုံ

**မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နောင်အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး**

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နောင်အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတသည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော် သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဖေဇင်ထွန်း၊ ဦးကျော်ဝင်းနှင့် ဦးဝင်းခိုင်တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့က "ဝ"(UWSA)၊ မိုင်းလား (NDAA) အဖွဲ့များ ၂၁ ရာစုပင်လုံတွင် ပါဝင်နိုင်ရန် တွေ့ဆုံဖိတ်ခေါ်မည်

**သတင်း-ရဲခေါင်ညွှန့်**

**ရန်ကုန် ဇွန် ၁၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂)နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation– DPN) တို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဒုတိယအကြိမ်မြောက် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂) အတွင်းရေးမှူး ဦးလှမောင်ရွှေက "ကျွန်တော်တို့ ဆပ်ကော်မတီ(၂)အနေနဲ့ ပြည်တွင်းမှာ တွေ့ဆုံဆွေးနွေးနိုင်ဖို့ အတွက် ဇွန်လ ၁၁ ရက်ပါ ရက်စွဲနဲ့ UNFC အဖွဲ့ကို စာပို့တယ်။ သူတို့ အကြောင်းပြန်တာကတော့ ကော်မတီ အနေနဲ့ ထပ်မံပြီးလာရောက်တွေ့ဆုံဖို့ တောင်းဆိုပါတယ်။ ကျွန်တော်တို့ ဒုတိယအကြိမ်မြောက် သွားရောက် တွေ့ဆုံပါမယ်။ ရှေ့လာမယ့် ဇွန်လ တတိယပတ်လောက်မှာ UNFC က ဖွဲ့စည်းထားတဲ့ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်း

*စာမျက်နှာ ၇ ကော်လံ ၁* ✳

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး



**လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုးတက်ကူညီဆောင်ရွက်ရေးကိစ္စများ ဆွေးနွေး**

စာမျက်နှာ-၃




မြန်မာ့အလင်း

# အပေးအယူ၊ အတိုင်အဖောက်ညီမျှရမည့် ပူးပေါင်းဆောင်ရွက်မှုများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းသည် ဇွန်လ ၁၃ ရက်နေ့က စက်မှု လက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်များကို တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဤသို့ တွေ့ဆုံဆွေးနွေးခဲ့ရာ၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒကို ယခုလအတွင်းထုတ်ပြန်သွားမည်ဟု ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒကို ထုတ်ပြန်ကြေညာမည်ဆိုသည်မှာ ကြိုဆိုရမည့်သတင်းကောင်း ဖြစ်ပါသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒသည် ရင်းနှီးမြှုပ်နှံရေးဆုံးဖြတ်ချက်များချမှတ်ရာ၌ အခြေခံတိုင်းတာရမည့် စံပေတံဖြစ်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်ရေးအင်ဂျင်သဖွယ်ဖြစ်လာမည် ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း၏ ပြောကြားချက်များ၌ထုတ်ပြန်တော့မည့်စီးပွားရေးမူဝါဒဆိုင်ရာအတွေးအခေါ်တချို့ကို မြင်တွေ့ရပါသည်။ တိုင်းပြည်၏စီးပွားရေးဆိုင်ရာမူဝါဒများကိုကိုင်တွယ်ချမှတ်ရာ၌ အကာအကွယ်ပေးရေးမူဝါဒများထက် ပံ့ပိုးကူညီအားဖြည့်ခြင်းဆိုင်ရာ မူဝါဒများက တိုင်းပြည်အတွက် ပိုမိုအကျိုးရှိမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ရှင်းလင်းပြောဆိုခဲ့ပါသည်။ အာဆီယံစီးပွားရေး ရိုပ်မြုံ (ASEAN Economic Community -AEC) ၌ အာဆီယံနိုင်ငံများကြားရင်းနှီးမြှုပ်နှံမှု၊ ထုတ်ကုန်ပစ္စည်း၊ လုပ်သားအင်အား၊ ကျွမ်းကျင်ပညာရှင်အစရှိသည်တို့သည် လွတ်လွတ်လပ်လပ်အပြန်အလှန်စီးဆင်းတော့မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများအား အကာအကွယ်ပေးခြင်းသည် ရေတိုကာလ၌ပင်အကျိုးရှိမည်၊ မရှိမည် သေချာသောလုပ်ငန်းစဉ် ဖြစ်ပါသည်။ အိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုကုန်ထုတ်လုပ်ငန်းများသည်သာ တိုင်းပြည်၏ အကျိုးစီးပွားကို ရေရှည်မြှင့်တင်ပေးသွားနိုင်မည် ဖြစ်ပါသည်။

ထိုသို့တိုင်းပြည်၏အကျိုးစီးပွားကို ရေရှည်မြှင့်တင်နိုင်ရေးအတွက် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များနှင့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များပေါင်းဖက်လုပ်ကိုင်နိုင်ရေးကို အားပေးဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းက ရှင်းလင်းတင်ပြခဲ့ပါသည်။ ဤနေရာ၌ ပေါင်းဖက်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များ သက်သောင့်သက်သာ လွယ်လွယ်ကူကူဖြစ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊ အကန့်အသတ်၊ အတားအဆီးများလျှော့ချပေးနိုင်သမျှလျှော့ချပေးမည်ဟူသော ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၏ခံယူချက်သည် တိုင်းပြည်၏ ပကတိလိုအပ်ချက်အပေါ် ထင်ဟပ်နေသောခံယူချက် ဖြစ်ပါသည်။

ထုတ်ပြန်တော့မည့် လူထုအစိုးရ၏ စီးပွားရေးမူဝါဒ၌ လက်ဝါးကြီးအုပ်ချုပ်ကိုင်ရေးမူဝါဒအား အပြီးအပိုင်ဖျက်သိမ်း၍ နိုင်ငံသားတိုင်းအားတန်းတူရည်တူမျှမျှတတ၊ လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်ပေးမည်ဟူသော ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၏ တင်ပြချက်သည် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်ယုံကြည်မှုကို အရှိန်အဟုန်မြှင့်တင်ပေးသွားနိုင်မည် ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်များအား ယခုကဲ့သို့ဆွေးနွေးအမှာစကားပြောကြားရာ၌ အတွေးအခေါ်သစ်များချပြရေးအပေါ်အလေးအနက်ထားတင်ပြဆွေးနွေးသွားသည်ကို တွေ့ရပါသည်။ တိုင်းပြည်၏လက်ရှိအခြေအနေမှ ဖွံ့ဖြိုးတိုးတက်လာအောင် ဖောက်ထွက်ရုန်းကန်ရာ၌ အတွေးအခေါ်သစ်တို့၏ အခန်းကဏ္ဍသည်ကြီးမားစွာ အရေးပါသည်ဟု ခံယူပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ ပြည်တွင်းပြည်ပကျယ်ပြန့်များပြားသော အတွေ့အကြုံများအပေါ် အခြေခံပြီး အတွေးအခေါ်သစ်များ ချပြနိုင်ရေးကို အာရုံစိုက်ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များထံမှ အတွေးအခေါ်သစ်များထွက်ရှိလာရေးကို ဦးတည်လျက်လူထုအစိုးရသည် ဖြစ်ထွန်းလာမည့် ကမ္ဘာ့စီးပွားရေး အလားအလာနှင့်အခွင့်အလမ်းများကို သုတေသနပြုလုပ်ဖော်ထုတ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအား ဖြန့်ဝေအသိပေးလှုံ့ဆော်ပေးရန် လိုအပ်ပါသည်။ ဤသို့သုတေသနလုပ်ဖော်ထုတ်နိုင်ရေးကို သီးသန့်ဦးတည်ချက်ထားဆောင်ရွက်ရမည့်လုပ်ငန်းဌာနတစ်ရပ်အား ဖွဲ့စည်းလုပ်ကိုင်နိုင်မည်ဆိုပါက ပိုမိုပြည့်စုံကောင်းမွန်မည်ဟု ယူဆပါသည်။

အဆိုပါလုပ်ငန်းဌာနသည် လွတ်လွတ်လပ်လပ် သုတေသနပြုလုပ်ဆောင်ရွက်ပိုင်ခွင့်ရှိသော လုပ်ငန်းဌာနဖြစ်သင့်ပါသည်။ သို့မှသာ တိုင်းပြည်၏အကျိုးစီးပွားအတွက်အပြည့်အဝဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အရေးကြီးသည်မှာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းပြောဆိုတင်ပြသွားသကဲ့သို့ လူထုအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြားလက်တွဲညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ အပေးအယူ၊ အတိုင်အဖောက်ညီသော လူထုအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လက်တွဲညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုသည်သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ။



## ငွေရေးကြေးရေးနှင့်ရင်းနှီးမြှုပ်နှံမှု သင်တန်းဖွင့်

**လွိုင်ကော် ဇွန် ၁၄**

ကယားပြည်နယ်တွင် စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆ )ကို ဇွန် ၉ ရက်မှစတင်ကာ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန သင်တန်းခန်းမ၌ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးနှင့် ဘဏ္ဍာလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းများ၊ မြန်မာ့အာမခံလုပ်ငန်းအကြောင်း၊ ရသုံးမှန်းခြေငွေစာရင်းလုပ်ငန်းများ၊ အကောက်ခွန်ဦးစီးဌာန၏လုပ်ငန်းသဘောသဘာဝ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်၊ ပင်စင်ဦးစီးဌာနအကြောင်းသိကောင်းစရာ စသည့် ဘာသာရပ်များကို သင်ကြားပို့ချပြီး အဆိုပါသင်တန်းကို ဇွန် ၂၄ ရက်အထိဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**လက်ပံတန်း ဇွန် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှု လက်မှု လုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော အသက်မွေးဝမ်းကျောင်း အထောက်အကူ ပြုသင်တန်းဖြစ်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဖွင့်ပွဲကို ဇွန်လဒုတိယပတ်က လက်ပံတန်းမြို့နယ် မအူကုန်ရပ်ကွက်၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်စန်းစန်းမေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြဆရာများက သင်ကြားပြသပေးရာ သင်တန်းကာလမှာ ဇွန် ၁၃ ရက်မှ ဇူလိုင် ၁၂ရက်အထိ တစ်လကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

**ထင်သာမြင်သာပြုပြင်စရာ**

## တပ်ကုန်း-ကျောက်ဆည်ဆက်သွယ်သည့် ခရိုင်ချင်းဆက်ကားလမ်းပေါ်ရှိ လမ်းအပေါက်ပြုပြင်ပေးရန်မျှော်လင့်

နေပြည်တော်တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာမှ မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ အထိ အရှည် ၁၁၃ မိုင်၊ ၇ ဖာလုံရှိသော အမှတ်(၂)ခရိုင်ချင်း ဆက် ကတ္တရာကားလမ်းသည် တပ်ကုန်းမြို့နယ်အတွင်း မိုင်တိုင် ၁၄၉/၁ နှင့် ၁၄၉/၀ အကြားရှိ တံတား၏မြောက်ဘက် ထိပ်တွင် ကတ္တရာခင်းလမ်းသုံးပေခန့်နှင့် လမ်းမြေချောက်အပေါက်ကို ဇွန် ၁၀ ရက် နံနက်ပိုင်းက ပျက်စီးနေမှုအားတွေ့ရှိရသည်။ အဆိုပါခရိုင်ချင်းဆက်ကားလမ်းတွင် ကတ္တရာခင်းလမ်း သုံးပေခန့်နှင့် လမ်းမြေချောက်အပေါက်ကို ပြန်လည်ပြုပြင်ပေးစေ လိုပါသည်။ အဆိုပါလမ်းကို နေ့/ည ဖြတ်သန်းမောင်းနှင် အသုံးပြုကြသည့် ကားများနှင့် အနီးအနားရှိကျေးရွာများမှ ဆိုင်ကယ်စီးသမားများအား အန္တရာယ်မဖြစ်နိုင်စေရန် ပြုပြင် ခြင်းမပြုလုပ်မီ သတိပြုမောင်းနှင်ကြရန် အမှတ်အသားတစ်ခုကို ပြုလုပ်ထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။



**တင်စိုးလွင်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**မိတ္ထီလာ ဇွန် ၁၄** - ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(မိတ္ထီလာ)မှ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦး ဦးဆောင်သောအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို ဇွန်လဒုတိယပတ်က ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်းခန်းမ၌ ပြုလုပ်ပြီး မွန်းလွဲ ၁ နာရီတွင် အမှတ် (၁၀)တပ်မတော်အကြီးစားစက်ရုံ(မိတ္ထီလာ)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၄-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုးတက်ကူညီဆောင်ရွက်ရေးကိစ္စများ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးဆောင်ရွက်လိုသည့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုးတက်ကူညီဆောင်ရွက်ရေးကိစ္စများကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအိုနှင့် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ် အဆိုပါဦးစားပေးလုပ်ငန်းစဉ်များဆိုင်ရာ ကျွမ်းကျင်မှုရှိရန် လေ့ကျင့်ပေးရေး၊ ထိုသို့လေ့ကျင့်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် အနာဂတ်တွင် ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြ သည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တကဲဟိကို နာကာအိုတို့ တွေ့ဆုံစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**(မိုး/ဇလ)**



**ဇွန် ၁၄ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား တက်ရောက်လာသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်ဇနီး ဒေါ်နန်းခမ်းမိုင်တို့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Sergey I. LIZOGUB ကြိုဆိုနှုတ်ဆက်စဉ်**

**(သတင်းစဉ်)**

## အလုပ်သမားဥပဒေများပြင်ဆင်ဆောင်ရွက်ရာတွင် လိုအပ်မည့်သင်တန်းများနှင့် နည်းပညာဆိုင်ရာအထောက်အကူများ ပံ့ပိုးပေးနိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ILO မှ Senior Legal Officer Mrs. Natsu NOGAMI ဦးဆောင်သောအဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဂျာမနီနိုင်ငံ Democracy Reporting International မှ Senior Constitutional Expert, Prof. Dr. Xavier Philippe ဦးဆောင်သောအဖွဲ့အား ညနေ ၃ နာရီခွဲတွင် လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

ILO မှ Senior Legal Officer Mrs. Natsu NOGAMI နှင့် တွေ့ဆုံဆွေးနွေးစဉ် အလုပ်သမားဥပဒေများ ပြင်ဆင်ဆောင်ရွက်ရာတွင် လိုအပ်မည့် သင်တန်းများနှင့် နည်းပညာဆိုင်ရာ အထောက်အကူများ ပံ့ပိုးပေးနိုင်ရေး ကိစ္စရပ်များ၊ အလုပ်သမားဥပဒေများ ပြင်ဆင်ရေးဆိုင်ရာ ILO စီမံကိန်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ကောင်းမွန်သည့် လုပ်ငန်းခွင်အခြေအနေများ ဖြစ်ထွန်းလာစေရေးအတွက် အလုပ်သမားဥပဒေများကို အလုပ်ရှင်နှင့် အလုပ်သမားများက ကောင်းစွာသိရှိနားလည်လာစေရန် အသိပညာပေးခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံ Democracy Reporting International မှ Senior Constitutional Expert, Prof. Dr. Xavier Philippe နှင့် တွေ့ဆုံဆွေးနွေးစဉ် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေပြုရေးအခန်းကဏ္ဍ၌ အထောက်အကူပေးနိုင်ရေးကိစ္စရပ်များ၊ ပြည်သူလူထုအား ဥပဒေအသိပညာပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေရေးရာကိစ္စရပ်များ၌ အပြန်အလှန်ဆွေးနွေးအကြံပြုနိုင်ရေး ကိစ္စရပ်များ၊ ဥပဒေပြုရေးကဏ္ဍတွင် အရပ်ဘက်အဖွဲ့အစည်းများ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စေတနာရှင်ပြည်သူများ၏ သွေးလှူဒါန်းမှု ၉၃ ရာခိုင်နှုန်းအထိတိုးတက်

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်မြို့ရှိ ဆေးရုံကြီးများ၏ သွေးလိုအပ်ချက်ကို စေတနာရှင်သွေးလှူရှင်များထံမှ ထောက်ပံ့ပေးမှုမှာ ၉၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

"နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ သွေးလှူဘဏ်လုပ်ငန်းတွေကို လုပ်ငန်းသဘာဝအရ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့ ဆက်လက်ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ အခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သွေးဘဏ်တွေကို ထောက်ပံ့နေတဲ့ စေတနာရှင် သွေးလှူရှင်တွေဟာ တစ်နေ့ထက်တစ်နေ့ တိုးတက်လာတာ တွေ့ရပါတယ်။ ၂၀၀၃ ခုနှစ်က သွေးလိုအပ်ချက်ရဲ့ ၃၅ ရာခိုင်နှုန်းကို စေတနာရှင် သွေးလှူရှင်တွေက ထောက်ပံ့ပေးခဲ့ရာမှ ၂၀၁၅ ခုနှစ်မှာတော့ ၉၃ ရာခိုင်နှုန်းအထိ တိုးတက်ထောက်ပံ့နိုင်ခဲ့တာ တွေ့ရပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ကျင်းပသော ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားတွင် ပြောကြားသည်။




ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က သွေးယူနစ်ပေါင်း ၆၂၉၂ ရှိသည့်အနက် အဖွဲ့အစည်းအလိုက် သွေးလှူဒါန်းမှုမှာ ၅၀ ရာခိုင်နှုန်းရှိပြီး ကျန် ၅၀ ရာခိုင်နှုန်းမှာ တစ်ဦးချင်း လှူဒါန်းမှုဖြစ်ကြောင်း၊ သွေးလှူဒါန်းသည့် အဖွဲ့အစည်းများမှာ ဘာသာရေးအဖွဲ့အစည်းများ၊ အစိုးရဌာနများ၊ တက္ကသိုလ်များ၊ စီးပွားရေးလုပ်ငန်းစုများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေး အဖွဲ့အစည်းများဖြစ်ကြောင်း သိရသည်။ ယခု ၂၀၁၆ ခုနှစ်တွင်လည်း ရန်ကုန် အမျိုးသားသွေးလှူဌာနသို့ အဖွဲ့အစည်းအလိုက် သွေးလှူဒါန်းမှုများ တိုးတက်လာလျက်ရှိကြောင်း သိရသည်။

ယခု ၂၀၁၆ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ဆောင်ပုဒ်မှာ Blood connects us all ဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ သွေးလှူရှင်များနှင့် လူနာများအားလုံးသည် သွေးလှူဒါန်းမှုပြုလုပ်ခြင်းဖြင့် အားလုံးဆက်သွယ်ပြီးဖြစ်ကြောင်း အလေးအနက်ထားဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါ သွေးလှူရှင်များနေ့ အခမ်းအနားသို့ အကြိမ် ၁၀၀ အထက် သွေးလှူရှင်ကြီးများလည်း တက်ရောက်ကြရာ မင်္ဂလာဒုံမြို့နယ်မှ အသက် ၆၉ နှစ်အရွယ်ရှိ ဦးအောင်မင်းက "ကျွန်တော့်အနေနဲ့ သွေးကင်ဆာဖြစ်ပွားနေသူ လူနာတစ်ဦးကို သွေးလှူဒါန်းရာမှ တစ်လတစ်ကြိမ် ဆက်တိုက်လှူဒါန်းခဲ့ပါတယ်။ အခုအခါမှတော့ (၁၄၅)ကြိမ်မြောက်အထိ လှူဒါန်းပြီးဖြစ်ပါတယ်။ အကြိမ် ၁၅၀ အထိ လှူဒါန်းသွားမယ်လို့ စိတ်ကူးထားပါတယ်။ သွေးလှူဒါန်းခြင်းဟာ အများကို ကယ်တင်ရာရောက်သလို မိမိသွေးကိုလည်း သန့်စင်စေတဲ့အတွက် လူငယ်လူရွယ်တွေ သွေးလှူဒါန်းကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ် သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ထွက်ပေါ်လာချိန်မှစပြီး သွေးလှူဘဏ်လုပ်ငန်းများကို စုစည်းဆောင်ရွက်နိုင်ရန် အမျိုးသားသွေးဌာနဟု ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်ရှိသော သွေးသွင်းကုသမှုများကို ဆေးရုံများရှိ ရောဂါရှာဖွေရေးဌာနများနှင့် တွဲဖက်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် သွေးလုပ်ငန်းများလုပ်ဆောင်ရန် သီးသန့်ဌာနအဖြစ် ကုသရေးဦးစီးဌာနအောက်တွင် ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**(၁၄၅)ကြိမ်မြောက် သွေးလှူရှင် ဦးအောင်မင်း**

## မြေသားရေလှောင်ကန် တူးဖော်မှုပြီးစီး

**မိုးမောက် ဇွန် ၁၄**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့ ခေါက်ဆင့်ကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မြေသားရေလှောင်ကန် ပေ (၁၀၀×၁၀၀×၆) တူးဖော်ခြင်းလုပ်ငန်းများ ဇွန် ၁၄ ရက်က ပြီးစီးသွားပြီဖြစ်သောကြောင့် မိုးရာသီအကျော်ကာလအထိ မိုးရေသိုလှောင်ထားနိုင်ပြီ ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ ရေရှားပါးမှုမှ အထိုက်အလျောက် လျော့နည်းသက်သာလာတော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီးသက်တမ်းအလိုက် ရေကူးပြိုင်ပွဲကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကိုရီးယားဒီမိုကရက်တစ် သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**

## တူရကီ နိုင်ငံခြားရေးဝန်ကြီး သရက်မြို့ရှိ တူရကီစစ်သင်္ချိုင်း၌ လွမ်းသူ့ပန်းခွေချ

**သရက် ဇွန် ၁၄**

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူးနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် သရက်မြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ တူရကီစစ်သင်္ချိုင်းသို့ ရောက်ရှိကြသည်။ **(ယာပုံ)**



တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် စစ်သင်္ချိုင်း၌ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ်ရာမှတ်ခြင်း၊ တူရကီနိုင်ငံ အလံလွှင့်တင်ခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းနှင့် ဆုတောင်းခြင်းများ ပြုလုပ်သည်။

သရက်မြို့ တူရကီစစ်သင်္ချိုင်းသည် ပထမကမ္ဘာစစ်အတွင်း အီရတ်၊ ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အာရေဗျစစ်မြေပြင်များတွင် အော်တိုမင်တပ်နှင့် ဗြိတိသျှတပ်တို့၏ တိုက်ပွဲများဖြစ်ပွားစဉ် ဗြိတိသျှတပ်မှ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရပြီး မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သောစစ်သည်များနှင့် အစိုးရအမှုထမ်းများအတွက် အထိမ်းအမှတ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တူရကီစစ်သင်္ချိုင်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဝန်ဆောင်မှုစာချုပ်ကို မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးနှင့် TITAN ကုမ္ပဏီတို့ ၂၀၁၆ ခုနှစ် မတ်လ ၂၉ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့မှတစ်ဆင့် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် သရက်မြို့ မြဲခဲတောင်တောရကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသအား သွားရောက်တွေ့ဆုံပြီး သဟာယလမ်းရှိ သဟာယစာကြည့်တိုက်အား ကြည့်ရှုလေ့လာခဲ့သည်။

**ပေါက်ကလေး (သရက်)**

✻ *ကျောဖုံးမှ*

ရောင်းဝယ်ရေးတိုးတက်ပြီး သွားလာရေး အဆင်ပြေမယ်။ ဘာကြောင့်လဲဆိုတော့ ကျောက်ဆည်နဲ့ ပြင်ဦးလွင်သွားရင် ဒီတံတားကြောင့် မိုင် ၄၀ လောက်ခရီးတိုသွားမယ်” ဟုတံတားအထူးအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ယင်းတံတားအနီးရှိ ရွှေစာရံရွာမှ ဒေသခံဖြစ်သူ ဦးရဲဆင့်ကလည်း “အရင်ကဆိုရင် ဒုဋ္ဌဝတီမြစ်ဖြတ်တဲ့ တံတားမရှိတော့ ညပိုင်းမှာ စက်လှေမရှိလို့ ဟိုဘက်ကမ်းကို ပြန်ဖို့အခက်အခဲဖြစ်တယ်။ ညဆိုရင် စက်လှေကိုဖုန်းဆက်ခေါ်တာတောင် မရဘူး။ တံတားပြီးသွားရင် နေ့ညအချိန်မရွေးသွားလို့ရသွားပြီ” ဟု ဆိုသည်။

အဆိုပါတံတားသည် အာစီကွန်ကရစ်အမျိုးအစားဖြစ်၍ အခန်း ခြောက်ခန်းနှင့် အရှည်ပေ ၆၆၀၊ ရေလယ်တိုင် ငါးတိုင်၊ ချဉ်းကပ်တိုင် နှစ်တိုင်ရှိ၍ ကားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ပေစီပါဝင်ကာ စုစုပေါင်းပေ ၃၀ ကျယ်ပြီး ၂၀၁၇ မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

◆ *ကျောဖုံးမှ*

ပျံသန်းစဉ် ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရဟတ်ယာဉ်သည် မိတ္ထီလာမြို့ လေတပ်စခန်းဌာနချုပ်၌ အကြီးစားပြင်ဆင်မှုပြုလုပ်ခဲ့ပြီး မြိတ်မြို့ရှိ လေတပ်စခန်းဌာနချုပ်သို့ ပို့ဆောင်ရန် ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းနှင့် ရဟတ်ယာဉ်ပေါ်ပါ ရဟတ်ယာဉ်မှူး ဗိုလ်မှူးတစ်ဦး၊ တွဲဖက် ရဟတ်ယာဉ်မှူး ဗိုလ်ကြီးတစ်ဦး၊ ရဟတ်ယာဉ်အဖွဲ့သားတပ်ကြပ်ကြီးတစ်ဦး စုစုပေါင်း သုံးဦးသည် ရဟတ်ယာဉ်ပျက်ကျသည့်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျရာနေရာသို့ တပ်မတော်မှတာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ကြပြီး ရဟတ်ယာဉ်ပျက်ကျမှုအခြေအနေအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကြံခင်းမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သည့် အိမ်ထောင်စုများအား ဆန်များထောက်ပံ့

**ကြံခင်း ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဇွန် ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေများလျှံတက်၍ နေအိမ်အချို့ ရေကြီးနစ်မြုပ်ခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းခဲ့ရသည့် ရေဘေးသင့်ပြည်သူများအား ဇွန် ၁၂ ရက် ညနေက ဘက်ရဲမြို့ လည်ပိုင်းကျောင်းတိုက်၌ ဆန်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းစိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးက ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ၏ အခက်အခဲများကို ရင်းရင်းနှီးနှီးတွေ့ဆုံ မေးမြန်းခဲ့ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တိုင်းဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေကြီးနစ်မြုပ်၍ ယာယီရေဘေးကယ်ဆယ်ရေး စခန်းသို့ ပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုများအတွက် တစ်ဦးလျှင် တစ်ရက်ဆန်နို့ဆီဘူး နှစ်ဘူး သုံးရက်စာကို အိမ်ထောင်စု ၇၄ စုမှ လူဦးရေ ၂၉၂ ဦးအတွက် ထောက်ပံ့ပေးခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများသို့ လိုက်လံကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ ဘက်ရဲမြို့က အရင်မာလာမုန်တိုင်းတုန်းကတစ်ကြိမ် ဆိုးဆိုးရွားရွားခံစားခဲ့ရဖူးပါတယ်၊ အခုလည်း မထင်မှတ်ဘဲမိုးများပြီး ရေကြီးခဲ့တာမို့ အခက်အခဲများစွာခံစားခဲ့ရပါတယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ တာဝန်ရှိသူတွေ လာရောက်ထောက်ပံ့ပေးပြီး ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးတဲ့အတွက် ကျေးဇူးတင် ဝမ်းသာမိပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ဖရဲ၊ သခွား ကားတွေကို အခွန် ၂ ရာခိုင်နှုန်းကောက်ခံမှု ပြန်သုံးသပ်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးထံတောင်းဆို

**ကေဇူး(AMIA)**

ပြည်ပသို့ သီးနှံများတင်ပို့ရာတွင် တောင်သူများ ထမ်းဆောင်ရသော ဝင်ငွေခွန် ၂ ရာခိုင်နှုန်းပေးဆောင်ရမှုအပေါ် ပြန်သုံးသပ်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်းထံ သစ်သီးဝလံပန်းမန်အသင်းက တောင်းဆိုလိုက်သည်။

ဇွန် ၁၃ ရက်က ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ပြုလုပ်သော တွေ့ဆုံပွဲတွင် တောင်းဆိုလိုက်ခြင်းဖြစ်သည်။

“ဝင်ငွေခွန်ဆောင်တဲ့နေရာမှာ နာမည်ပေါက်ပြီးသားနယ်စပ်က ကုမ္ပဏီတွေက အမည်ခံပေးတယ်။ ငွေကိုတော့ တောင်သူတွေကပေးရတယ်၊ တန် ၇၀ ဆံ့တဲ့ ဆယ်ဘီးကားတွေနဲ့ တင်လာတဲ့အတွက် ၇၀ ဆိုပြီး တွက်လိုက်ပေမယ့် တကယ်က ငါးဆယ်ပါချင်လည်းပါတယ်။ ဒါကြောင့် ဒီလိုပြဿနာတွေအတွက် အခွန် နှစ်ရာခိုင်နှုန်းကို ပြန်သုံးသပ်ဖို့တင်ပြတာပါ”ဟု သစ်သီးဝလံပန်းမန်အသင်း အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

သစ်သီး ဝလံ၊ ပန်းမန်များကို အခွန်ကင်းလွတ်ခွင့် ပေးထားသည်။ သို့သော်လည်း နယ်စပ်တွင် သီးနှံရောင်းချမှုဝင်ငွေကို နိုင်ငံသားတစ်ဦးချင်းစီအလိုက် တစ်လလျှင် ငွေကျပ် လေးသိန်းနှင့်အထက် ရရှိသူများ ဆောင်ရမည့် ဝင်ငွေခွန်ဥပဒေနှင့် ဆောင်ရခြင်းဖြစ်သည်။

“တောင်သူတွေက ငွေပေးရပေမယ့် ပွဲရုံတွေက အမည်ခံပြီး ဆောင်ပေးတဲ့အခါကျတော့ စာရင်းဝင်တာ ပွဲရုံနာမည်နဲ့ဝင်တယ်၊ တစ်နှစ်တစ်နှစ်ကို သိန်းပေါင်းသောင်းနဲ့ချီပြီး ပွဲရုံတွေက ငွေဖြူဖြစ်သွားတယ်၊ တောင်သူမှာတော့ ဘာအထောက်အထားမှ မကျန်ဘူး၊ တချို့ဆို ဖရဲကလည်း ဈေးကောင်းမရ၊ အခွန်ခကလည်းရှိ၊ ကားခကလည်း ငှားလာရတော့ နစ်နာတာတွေများတယ်”ဟု ဦးကျော်သူက ဆက်ပြောသည်။

ဖရဲ၊ သခွား စိုက်ပျိုးရောင်းချသူများအနေဖြင့် မူဆယ်ကုန်စည်ဒိုင်မှတစ်ဆင့် တင်ပို့ရာတွင် အကောက်ခွန်ဌာနကို ဆောင်ရခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက မီဒီယာများကို ဖြေကြားရာတွင် “အခွန်ကိစ္စက ပြန်သုံးသပ်လို့ရတာလည်းရှိတယ်၊ မရတာလည်းရှိတယ်”ဟု ဖြေကြားခဲ့သည်။

မူဆယ်ကုန်စည်ဒိုင်မှတစ်ဆင့် ဖရဲ၊ သခွား၊ သရက် စသောသီးနှံများကို တရုတ်နိုင်ငံသို့ တင်ပို့နေပြီး ယခုနှစ်အတွင်း ဖရဲ၊ သခွားတန်ချိန် ခြောက်သိန်းနှင့် သရက်သီးတန်ချိန် လေးသောင်းခန့် တင်ပို့ထားကြောင်း သိရသည်။

# စီးပွားကဏ္ဍများနှင့် အလုပ်အကိုင်များပေါ်ပေါက်ရေး

**ဒေါက်တာကျော်လတ်**

**မြို့ပြများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရန် စက်ရုံအလုပ်ရုံများ ဖြစ်ထွန်းရန် ကြိုးစားရပေမည်။ ထိုသို့ စက်ရုံအလုပ်ရုံများ ပေါ်ပေါက်ရေးတွင်လည်း ရန်ကုန်၊ မန္တလေး ကဲ့သို့သော လူဦးရေသန်းပေါင်းများစွာ နေထိုင်လျက်ရှိသော မြို့ကြီးများအပြင် အလယ်အလတ်အဆင့်ရှိသော လူဦးရေ (၁)သိန်းအထက်ရှိသော မြို့များတွင်လည်း စက်ရုံအလုပ်ရုံများဖြစ်ထွန်းရန် ကြိုးစားသင့်**

**အရေးကြီးသောအချက်မှာ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေး" ပင် ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရှုထောင့်မှသော် မိမိတို့တိုင်းပြည် ညီမျှစွာ ဖွံ့ဖြိုးတိုးတက်နေလျှင် အကောင်းဆုံးဖြစ်ပေမည်**

တိုင်းပြည်တို့၏ စီးပွားရေးတွင် ကဏ္ဍများ ခွဲခြားကြပါသည်။ (၁) Primary sector - မူလပထမကဏ္ဍ၊ (စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် သယံဇာတပစ္စည်းများ စသည်တို့နှင့် ပတ်သက်သော လုပ်ငန်းရပ်များ)၊ (၂) Secondary sector - ဒုတိယကဏ္ဍ၊ (ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်သောစက်မှု၊ ဆောက်လုပ်ရေး စသည်တို့နှင့် ပတ်သက်သောလုပ်ငန်းရပ်များ)၊ (၃) Tertiary sector - တတိယကဏ္ဍ(ပံ့ပိုးမှုလုပ်ငန်းများ၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးစသည့် လုပ်ငန်းရပ်များ) ဟူ၍ခွဲခြားကြသည်။ မိမိတို့ မြန်မာပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် လုပ်သားအင်အား ဖြန့်ဖြူးခြင်းနှင့် ပတ်သက်၍ Primary sector - မူလပထမကဏ္ဍတွင် လုပ်ကိုင်သူများမှာ (၅၀ မှ ၇၀%) ခန့်၊ Secondary sector - ဒုတိယကဏ္ဍတွင် (၁၀ မှ ၂၀%)ခန့်နှင့် Tertiary sector - တတိယကဏ္ဍတွင် (၃၀ မှ ၄၀%) ခန့်ရှိကြသည်။ (၁၉၅၀-၆၀) ခုနှစ်များတွင် ထိုခေတ်အချိန်က Developed countries ခေါ် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မူ Primary sector - မူလပထမကဏ္ဍတွင် လုပ်ကိုင်သူများမှာ (၁၀ မှ ၁၅%) ခန့်၊ Secondary sector - ဒုတိယကဏ္ဍတွင် (၅၀ မှ ၇၀%) ခန့်နှင့် Tertiary sector - တတိယကဏ္ဍတွင် (၂၀ မှ ၃၀%)ခန့်ရှိခဲ့ကြသည်။ ထိုအခြေအနေမှ ယခုနှစ်ပေါင်း (၄၀ - ၅၀) ကြာသည့်အခါတွင် Developed countries ခေါ် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် နည်းပညာများ များစွာမြင့်မားပြောင်းလဲလာခဲ့ပြီး အထက်တွင် တင်ပြခဲ့သော လုပ်သားအင်အားပါဝင်မှုပုံစံမှာလည်း လိုက်လျောညီထွေစွာ များစွာပြောင်းလဲခဲ့သည်။ အထက်ပါဖွံ့ဖြိုးပြီးနိုင်ငံများအတွင်း ထုတ်လုပ်မှုလုပ်ငန်းများတွင် Automation အဆင့်၊ ထို့နောက် Computerization ယခုအခါ Robot ခေါ် စက်ရုပ်များကိုအသုံးပြုခြင်း စသည်ဖြင့် ပြောင်းလဲခဲ့ကြသည်။ ထို့ကြောင့် ယင်းတိုင်းပြည်တို့၏ Secondary sector - ဒုတိယကဏ္ဍတွင် လုပ်သားအင်အားများစွာ လိုအပ်ချက်မရှိတော့ဘဲ ထိုကဏ္ဍတွင် လုပ်ကိုင်သူဦးရေမှာ များစွာလျော့နည်းသွားတော့သည်။ အမှန်စင်စစ် ထိုတိုင်းပြည်များတွင် အလွန်အဆင့်မြင့်သော နည်းပညာများလိုအပ်သော ထုတ်လုပ်မှုများသာ ပြုလုပ်ကြပြီး ပုံမှန်လူအင်အားနှင့် ထုတ်လုပ်ရသော စက်ရုံများကို မိမိတို့မြန်မာပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ရွှေ့ပြောင်းကြသည်။ ထိုသည်နှင့်တွဲဖက်၍ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် Tertiary sector - တတိယကဏ္ဍမှာ လွန်စွာကြီးထွားလာပြီး ထိုတတိယကဏ္ဍမှ Quaternary sector - စတုတ္ထကဏ္ဍဟု ကွဲပြားပေါက်ပွားလာတော့သည်။ စတုတ္ထကဏ္ဍဆိုသည်မှာ Knowledge based industry ပညာအဆင့်မြင့်သူများ၊ Research and development ခေါ် သုတေသနနှင့် တီထွင်မှုပြုလုပ်နေသူများဟု သတ်မှတ်ကြသည်။

ထို့ကြောင့် ယခုအခြေအနေတွင် ဖြိုးဖွံ့ပြီးနိုင်ငံများ၏ လုပ်သားအင်အားဖြန့်ဖြူးမှုမှာ Secondary sector - ဒုတိယကဏ္ဍတွင် (၂၀% မှ ၄၀%) ခန့်၊ Tertiary sector - တတိယကဏ္ဍတွင် (၃၀% မှ ၄၀%) ခန့်နှင့် Quaternary sector - စတုတ္ထကဏ္ဍတွင် လုပ်ကိုင်ကြသူများမှာ (၂၀% မှ ၄၀%) ခန့်အထိ မြင့်မားတိုးပွားလာပြီး လယ်ယာနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် လုပ်ကိုင်သူများမှာ လွန်စွာနည်းပါးလျက် Primary sector - မူလပထမကဏ္ဍ လုပ်သားအင်အားမှာ (၁% မှ ၅%) ခန့်အထိ လျော့နည်းကျဆင်းသွားတော့သည်။


ထိုကမ္ဘာ့အခြေအနေတွင် လိမ္မာပါးနပ်သော ဖွံ့ဖြိုးဆဲနိုင်ငံတို့သည် (၁၉၈၀) ပတ်ဝန်းကျင်ခန့်မှစ၍ လူအင်အားများစွာ လိုအပ်သော ဖွံ့ဖြိုးပြီးနိုင်ငံများမှ စက်ရုံအလုပ်ရုံများကို မိမိတို့နိုင်ငံများတွင် လာရောက်ဖွင့်လှစ်လုပ်ကိုင်ကြရန် ဆွဲဆောင်သောအစီစဉ်များ ဖန်တီးကြတော့သည်။ ဤသို့ ဖွံ့ဖြိုးပြီးနိုင်ငံများမှ စက်ရုံအလုပ်ရုံများ လာရောက်ဖွင့်လှစ်ကြခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဝင်ရောက်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အကျိုးအမြတ်ရှိကြသည်။ ပထမအဓိကအကျိုးအမြတ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် များစွာလိုအပ်လျက်ရှိသော အလုပ်အကိုင်များ ပေါ်ပေါက်ခြင်းပင်ဖြစ်ပေသည်။

ထိုသည်တို့ကိုအခြေခံ၍ မိမိတို့ မြန်မာပြည်အခြေအနေနှင့် ပတ်သက်၍ တင်ပြလိုပါသည်။ (၁၉၆၃) ခုနှစ်တွင် မြန်မာပြည် ကျေးလက်ဒေသနေလူဦးရေမှာ (၁၈.၃) သန်းရှိ၍ စုစုပေါင်းစိုက်ပျိုးမြေမှာ ဧကသန်းပေါင်း (၂၃.၉၁) ရှိပါ၍ ထိုစဉ်က ပျမ်းမျှ ကျေးလက်ဒေသနေ လူတစ်ဦးလျှင်(၁ . ၃၅) ဧက အချိုးရှိပါသည်။ ယခု(၂၀၁၄)ခုနှစ်တွင် မြန်မာပြည် ကျေးလက်ဒေသနေလူဦးရေမှာ(၃၅ . ၄)သန်းရှိ၍ စုစုပေါင်းစိုက်ပျိုးမြေမှာ ဧက သန်းပေါင်း(၃၂ .၂၃)ရှိပါ၍ ပျမ်းမျှ ကျေးလက်ဒေသနေ လူတစ်ဦးလျှင် (၀ . ၉) ဧက အချိုးသို့ လျော့နည်းကျဆင်းသွားပါသည်။

**(Based on Agricultural Statistics (1997-98), Ministry of Agriculture and Irrigation, Statistical Yearbook CSO, 2010 and population figures are from 2014 census)**

ထိုသည်ကို အခြေခံ၍ ယခုအခါ မိမိတို့ မြန်မာပြည်တွင် ယခင်က လွန်စွာအဆင်ပြေခဲ့ကြသော မြန်မာပြည်အောက်ပိုင်း ကျေးရွာများတွင်ပင် လယ်ပိုင်သောသူတို့၏ရာခိုင်နှုန်းမှာ (၃၀-၄၀%)ခန့်သာရှိကြ၍ အများစုဖြစ်သော (၆၀% ၇၀%)ခန့်သော ကျေးလက်ဒေသနေသူတို့မှာ အလုပ်အကိုင်ရှားပါးလာကြသည်။ ထိုအများစုတို့မှာ အလုပ်အကိုင်မရှိခြင်း၊ Under employment ခေါ် ရံဖန်ရံခါသာအလုပ်ရှိခြင်း စသောဆင်းရဲမှုတို့နှင့် ကြုံနေရသည်။ ထိုသည်တို့ကို အခြေခံ၍ မိမိတို့တိုင်းပြည်တွင် Percentage of people living below poverty line ခေါ် ဆင်းရဲသောအခြေအနေထက် နိမ့်ကျစွာနေထိုင်ကြရသူများ ရာခိုင်နှုန်းသည် (၃၂%)နှင့် ကမ္ဘာပေါ်တွင် ဆင်းရဲမှု အမြင့်မားဆုံးသော တိုင်းပြည်များတွင် ပါဝင်လျက်ရှိသည်။ ထိုပြဿနာကို ရင်ဆိုင်ရန် လူပေါင်းများစွာအတွက် အလုပ်အကိုင်များ ပေါ်ပေါက်ရန် ကြိုးစားကြရပေမည်။

ကိန်းဂဏန်းများနှင့် ဖော်ပြရသော်(၂၀၁၄)သန်းခေါင်စာရင်းအရ မိမိတို့တိုင်းပြည်တွင် အလုပ်လုပ်နိုင်သည်ဟု သတ်မှတ်သော အသက် (၁၆)နှစ်မှ(၆၄)နှစ်အရွယ် လူဦးရေ (၃၂ . ၉၈၂) သန်းရှိသည်။ သန်းခေါင်စာရင်းတွင်ပင် ထိုအရွယ်အုပ်စုမှ Labour force rate ခေါ် လုပ်သားအင်အားမှာ (၆၇%)ရှိသည်ဟုဆိုပါသည်။ (Census Report Volume 2 (Union),Table 7: and Population of Selected Age-Groups, Dependency Ratios,Page 21-29) ထို့ကြောင့် မိမိတို့၏ လုပ်သားအင်အားမှာ (၂၂ . ၀၉၉)သန်း ဖြစ်ပေမည်။ ထိုလုပ်သားအင်အားမှာ အနည်းဆုံး လူဦးရေ တိုးနှုန်းနှင့် တူညီစွာ(၁ . ၁၂%)ခန့်၊ လူပေါင်း သန်း(၂ . ၅)သိန်း ခန့်ဖြင့် တိုးပွားလျက်ရှိပါမည်။ ထို တိုးပွားလျက်ရှိသော လုပ်သားအင်အားဆိုရာတွင် လက်ရှိအခြေအနေအရ အလုပ်လက်မဲ့များ၊ အလုပ်ရှာလျက်ရှိသူများ၊ အထက်တွင် တင်ပြခဲ့သည့် မိမိတို့ အခြေအနေအရ Under employment ခေါ် ရံဖန်ရံခါသာ အလုပ်အကိုင်ရှိ၊ အချိန်ပြည့်အလုပ်မရှိသူများ အတွက်ပါ ထည့်သွင်းတွက်ချက်ကြပါလျှင် မိမိတို့တိုင်းပြည်တွင် နှစ်စဉ်




ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်အပြင် (၂၀၁၄)ခုနှစ်တွင် လူဦးရေ (၁)သိန်းအထက်ရှိ မြို့ကြီးများနှင့် တိုင်းနှင့် ပြည်နယ်မြို့တော်များဖြစ်သော်လည်း (၂၀၁၄) ခုနှစ်တွင် လူဦးရေ (၁)သိန်းအောက်ရှိ မြို့ကြီးများ (Census Report Volume 2 (Union, မှ အခြေခံပါသည်။)

တိုးပွား လိုအပ်သော အလုပ်အကိုင်ပေါင်းမှာ (၃)သိန်းခန့်ပင် ဖြစ်ပေမည်။ နှစ်စဉ်လုပ်သားအင်အား (၃)သိန်းကို နေရာချထားရန်ဆိုသည်မှာ အကြမ်းအားဖြင့် မိမိတို့ တိုင်းပြည်တွင် စက်ရုံကြီးပေါင်း (၃၀၀)ခန့် နှစ်စဉ်တည်ဆောက်ကြရမည် ဖြစ်သည်။

တစ်ဖန် ထိုလိုအပ်သော အလုပ်အကိုင်ပေါင်း (၃)သိန်းမှ အထက်တွင် တင်ပြခဲ့သည့် Sectors ခေါ် ကဏ္ဍများမှ မည်သို့ နေရာချထားကြမည်ကို သုံးသပ်ကြရပေမည်။ မိမိတို့ တိုင်းပြည်၏ လုပ်သားအင်အားအချိုး ပါဝင်မှုများမှာ - CIA Factbook အရ Primary sector - မူလပထမကဏ္ဍတွင် (၇၀%)- Secondary sector - ဒုတိယကဏ္ဍတွင်(၇%)နှင့် Tertiary sector - တတိယကဏ္ဍတွင်(၂၃%)အသီးသီး ဖြစ်ကြသည်။ မိမိတို့ တိုင်းပြည်မှ ထုတ်သော Statistical Yearbook မှ ထုတ်နုတ်တွက်ချက်ပါလျှင် ထိုရာခိုင်နှုန်းများမှာ (၆၀%)၊ (၁၅%) နှင့်(၂၅%)တို့ ဖြစ်ကြသည်။ နှစ်စဉ်တိုးပွားလျက်ရှိသော လုပ်သားအင်အား (၃)သိန်းအတွက် Primary sector မှ လက်ခံနိုင်မှုမှာ များစွာဝေးပေမည်။ မိမိတို့၏ ပြဿနာဇာစ်မြစ်မှာ Land man ratio ကျဆင်းခြင်းကြောင့်ဖြစ်သည့်အပြင် မိမိတို့တိုင်းပြည်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် Mechanization ခေါ် စက်ကိရိယာများ သုံးစွဲလာကြသဖြင့် ထိုကဏ္ဍက တိုးပွားလျက်ရှိသော လုပ်သားအင်အားများစွာ စုပ်ယူရန် မျှော်မှန်းနိုင်မည်မဟုတ်ပေ။ တစ်ဖန် Tertiary sector - တတိယကဏ္ဍအခြေအနေကို လေ့လာပါလျှင် မိမိတို့၏ လက်ရှိပြဿနာများဖြစ်သော ပံ့ပိုးမှုလုပ်ငန်းများတွင် လုပ်အားပိုလျက်ရှိခြင်းမှာ ထင်ရှားပေသည်။ လမ်းဘေးဈေးသည်များ စသည်တို့တွင် စိန်ခေါ်မှုများ ကြုံတွေ့နေကြရသဖြင့် ထိုကဏ္ဍမှလည်း လုပ်သားအင်အားများစွာ လက်ခံနိုင်မည်မဟုတ်ပေ။

ဤပြဿနာကို National Planning ခေါ် အမျိုးသား စီမံကိန်းနှင့်သာ ကြိုးစားဖြေရှင်းကြရပါမည်။ အတိုချုံး တင်ပြရသော် မြို့ပြများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရန် စက်ရုံအလုပ်ရုံများ ဖြစ်ထွန်းရန် ကြိုးစားရပေမည်။ ထိုသို့ စက်ရုံအလုပ်ရုံများ ပေါ်ပေါက်ရေးတွင်လည်း ရန်ကုန်၊ မန္တလေး ကဲ့သို့သော လူဦးရေသန်းပေါင်းများစွာ နေထိုင်လျက်ရှိသော မြို့ကြီးများအပြင် အလယ်အလတ်အဆင့်ရှိသော လူဦးရေ (၁)သိန်းအထက်ရှိသော မြို့များတွင်လည်း စက်ရုံအလုပ်ရုံများ ဖြစ်ထွန်းရန် ကြိုးစားသင့်သည်။ ရန်ကုန်၊ မန္တလေးကဲ့သို့ လူဦးရေ သန်းပေါင်းများစွာနေထိုင်လျက်ရှိသော မြို့တို့တွင် မြေဈေး အိမ်ဈေးကြီးခြင်း၊ သွားလာရေးတွင် ကုန်ကျစရိတ်ကြီးခြင်း စသော အခက်အခဲများရှိကြသည်။ ထို့ထက်ပို၍ အရေးကြီးသော အချက်မှာ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေး"ပင် ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရှုထောင့်မှသော် မိမိတို့ တိုင်းပြည် ညီမျှစွာဖွံ့ဖြိုးတိုးတက်နေလျှင် အကောင်းဆုံးဖြစ်ပေမည်။ မြန်မာပြည်တွင် ထိုကဲ့သို့ လူဦးရေ (၁)သိန်းအထက်ရှိသော မြို့များမှာ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပြင် (၁၅) မြို့ရှိပြီး တိုင်းနှင့်ပြည်နယ်မြို့တော်များဖြစ်သော်လည်း(၂၀၁၄) ခုနှစ်တွင် လူဦးရေ (၁)သိန်းအောက်ရှိသော ဘားအံ၊ ဟားခါး၊ လွိုင်ကော်၊ မကွေး၊ ထားဝယ်နှင့် စစ်ကိုင်းတို့ပါ ထည့်သွင်းလျှင် မြို့ကြီးပေါင်း (၂၁) မြို့ရှိသည်။ ထိုမြို့များ ပတ်ဝန်းကျင်ကို Development regions ဟု သတ်မှတ်၍ ဖွံ့ဖြိုးရန် ကြိုးစားသင့်ပေသည်။

စက်ရုံအလုပ်ရုံများဖြစ်ထွန်းရန် ကြိုးစားခြင်းတွင် အောက်ပါတို့ လိုအပ်ပါမည် -

(၁) စွမ်းအင်လုံလောက်စွာဖြန့်ဖြူးနိုင်ရေး၊ ပုံမှန်ဈေးနှုန်းများဖြင့်သာ ရောင်းချရေး (စွမ်းအင်မှာ မိမိတို့တိုင်းပြည်မှ နိုင်ငံခြားသို့ ရောင်းချနေသော်လည်း ASEAN နိုင်ငံများတွင် မိမိတို့တိုင်းပြည်သည် လူတစ်ဦးချင်းသုံးစွဲမှု အနည်းဆုံးဖြစ်သည်)

(၂) စက်မှုမြေကွက်များ ဖော်ထုတ်၍ လျှော့ပေါ့သော ဈေးနှုန်းများဖြင့် ငှားရမ်းရောင်းချခြင်း

(၃) လုပ်သားများကို လက်တွေ့ကျွမ်းကျင်မှုများကို သင်ကြားပို့ချသော အစီအစဉ်များ

(၄) လူမှုရေးအခြေခံ အဆောက်အအုံများဖြစ်သော ကျန်းမာရေးအဆောက်အအုံများ၊ ပညာရေးအဆောက်အအုံများနှင့် ရေပေးဝေရေး၊ လျှပ်စစ်ပေးဝေရေး စသော အင်ဂျင်နီယာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတို့ ဖွံ့ဖြိုးစေရေး

(၅) အလုပ်အကိုင်ရရှိသူများ နေထိုင်ရေးအတွက် အလုပ်နှင့် တွဲဖက်သော အလုပ်သမား အိမ်ရာများ ပေါ်ပေါက်ရေး

(၆) Development regions ခေါ် ဖွံ့ဖြိုးမှု ဦးစားပေးနယ်များအချင်းချင်း ဆက်သွယ်မှုလမ်းကြောင်းများ အဆင့်မြင့်စွာ ပေါ်ပေါက်ရေး

အထက်ပါအကြောင်းတို့ကို အခြေခံ၍ အထက်ပါအစီအစဉ်အတိုင်း ဝိုင်းဝန်းကြိုးစားကြမှသာ မိမိတို့ တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ပေမည်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အမုန်းစကားနှင့် ဥပဒေ

**ဥပဒေသုတေသီတစ်ဦး**

ယနေ့မြန်မာနိုင်ငံ လူမှုကွန်ရက်မီဒီယာများအတွင်း အမုန်းစကားများ နေ့စဉ်ဆိုသလို ပြန့်ပွားလျက်ရှိသည်ကို မြင်တွေ့နေရပေသည်။ ထိုအမုန်းစကားများအနက် နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးတို့နှင့်စပ်လျဉ်း၍ ပြောဆိုရေးသားသော အမုန်းစကားများမှာ ပိုမိုပြန့်ပွားလျက်ရှိပါသည်။ ထိုအမုန်းစကားများသည် နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးခံယူမှု အစွန်းရောက်နေသူများ၊ ဘာသာရေး၊ လူမျိုးရေးများအပေါ်အခြေခံ၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ သဘောထားမပြည့်ဝသူများနှင့် မိမိလုပ်ဆောင်ပြောဆိုမှု၏ အတိမ်အနက် နားမလည်သူများကြောင့် ဖြစ်ပေါ်လာရသည်ဟု ယူဆရပါသည်။

အဆိုပါ အမုန်းစကားပြောဆို၊ ရေးသားမှုများသည် အမိုက်ကစ ပြာသာဒ်မီးလောင်ဆိုသကဲ့သို့ အမုန်းစကားမှစ၍ လူတို့၏လောဘ၊ ဒေါသ၊ မောဟတရားများလွှမ်းမိုးကာ နိုင်ငံရေး၊ ဘာသာရေးနှင့် လူမျိုးရေးပြဿနာများ ကြီးထွားလာနိုင်ပါသည်။ သို့ပါ၍ ယခုဖြစ်ပေါ်နေသော အမုန်းစကားများ လူမှုကွန်ရက်မီဒီယာများအတွင်း ပြန့်ပွားမှုမရှိစေရေး ဟန့်တားရန်လိုအပ်လာပြီဖြစ်ပါသည်။

မြန်မာတို့၏ ပင်ကိုစရိုက်သဘောသဘာဝဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် ဥပေက္ခာပြုခြင်းတို့ ပြုလုပ်၍ ကျော်လွှားသွားရန် အချိန်အခါ မဟုတ်တော့ပေ။ ကျူးလွန်သူတိုင်းကို ဥပဒေအရသာ ထိရောက်သော အပြစ်ပေး အရေးယူခြင်း ပြုလုပ်ရမည့်အချိန်အခါဖြစ်ပါသည်။ အရေးယူအပြစ်ပေးနေသော သာဓကအချို့ကိုလည်း တွေ့မြင်နေရပြီဖြစ်ပါ သည်။ ဥပမာ - တပ်မတော်အကြီးအကဲအား အသရေပျက် အောင် ပြုလုပ်သော ချစ်သမီးကိစ္စ အရေးယူအပြစ်ပေးခြင်း၊ ကဗျာဆရာမောင်ဆောင်းခ၊ ခွန်ဂျာလီနှင့် ဇော်မျိုးညွန့် တို့ကို အရေးယူအပြစ်ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ နေမျိုးဝေကိုလည်း အရေးယူဆောင်ရွက်ဆဲဖြစ်ပါသည်။ သို့သော် ပိုမိုထိရောက်စွာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည့်အချိန်အခါဟု ယူဆပါသည်။ ထိရောက်စွာ ဆောင်ရွက်အရေးယူအပြစ်ပေးရန်အတွက်လည်း မြန်မာနိုင်ငံတွင် ဥပဒေများ အသင့်ရှိပြီးဖြစ်ပါသည်။

ဥပဒေဟူသည် သက်ဆိုင်ရာ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူပြည်သား၊ နိုင်ငံသားအားလုံးဥပဒေနှင့်သက်ဆိုင်သူအားလုံးက လိုက်နာကြရမည်ဖြစ်သည်။ ဥပဒေအရ တာဝန်ရှိသကဲ့သို့ အခွင့်အရေးများလည်း ဒွန်တွဲပါရှိပါသည်။ လူတိုင်းသည် တခြားလူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့တစ်ရပ်ရပ်အား ထိခိုက်နစ်နာမှု မပြုလုပ်ရန် တာဝန်ရှိသကဲ့သို့ မိမိအားထိခိုက်နစ်နာမှုပြုခြင်းမခံရစေရန်ဟူသောအခွင့်အရေးရှိရာ၊ မိမိ၏လိုက်နာရမည့် တာဝန်ကို ချိုးဖောက်မလိုက်နာပါက ထိရောက်သောပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်သကဲ့သို့ မိမိရရှိခံစားရမည့် အခွင့်အရေးအပေါ် ထိခိုက်ကျူးလွန်ခြင်းခံရပါကလည်း ဥပဒေအရ ကုစားမှုရရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ်ရိုးရာဥပဒေစနစ် (English Common Law System) မှဆင်းသက်လာပြီး ယနေ့တိုင် ဆက်လက်တည်ရှိကျင့်သုံးဆဲဖြစ်သည့် တရားမနစ်နာမှုဥပဒေ (Law of Tort)တွင် အမုန်းစကားဟု သတ်မှတ်နိုင်သည့် သူတစ်ပါးအားမဟုတ်မမှန် ထိခိုက်နစ်နာ အသရေပျက်စေနိုင်သည့်အကြောင်းကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖော်ပြပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ အရေးယူအပြစ်ပေးနိုင်သည်ဟု အတိအလင်းဖော်ပြထားပြီးဖြစ်ပါသည်။

ပြဋ္ဌာန်းဥပဒေများဖြစ်သည့် ရာဇသတ်ကြီး၊ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေနှင့် သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်များဖြင့်လည်း အရေးယူနိုင်ပါသည်။

> **အမုန်းစကားဟု သတ်မှတ်နိုင်သည့် သူတစ်ပါးအားမဟုတ်မမှန် ထိခိုက်နစ်နာ အသရေပျက်စေနိုင်သည့်အကြောင်းကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖော်ပြပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရ ဖြစ်စေ အရေးယူအပြစ်ပေးနိုင်**

အသရေဖျက်မှုနှင့်စပ်လျဉ်း၍ ရာဇသတ်ကြီး ပုဒ်မ ၄၉၉ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ "**မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ ဖတ်ရှုစေရန် ကြံရွယ်သည့် စကားဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်၏အသရေကို နစ်နာစေရန်အကြံဖြင့်သော်လည်းကောင်း၊ အသရေကို နစ်နာစေမည်ဟု သိလျက်နှင့်သော်လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း၊ စွပ်စွဲချက်ကို ပြုလျှင်သို့တည်းမဟုတ် ကြေညာလျှင် ထိုသူသည် ထိုပုဒ်မပါကင်းလွတ်ချက် (၁၀) ချက်မှတစ်ပါး အဆိုပါလူ၏ အသရေကိုဖျက်သည်မည်၏**" ဟုဖြစ်ပေသည်။ ပြည်သူ့ဝန်ထမ်း၏ တာဝန်ဝတ္တရားဆိုင်ရာ အပြုအမူ၊ တရားရုံးများ၏ မှုခင်းဆောင်ရွက်ချက်များကို ကြေညာခြင်း၊ တစ်ဦးတစ်ယောက်သူအပေါ်၌ ဥပဒေနှင့်အညီ အခွင့်အာဏာရှိသူက သဘောရိုးဖြင့် အပြစ်ဆိုခြင်းစသည့် ကိစ္စများမှာ ကင်းလွတ်ချက်များတွင် အကျုံးဝင်ပြီး အသရေဖျက်မှုမမြောက်ပေ။

ပုဒ်မ ၄၉၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ပုဒ်မ ၅၀၀ အရ "**ထိုသူကိုနှစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် ဖြစ်ပါသည်။**" ထို့အတူ ရာဇသတ်ကြီးပုဒ်မ ၅၀၁ နှင့် ၅၀၂ တို့တွင်လည်း "**အသရေပျက်စေမည်ဟု သိသောအကြောင်း အရာကို ပုံနှိပ် ခြင်း၊ ထုထွင်းခြင်းနှင့် ပုံနှိပ်ထားသော၊ ထုထွင်းထားသော အရာကို ရောင်းချပါက နှစ်နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်**" ဟု ပြဋ္ဌာန်းပါရှိပါသည်။ သို့ပါ၍ နစ်နာသူအနေဖြင့် ရာဇသတ်ကြီးအရ အရေးယူလိုပါက ရဲအရေးယူမပိုင်သည့် ပြစ်မှုဖြစ်၍ သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ထားတရားစွဲနိုင်ပါသည်။

ဆက်သွယ်ရေးနည်းစနစ်များ တိုးတက်ပြောင်းလဲလာသည်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဥပဒေအမှတ် ၅ / ၂၀၀၄ အဖြစ် အီလက်ထရွန်နစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဃ) တွင် "**အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန်ဖြစ်စေ၊ သတင်းအချက်အလက်ကို အီလက်ထရွန်နစ်နည်းပညာဖြင့်ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ထိုသို့ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ထားသည့် သတင်းအချက်အလက်ကို ဖြန့်ချိခြင်း**" ကို ပြုလုပ်ပါက ထိုသူအား ထောင်ဒဏ်ငါးနှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားခဲ့ပါသည်။

သို့သော် အဆိုပါ ပြစ်ဒဏ်အား ဥပဒေအမှတ် ၆ / ၂၀၁၄ "အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ "ငွေဒဏ်ကျပ်သိန်းငါးဆယ်မှ သိန်းတစ်ရာအထိချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိချမှတ်ရမည်ဟု ပြစ်ဒဏ်အစားထိုးပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေပုဒ်မ ၄၅ အရ နစ်နာသူက သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ တိုင်ကြားမှုပြုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကွန်ရက်များ တိုးတက်ခေတ်မီလာသည်နှင့်အညီ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၃၁ / ၂၀၁၃ အဖြစ် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) တွင် "**ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းတို့ပြုလုပ်ပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု**" ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြစ်မှုများသည် ရဲအရေးယူပိုင်ခွင့်ရှိသော အမှုဖြစ်၍ သက်ဆိုင်ရာရဲစခန်းသို့ တိုင်ကြားစွဲဆိုနိုင်ပါသည်။

၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်၏ လိုအပ်ချက်အရ ဥပဒေအမှတ် ၁၂/ ၂၀၁၄ ဖြင့် "သတင်းမီဒီယာ ဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပါသည်။ သတင်းမီဒီယာသမားများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ပုဒ်မ ၉ ၌ ပုဒ်မခွဲ (က) မှ (ဈ) အထိ ဖော်ပြထားရာ- ပုဒ်မခွဲ (ဃ)တွင် သတင်းဓာတ်ပုံနှင့် အရုပ်အသံများ ဖော်ပြရာတွင် နည်းပညာတစ်ရပ်ရပ် အသုံးပြု၍ မလျော်ကန်သော ပြုပြင်ပြောင်းလဲခြင်းမှ ရှောင်ကြဉ်ခြင်း။

ပုဒ်မခွဲ (ဆ)တွင် အများပြည်သူ၏ အကျိုးစီးပွားနှင့် စပ်ဆိုင်သည့် သတင်းရေးသားခြင်း မဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့် ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသောအရေးအသားမျိုး ဖော်ပြခြင်းမှရှောင်ကြဉ်ခြင်း။ ပုဒ်မခွဲ (ဇ)တွင် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်းတို့ ပါဝင်ပေသည်။

မည်သည့်သတင်းမီဒီယာသမားမဆို မိမိတို့၏ကျင့်ဝတ်နှင့်တာဝန်များ ဖောက်ဖျက်ကျူးလွန်ပါက ခံစားရမည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ ချမှတ်ထားပါသည်။ ပုဒ်မခွဲ (ဃ) နှင့် (ဆ) ပါပြစ်မှုကို ကျူးလွန်ဖောက်ဖျက်ခြင်းကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ်ဆယ်သိန်းအထိ ချမှတ်ရမည်။ ပုဒ်မခွဲ (ဇ) ပါတားမြစ်ချက်ကို ချိုးဖောက်ခဲ့လျှင် တည်ဆဲဥပဒေ တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်ဟု ပြဋ္ဌာန်းပါရှိပေသည်။ သတင်းမီဒီယာ ဥပဒေပုဒ်မ ၂၅ အရ နစ်နာသူက တရားစွဲ ဆိုလျှောက်ထားရန်ရှိပါက တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုနိုင်ပါသည်။

သို့ဖြစ်၍ အမုန်းစကားကို မဆင်မခြင်ပြောဆိုရေးသား လုပ်ဆောင်သူများအနေဖြင့် တစ်ဆက်တည်း ဥပဒေအရ ခံစားရမည့် ပြစ်ဒဏ်များ ရှိနေသည်ကို သတိတရားထား၍ ဆင်ခြင်သင့်ပေသည်။ ကျူးလွန်ခြင်းခံရ၍ နစ်နာသူများအနေဖြင့်လည်း နှောင့်နှေးမှုမရှိဘဲ ဖော်ပြပါဥပဒေများနှင့်အညီ ရဲအရေးပိုင်သောအမှု၌ သက်ဆိုင်ရာရဲစခန်းသို့ တိုင်ကြားခြင်းဖြင့်ဖြစ်စေ၊ ရဲအရေးမပိုင်သောအမှုတွင် တရားရုံးသို့ ဦးတိုက်လျှောက်ထားခြင်းဖြင့်ဖြစ်စေ အရေးယူမှုများပြုလုပ်ကြရန် လိုအပ်ပါသည်။ တိုင်ကြားခြင်းခံရသော သက်ဆိုင်ရာရဲစခန်း၊ တရားရုံးများကလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော် အရေးယူမှုပြုခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အမုန်းစကားဖြင့် ဥပဒေအရ အရေးယူခံရခြင်းကင်းဝေးကြပါစေ။

## အမှိုက်သိမ်းစနစ်သစ်ဆောင်ရွက်မှု ပြည်သူလူထုနှစ်ခြိုက်

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေထွက်ပေါက်များကိုပိတ်ဆို့နေသော အမှိုက်များ၊ နောက်ဖေးလမ်းကြား စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များ၊ အမှိုက်ပုံးများထားရှိသော်လည်း လွယ်လင့်တကူစွန့်ပစ်နေသော အမှိုက်များစွာတို့ကို အမှိုက်သိမ်းစနစ်သစ်တစ်ရပ် ဖော်ထုတ်ကာ အမှိုက်ကင်းစင်ရေးအတွက် ရက် ၁၀၀ စီမံချက်အတွင်း အရှိန်အဟုန်မြှင့်ပြီး သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အခြေပြုလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှိုက်သိမ်းစနစ်သစ်ကို ကနဦးရှေ့ပြေးအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၇)ပြည်ရိပ်မွန်အိမ်ရာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးတပ်ခွဲဝန်ထမ်းများသည် ရှေးဦးစွာ အမှတ်(၇)ပြည်ရိပ်မွန်အိမ်ရာနေ ပြည်သူလူထုများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပကာ အကြံဉာဏ်တောင်းယူခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး စည်ပင်သာယာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးတပ်ခွဲမှူး ဦးရဲမင်းထွန်းက "ပြည်ရိပ်မွန်အမှတ်(၇)အိမ်ရာမှာ နေထိုင်ကြတဲ့သူအများစုနဲ့ ညှိနှိုင်းချက်အရ ရပ်ကွက်လူထုနဲ့ ဝန်ထမ်းတွေ၊ အိမ်ရှင်မတွေဟာ ညနေ ၄-၅ နာရီ အိမ်ပြန်မရောက်နိုင်တဲ့အတွက် မိမိတို့က အမှတ်(၇)ပြည်ရိပ်မွန်အိမ်ရာအတွင်းမှာ ည ၇ နာရီတစ်ကြိမ်၊ နောက်နေ့ နံနက် ၉ နာရီတစ်ကြိမ် အမှိုက်သိမ်းလှည်းလေးစီးဟာ တိုက်အပေါ်တွေက စွန့်ပစ်အမှိုက်တွေကို လက်ခံသိမ်းဆည်းပြီး အိမ်ရာအဝင်ဝမှာ စောင့်နေတဲ့ အမှိုက်သိမ်းကားဆီကို ပို့ကြမှာဖြစ်တယ်။ အမှိုက်သိမ်းလှည်းလေးစီးက ပြည်ရိပ်မွန်အိမ်ရာအတက်-အဆင်း လှေကားပေါက် စုစုပေါင်း ၃၁ ပေါက်တို့မှာ စွန့်ပစ်အမှိုက်တွေကို ခေါင်းလောင်းတီးအသံပြုပြီး နေ့စဉ်ကုန်စင်အောင် သိမ်းပေးရမှာဖြစ်ပါတယ်။ အမှိုက်ပုံးဆီကို ကိုယ်တိုင်သွားစွန့်ပစ်စရာမလိုတဲ့အပြင် နောက်ဖေးလမ်းကြားကို အလွယ်တကူ အမှိုက်ထုပ်တွေပစ်ချ စွန့်ပစ်တာလည်း လျော့နည်းပပျောက်သွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်း ပြောကြားသည်။



ရက် ၁၀၀ စီမံချက်အတွင်း စမ်းသပ်ဆောင်ရွက်သည့် အမှိုက်သိမ်းစနစ်သစ်သည် ပြည်သူလူထုအနေဖြင့် သဘောကျနှစ်ခြိုက်မှုရှိပြီး ယင်းစနစ်သစ်အစီအစဉ်အတိုင်း ကျယ်ပြန့်စွာဆောင်ရွက်လာပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှိုက်ကင်းစင်နယ်အဖြစ်များမကြာမီ ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**



# မွန်ဂိုလီးယားသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရောက်ရှိ

**နေပြည်တော် ဇွန် ၁၄**

မွန်ဂိုလီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ် အယ်လ်ဘတ်ခ် ဒေါ်ဂျ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

မွန်ဂိုလီးယားသမ္မတအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

မွန်ဂိုလီးယားသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အလုပ်သဘောခရီးစဉ်လာရောက်ခြင်းဖြစ်ပြီး ကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယား သံအမတ်ကြီး မစ္စတာ တဂ်စ်ဘီလ်ဂွန်း တူမွတ်ခ် ဟူလဂ်နှင့် အဆင့်မြင့် အရာရှိကြီးများ လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

## နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဇွန် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# (၁၂) ကြိမ်မြောက် အာရှ-ဥရောပဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာထာမြို့တွင် ကျင်းပပြီးစီး




**နေပြည်တော် ဇွန် ၁၄**

(၁၂)ကြိမ်မြောက် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကို မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာထာမြို့တွင် ဇွန် ၉ ရက်မှ ၁၀ ရက်အထိကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးများက အာရှနှင့်ဥရောပဒေသတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ အနာဂတ်ကာလ၌ အာရှနှင့် ဥရောပဒေသအတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ အာရှနှင့် ဥရောပဒေသအတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေမည့် အလားအလာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဎင်းအပြင် ဘဏ္ဍာရေးဝန်ကြီးများက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် မညီမျှမှုများ၊ စိန်ခေါ်မှုများနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေပေါ်မူတည်၍ အာရှနှင့် ဥရောပဒေသတွင်း စီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်မှု စဉ်ဆက်မပြတ်ရရှိနိုင်ရန်အတွက် ငွေကြေးဆိုင်ရာမူဝါဒနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ အာရှနှင့် ဥရောပဒေသအတွင်းဖြစ်ပေါ်ခဲ့သော စီးပွားရေးအကျပ်အတည်းများမှ လွန်မြောက်အောင်ကြိုးပမ်းအားထုတ်ခဲ့ရမှုများကိုလည်းကောင်း၊ အကျပ်အတည်းများမှ လွန်မြောက်ပြီး ဒေသတွင်းအတွေ့အကြုံ၊ သင်ခန်းစာများကို အခြေပြု၍ ဒေသတွင်းတည်ငြိမ်မှု ဆက်လက်ရရှိနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများသည် ပူးတွဲကြေညာချက်အား ထုတ်ပြန်ခဲ့ပြီး (၁၃) ကြိမ်မြောက် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဘူဂေးရီးယားနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါခရီးစဉ်အတွင်း ဇွန် ၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် မွန်ဂိုလီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာအခြေအနေများ၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား ပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့နဲ့ ကျွန်တော်တို့ ဆပ်ကော်မတီ ၂ သွားရောက်တွေ့ဆုံပါမယ်။ ဒါက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှာ သူတို့ပါဝင်လာနိုင်ရေးအတွက် ထပ်မံပြီး သွားရောက်ဆွေးနွေးတာပါ”ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၁)သည် ဇွန် ၉ ရက်မှ ၁၂ ရက်နေ့အထိ NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားအဖွဲ့များ ၂၁ ရာစု ပင်လုံတွင် ပါဝင်လာနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အား NCA မူဘောင်အတွင်းမှနေ၍ ပြန်လည်ပြင်ဆင်ရန် ဆွေးနွေးခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာမင်းဇော်ဦးက “ကျွန်တော်တို့တွေရှေ့ဆက်ပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ပြန်လည်သုံးသပ်မယ်။ Review လုပ်မယ်။ နောက်မူကြမ်းတွေပြုစုမယ်။ မူကြမ်းအဆင့်အထိကတော့ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေ ပါခွင့်ရှိတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အရဆိုရင် မူကြမ်းကို အတည်ပြုတော့မယ်ဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နဲ့ သူ့အပေါ်မှာရှိတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ပဲ ဖြစ်ပါတယ်။ အဲ့ဒီအဆင့်ထိ ရောက်လာရင်တော့ ပါဝင်နိုင်တဲ့သူက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ရဲ့အဖွဲ့ဝင်ဖြစ်မှုရမယ်။ UPDJC အဖွဲ့ဝင်ဖြစ်ဖို့ဆိုရင် NCA မှာ လက်မှတ်ထိုးထားမှုရမယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားအဖွဲ့တွေဝင်လာတဲ့အခါ သက်သောင့်သက်သာနဲ့ပါဝင်ပြီး ဆွေးနွေးလို့ရအောင်၊ သူတို့လည်း မူဘောင်ကို ပါဝင်ပြီးတော့ ပြန်ပြီးရေးသားလို့ရအောင်ဆိုပြီး စဉ်းစားဆွေးနွေးနေတယ်။ ဆပ်ကော်မတီ(၂)ကလည်း လက်မှတ်မထိုးထားတဲ့အဖွဲ့တွေ ၂၁ ရာစုပင်လုံမှာ ပါဝင်လာနိုင်အောင် ရှင်းပြမှုတွေ ပြုလုပ်နေပါတယ်”ဟုပြောသည်။

လက်ရှိတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁ ) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့်အဖွဲ့သည် “ဝ” (UWSA)၊ မိုင်းလား (NDAA) အဖွဲ့များ ၂၁ ရာစုပင်လုံတွင် ပါဝင်နိုင်ရန်အတွက် တွေ့ဆုံဖိတ်ခေါ်မည်ဖြစ်သလို အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂)မှလည်း UNFC နှင့် တွေ့ဆုံမည်ဖြစ်သည်။

ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားအဖွဲ့များနှင့် တွေ့ဆုံသွားမည့် အခြေအနေကို ဦးလှမောင်ရွှေက “ “ဝ”၊ မိုင်းလားတို့က ဥက္ကဋ္ဌနဲ့တွေ့ဖို့ ကျိုင်းတုံလား၊ မိုင်းလားမှာလားဆိုတာတော့ သေချာမသိသေးဘူး။ တွေ့ဆုံတဲ့နေရာကရာသီဥတုအခြေအနေပေါ် မူတည်ပြီး ကျိုင်းတုံဆိုပေမယ့် မိုင်းလားမှာလည်း တွေ့ဆုံနိုင်ပါတယ်။ တွေ့ဆုံမယ့်ရက်ကတော့ ဇွန် ၁၇ ဒါမှမဟုတ် ၁၈ ရက် တစ်ခုခုပေါ့”ဟု ပြောသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) ကို ၂၀၁၅ အောက်တိုဘာ ၁၅ ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈) ဖွဲ့က လက်မှတ်ရေးထိုးကာ ၂၀၁၆ ဇန်နဝါရီ ၁၂ ရက်နေ့တွင် ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ခဲ့သည်။

NCA စာချုပ် လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့အစည်းများမှာ ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNLA- PC)၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) တို့ ဖြစ်သည်။



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရုံးရှေ့မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းတက်ရောက်၍ စိန်တစ်လုံးသရက်ပင်အား စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံရုံး အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများက စိန်တစ်လုံးသရက်ပင်များ၊ မဟော်ဂနီပင်များနှင့် ကံ့ကော်ပင်များအား တပျော်တပါးစုပေါင်းစိုက်ပျိုးကြပြီး ကော်မရှင်ဥက္ကဋ္ဌက အရာထမ်း၊ အမှုထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက် ၁၃၃ ပင်၊ မဟော်ဂနီ ၃၅ ပင်နှင့် ကံ့ကော်ပင် ၁၅ ပင် စုစုပေါင်း ၁၈၃ ပင်အား စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သီပေါမြို့နယ်မှ တိုက်ပွဲရှောင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**သီပေါ ဇွန် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ္မကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၊ ဝိုင်းကောင်(မြို့ဟောင်း)ဘုန်းတော်ကြီးကျောင်းများ၌ ခိုလှုံလျက်ရှိကြသော တိုက်ပွဲရှောင်ဒေသခံပြည်သူများအား ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းထွန်းအေးနှင့်ဝန်ထမ်းများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပြီး ဇွန် ၁၃ ရက်က ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရာတွင် အထက(၂)ကျောင်းသား ကျောင်းသူ ၉၈ ဦးအား ကျောင်းအုပ်ကြီး ဦးလူထွန်းသို့လည်းကောင်း၊ အောင်မင်္ဂလာဘိုးတော်ကျောင်းကယ်ဆယ်ရေးစခန်းမှ တိုက်ပွဲရှောင် ၅၈ ဦးနှင့် ဝိုင်းကောင်ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းမှ တိုက်ပွဲရှောင်ဒေသခံ ၅၈ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ထံသို့ လည်းကောင်း ခရိုင်လဝက လက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမှတ်(၂)အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၉၈ ဦး၊ ဘိုးတော်ကျောင်းကယ်ဆယ်ရေးစခန်းမှ ၅၈ ဦးနှင့် ဝိုင်းကောင်ကယ်ဆယ်ရေးစခန်းမှ တိုက်ပွဲရှောင် ၅၈ ဦး စုစုပေါင်း ၂၁၄ ဦးတို့ကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မင်းပြားမြို့နယ် ကျေးရွာများရေရရှိရေး ရေတွင်းများတူးဖော်

**မင်းပြား ဇွန် ၁၄**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေ အခက်အခဲမဖြစ်စေရေးနှင့် ပူပြင်းသောနွေရာသီကာလများ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဦးဆောင်၍ ရေတွင်းများ တူးဖော်လျက်ရှိသည်။

ကျေးလက်နေပြည်သူများ သုံးရာသီပတ်လုံး ရေရရှိရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံး(မူလ) ခွင့်ပြုရန်ပုံငွေဖြင့် ရက် ၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရေတွင်းများတူးဖော်ပေးလျက်ရှိသည့် ကျေးရွာများမှာ ဘိတ်တောင်ကျေးရွာ၊ ဂန်ချောင်ကျေးရွာ၊ နဂရာ(ရခိုင်)ကျေးရွာ၊ ခွဆုံကျေးရွာ၊ ဘော်လီကျေးရွာ၊ ရွှေပြည်သာကျေးရွာ၊ ကျွန်းတောကျေးရွာနှင့် သကျချောင်ကျေးရွာများဖြစ်ပြီး ကျေးရွာများအားလုံး ရေတွင်းတူးဖော်မှုအခြေအနေ ၇၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးသွားပါက ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေသစ်ဦး**

# လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကြီး ကျင်းပမည်

**ရန်ကုန် ဇွန် ၁၄**

လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်ရည်ရွယ်၍ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပသွားမည်ဖြစ်ကြောင်း




တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လူသားတိုင်းဟာ မွေးဖွားကတည်းက လွတ်လပ်၍ညီမျှသော အခွင့်အရေးနဲ့ ဂုဏ်သိက္ခာ ဆိုတာရှိပါတယ်။ ပြည်သူလူထုအကြား လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့ ဒီရုပ်ရှင်ပွဲတော်ကြီးကို ကျင်းပတာဖြစ်ပါတယ်" ဟု ရုပ်ရှင်ပွဲတော် ဒါရိုက်တာ မင်းထင်ကိုကိုကြီးက ပြောသည်။

အဆိုပါလူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံ၌ လည်းကောင်း၊ ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဂျန်းရှင်းစကွဲ၌ လည်းကောင်း၊ ဇွန် ၁၅ ရက်မှ ၁၈ ရက်အထိ ဂျန်းရှင်းမော်တင်တွင်လည်းကောင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းပွဲများအဖြစ် ဇွန် ၁၅ ရက်တွင် နေပြည်တော်ရုပ်ရှင်ရုံ၌လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ဂျန်းရှင်းမော်တင်၌လည်းကောင်း နံနက် ၁၀ နာရီမှစတင်ကာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးရုပ်ရှင်ပွဲတော်များကို ၂၀၁၃ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံတစ်ဝန်းကျင်းပခဲ့ရာ အရှေ့ဘက်တွင် လားရှိုး၊ အနောက်ဘက်တွင် တောင်ကုတ်၊ မြောက်ဘက်တွင် မြစ်ကြီးနား၊ တောင်ဘက်တွင် ထားဝယ်အထိ နေရာပေါင်း ၅၆ နေရာ ကျင်းပခဲ့ပြီး သုံးနှစ်တာအတွင်းလူပေါင်း ၈၀၀၀ ကျော် လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ လူ့ဂုဏ်သိက္ခာ ရုပ်ရှင်သိပ္ပံမှ ဦးစီးကျင်းပသော လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော်များကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများတွင်လည်းကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိရာ ယခုအခါ ထိုင်း၊ မလေးရှား၊ အိန္ဒိယနှင့်အမေရိကန်နိုင်ငံတို့တွင် ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော်တွင် သုံးနှစ်တာအတွင်း ၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်ကား ၅၄ ကား၊ ၂၀၁၄ ခုနှစ်တွင် ၆၇ ကား၊ ၂၀၁၅ ခုနှစ်တွင် ၆၅ ကား စုစုပေါင်း ၁၈၆ ကား(ပြည်တွင်း ၈၅ ကား၊ ပြည်ပ ၁၀၁ ကား)ကို မြန်မာနိုင်ငံအတွင်း နေရာအနှံ့ ပြသခဲ့ကြောင်း သိရသည်။ ယင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်သည် မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာရုပ်ရှင်ပွဲတော်၊ မြန်မာနိုင်ငံ၏အကြီးဆုံး ရုပ်ရှင်ပွဲတော်၊ အရှေ့တောင်အာရှ၏ အကြီးဆုံး လူ့အခွင့်အရေး ရုပ်ရှင်ပွဲတော်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့တွင်းလမ်းလုပ်ငန်းများ ရက် ၁၀၀ စီမံကိန်းအရ ရာနှုန်းပြည့်ပြီးစီးနေ

**ပုဏ္ဏားကျွန်း ဇွန် ၁၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ရက် ၁၀၀ စီမံကိန်းဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအနက် အချို့မှာ ရာနှုန်းပြည့် ပြီးစီးနေပြီး အချို့ကို ရာနှုန်းပြည့် ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

ပုဏ္ဏားကျွန်းမြို့ပေါ်တွင် ရက် ၁၀၀ စီမံကိန်းဝင်လုပ်ငန်းများဖြစ်သော လမ်းကွန်ကရစ်ခင်းခြင်း၊ လမ်းကျောက်ချောခင်းခြင်းနှင့် သောက်သုံးရေကန်များ ရေမစိမ့်အောင် ဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အချို့မှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ပုဏ္ဏားကျွန်းမြို့၌ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ရက် ၁၀၀ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သော မဟာပညာကျော်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ လမ်းအရှည်ပေ ၅၀၀၊ အကျယ်ကိုးပေနှင့် ကွန်ကရစ်ထု ရှစ်လက်မဖြစ်ပြီး ဇွန် ၁၃ ရက်အထိ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ ရက် ၁၀၀ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သော ပုဏ္ဏားကျွန်းမြို့မဈေးပတ်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းမှာ အရှည်ပေ ၃၆၀၊ အကျယ် ၁၀ ပေနှင့် ထုထည်အမြင့် ၁၆ လက်မ ရှိပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်သည်။ ပုဏ္ဏားကျွန်းမြို့ ဂူဝကန်ပေါင်ရှိ ရေစိမ့်တူးပေါက်များအား ရေမစိမ့်အောင် ပြုလုပ်ရန် ရက် ၁၀၀ စီမံကိန်းအရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကာ ရာနှုန်းပြည့် ပြီးစီးရန် ကျန်ရှိနေသော မဟာပညာကျော်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ချစ်ကြည်**

# ရခိုင်ပြည်နယ်အတွင်း ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များကို ယာယီလိုင်စင်များထုတ်ပေး

**စစ်တွေ ဇွန် ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သော ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား ယာယီလိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်ရောင်းဝယ်ရေးအရာရှိရုံး၌ ဇွန် ၁၄ ရက်မှစတင်ပြီး ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ရခိုင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်နယ်တစ်ခုဖြစ်သဖြင့် ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်ဆလင်ဒါများကို လက်လီဖြန့်ဖြူးနေသော အရောင်းဆိုင်လုပ်ငန်းရှင်များအား ယာယီလိုင်စင်ထုတ်ပေးရာတွင် စစ်တွေမြို့ကိုအခြေခံ၍ စစ်တွေမြို့မှ အမ်းမြို့အထိ ထုတ်ပေးသွားမည်ဖြစ်ပြီး သံတွဲမြို့ကိုအခြေစိုက်ကာ သံတွဲမြို့မှ ကျောက်ဖြူမြို့အထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်ရောင်းဝယ်ရေးအရာရှိ ဦးမောင်မောင်ဦးက ပြောကြားသည်။

အဆိုပါ ထုတ်ပေးလျက်ရှိသည့် ယာယီလိုင်စင်များမှာ အခမဲ့ထုတ်ပေးခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ သက်တမ်းရှိလိုင်စင်များသာဖြစ်သည်။ အရောင်းဆိုင်များကို ယခုနှစ် မကုန်မီကာလအတွင်း ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်၍ စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်နေသည့်ဆိုင်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ လိုင်စင်ကြေးများပေးသွင်းပြီး ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးခွဲမှူး ဦးနေဇော်လင်းက ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်အတွင်း၌ ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးရေး လုပ်ငန်းရှင်များအား စည်းစနစ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ရောင်းဝယ်နိုင်ရေး အသိပညာပေးဆွေးနွေးပြီး ယာယီလိုင်စင်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်ဆလင်ဒါများကို လက်လီဖြန့်ဖြူးခြင်းလုပ်ငန်းအား ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရန်အတွက် အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်၍ ဇူလိုင် ၃၁ ရက်အပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းဝင်း (ပြန်/ဆက်)**





# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပြင်သစ်သို့ရောက်ရှိ

**နေပြည်တော် ဇွန် ၁၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Jean-Pierre Bosser ၏ ဖိတ်ကြားချက်အရ ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကာကွယ်ရေး၊ မြေပြင်နှင့် ဝေဟင်လုံခြုံရေးဆိုင်ရာပြပွဲ "Eurosatory 2016" သို့ တက်ရောက်ရန် ဇွန် ၁၂ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ပြင်သစ်နိုင်ငံ Charles de Gaulle လေဆိပ်သို့ ဇွန် ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။ **(ဓာတ်ပုံ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(မြဝတီ)**

# မြန်မာ့ပင်လယ်ပြင် လှိုင်းကြီးမည်

**နေပြည်တော် ဇွန် ၁၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။

မိုးသက်လေပြင်း ကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများထုတ်ပေး

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်ရုံးအမှတ်(၅၂)ရှိ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိပြီး ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းထုတ်ယူ၊ ထုတ်ပေးနေမှုများကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ မြန်မာနိုင်ငံ ပညာရေးသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းတို့နှင့်အတူ လှည့်လည်ကြည့်ရှု၍ အမှတ်စာရင်း ထုတ်ယူသူများနှင့် တွေ့ဆုံကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။ **(ဓာတ်ပုံ)**



ထို့နောက် ကွန်ပျူတာဖြင့် အမှတ်စာရင်းထုတ်ပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအား နှုတ်ဆက်အား ပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးညှိနှိုင်းချက်အရ တိုင်းဒေသကြီး/ ပြည်နယ်များမှ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းထုတ်ယူရာတွင် အဆင်ပြေစွာ လွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနသည် အမှတ်စာရင်းထုတ်ပေးရေး mobile အဖွဲ့များ ဖွဲ့စည်းကာ ဇွန် ၁၆ ရက်မှစ၍ တောင်ကြီးမြို့နှင့် မန္တလေးမြို့တို့တွင် အခြေစိုက်၍ အမှတ်စာရင်းများ ထုတ်ပေးမည်ဖြစ်ပြီး ရခိုင်ပြည်နယ် စစ်တွေမြို့၌လည်း mobile အဖွဲ့များစေလွှတ်၍ အမှတ်စာရင်းထုတ်ပေးရန် စီစဉ်လျက်ရှိသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၁၁ ရက်(စနေနေ့)တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အမှတ်စာရင်းများကို ဇွန် ၁၃ ရက်(တနင်္လာနေ့)မှ စတင်ကာ နေပြည်တော်ရုံးအမှတ်(၅၂)ရှိ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနတွင် လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)တွင်လည်းကောင်း ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း စုစည်းတင်ပြသော ဇွန်လ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အောင်သင်း | ပညာသာလျှင်သစ်လွင်အတွေးဆောင်းပါးများ | ၁၅၀၀ | ဇွန်ပွင့် |
| ၂ | အောင်သင်း | မင်္ဂလာသြဝါဒစကား | ၁၀၀၀ | ဇွန်ပွင့် |
| ၃ | ဟိန်းလတ် | မြန်မာ့ကင်းထောက်လက်စွဲ | ၂၅၀၀ | မဇ္ဈိမ |
| ၄ | သန်းထွန်း | ယောကျ်ားကောင်းတို့နေရာနှင့်အတွေးအမြင်ရသ | ၂၅၀၀ | လင်းလွန်းခင် |
| ၅ | မင်းသိခ် | မောင့်ညိုချော | ၃၅၀၀ | ဘုမ္မာဝတီ |
| ၆ | တင်ထွန်းဦး (ယဉ်ကျေးမှု) | ဗဟုသုတစာပြတင်းမှထုံသင်းရနံ့ပျံ့လွင့်ချီ | ၁၈၀၀ | မြဝတီ |
| ၇ | မမကြီး | အီတလီစတိုင်လ် ဟင်းလျာများနှင့်မုန့်လုပ်နည်းများ | ၂၃၀၀ | စိတ်ကူးချိုချို |
| ၈ | မြခွာညို | အိပ်မက်စာမျက်နှာ အပိုင်းအစများ | ၂၅၀၀ | စိန်မိုးယံ |
| ၉ | ခင်မောင်ညို (ဘောဂဗေဒ) | ပတ်ဝန်းကျင်ကစီးပွားရေး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၀ | | Fashion Colour.Designer's Handbook | ၂၅၀၀ | Salmon Publishing |
| ၁၁ | အဏ္ဏဝါလှိုင်း | ဗုဒ္ဓဘာသာဝင်ကောင်းများအတွက်အခြေခံသိမှတ်စရာ | ၁၅၀၀ | ဗညားစာပေ |
| ၁၂ | TheKey Collection | မာလာလာစာစဉ်(၂၁) | ၁၅၀၀ | the key |
| ၁၃ | မင်းမော်လှမြင့် | အိုစာမင်းစာမလိုတဲ့နိုင်ငံ | ၂၀၀၀ | MMS |
| ၁၄ | မြတငြိမ်း | ချမ်းသာဖေဖေ၊ ဆင်းရဲဖေဖေနှင့်ချမ်းသာလူငယ် စမတ်လူငယ် | ၆၅၀၀ | ကိုနေမန်းစာပေ |
| ၁၅ | ဆန်နီညိမ်း | ပျူဒီဗိုင်းများကပြောသော ပျူအတွေးများ | ၄၀၀၀ | စိတ်ကူးချိုချို |
| ၁၆ | တီချယ်လှိုင် | အော်လစ်ဗာတွမ် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၇ | ကောင်းသာ | သင်ရှေ့ဆုံးရောက်ရေးလုပ်ဆောင်ရမယ့်အချက်များ | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၈ | Ashin Surodtiamma | အသုံးတည့်အင်္ဂလိပ်စကားပြော | ၁၇၀၀ | 969 English Language Center |
| ၁၉ | စိန်ဝင်းနိုင် | မြို့လုံးပတ်လည်အင်္ဂလိပ်စကားပြေ | ၂၀၀၀ | အိပ်မက်ရိပ် |
| ၂၀ | တိမ်တိုက်ထွန်း | မပြိုဘဲနဲ့ညို | ၂၀၀၀ | ကောင်းဆုသာ |
| ၂၁ | ကလောင်စုံ | အိပ်မက်လိုင်းပေါ်ကခွဲခွာကြေလို့ မနက်ဖြန်တိုင်းကျေနပ်နိုင်မယ်ဆိုရင် | ၂၅၀၀ | ကောင်းဆုသာ |
| ၂၂ | (ယက္ခ)ရဲကြီး | မောင်ဖိုးချိုစာစုများ | ၁၅၀၀ | အိမ်သူရွှေမ |
| ၂၃ | KYAR PAUK | STRANGE OLD MAN | ၅၀၀၀ | အိမ်သူရွှေမ |
| ၂၄ | မြင့်ဆွေ (MIFIDA) | အသေးစားငွေရေးကြေးရေးလုပ်ငန်း ရေရှည်ရပ်တည်အောင်မြင်ရေးအတွက် ကြိုးပမ်းမှုများ | ၃၀၀၀ | မျိုးဆက်သစ် |
| ၂၅ | ကျော်ဝင်း | ဖက်ဒရယ်မူသဘောတရားနှင့်လက်တွေ့ | ၂၀၀၀ | တကောင်း |
| ၂၆ | ချစ်ဦးညို | ချစ်သူမင်းနန္ဒာ | ၄၀၀၀ | လက်ဘ်ဒီပ |
| ၂၇ | သန်းဝင်းလှိုင် | နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစော၏ ရှုပ်ကွက်မြုပ်များ | ၄၅၀၀ | အိပ်မက်သစ် |
| ၂၈ | မောင်သစ္စာ | စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ နှစ်တစ်ရာပြည့် အမှတ်တရ ၁၉၁၆-၂၀၁၆ | ၂၀၀၀ | စိတ်ကူးသစ် |
| ၂၉ | ကောင်းထက်ညွန့် | Fire Alarm Systems | ၈၀၀၀ | မိုးမြင့်ကြယ် |
| ၃၀ | နေမင်းသူ | မြန်မာနိုင်ငံ၏စီးပွားရေးသူရဲကောင်းများ | ၃၀၀၀ | I Myanmar House |
| ၃၁ | ဗညားဦး(အိမ်မဲ) | စိတ်တစ္ဆေ၏လေချွန်သံ | ၁၅၀၀ | ပြုံးစာပေ |
| ၃၂ | ဒေါက်တာမင်းတင်မွန် | အနတ္တဒေသနာနှင့်ဝိပဿနာ | ၅၀၀ | မြမွန်ရတနာ |
| ၃၃ | ဒေါက်တာမင်းတင်မွန် | The Not-SELF(ANATTA) DOCTRINE and VIPASSANA | ၅၀၀ | မြမွန်ရတနာ |
| ၃၄ | မင်းသုဝဏ် | ပန်းနှင့်ပင်စည် | ၃၀၀၀ | the key |
| ၃၅ | ဇော်ဘုန်း | ကော်ဖီကိုစူးစမ်းလေ့လာခြင်း | ၃၀၀၀ | Synergy |
| ၃၆ | ဝင်းဇော်(သစ်တော) | သင့်သီရိဂေဟာအတွက်ဖုန်းရွှေမင်္ဂလာ | ၅၀၀၀ | မြတ်ပွင့် |
| ၃၇ | ဒေါက်တာသန်းထွန်း | မြန်မာ့သမိုင်းပုံ | ၁၄၀၀ | မုံရွေး |
| ၃၈ | အောင်ကျော်ဆန်း | လူငယ်နှင့်ပရဟိတ | ၁၂၀၀ | နဂါးပျံ |
| ၃၉ | စိုးနောင်(မုံရွာ) | ခေတ်ကျန်ကဗျာများ | ၁၅၀၀ | ကျားချောင်း |
| ၄၀ | ရဲနောင် | အာဏာရှင်ဦးသန်းရွှေ၏မြန်မာပြည် | ၂၀၀၀ | အိပ်မက်သစ် |
| ၄၁ | မာန်သစ်စိုး | အမေရိကန်စတိုင်အင်္ဂလိပ်စကားပြောကြမယ် | ၃၀၀၀ | လင်းလွန်းခင် |
| ၄၂ | ရဲကျော်မြင့် | ဆရာမပါလွယ်ကူလေ့လာအင်္ဂလိပ်သဒ္ဒါ | ၁၈၀၀ | မဇ္ဈိမ |
| ၄၃ | သက်ဦးလွင် | သိပ္ပံပညာ | ၁၅၀၀ | quality |
| ၄၄ | သက်ဦးလွင် | ဒိုင်နိုဆော | ၁၅၀၀ | quality |
| ၄၅ | သက်ဦးလွင် | အာကာသ | ၁၅၀၀ | quality |
| ၄၆ | သက်ဦးလွင် | ရာသီဥတု | ၁၅၀၀ | quality |
| ၄၇ | ဇော်ဇော်အောင် | ပွဲတင်သံခပ်တိုးတိုးနှင့်အခြားစာသား | ၃၅၀၀ | စိတ်ကူးချိုချို |
| ၄၈ | မိုးသက်ဟန် | ပလက်ဖောင်း | ၄၀၀၀ | ငါတို့စာပေ |
| ၄၉ | မောင်တင်ဦး | မိုးသစ်တောများ | ၂၀၀၀ | ခူဝံ |
| ၅၀ | မြပုလဲခင် | မျှော်လင့်ခြင်းလိပ်ပြာ | ၁၈၀၀ | အောင်မြင်စာပေ |
| ၅၁ | ဝိဇ္ဇာ | ထိ သိ သတိ | ၁၈၀၀ | အောင်မြင်စာပေ |
| ၅၂ | သီအို ၉ | ဂစ်တာလက်တံ (Frests) (၄)ကွက်အတွင်း ပြည့်စုံသော Chords နှင့် Movable and Moder Chords | ၁၂၀၀ | စာပေနန်းတော် |
| ၅၃ | မာန်(တောင်လုံးပြန်) | တစ်ခါတုန်းကမြန်မာပြည်မှာ | ၃၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၅၄ | မင်းသုဝဏ် | နိုင်ငံရပ်ခြားပုံပြင်များ | ၄၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၅၅ | မင်းဆက် | နေလလမ်းကြောင်းပေါ်ကလူသားသမိုင်း | ၁၀၀၀ | ယဉ်မျိုး |
| ၅၆ | အောင်ထွန်း | မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုသမိုင်း (၁၉၀၃-၆၂) | ၁၂၀၀၀ | ယဉ်မျိုး |
| ၅၇ | တက်တိုး | နပိုလီယံ | ၁၂၀၀၀ | the key |
| ၅၈ | စိန်တလုံး | ပညာခေတ်လူငယ်များနှင့်ဝိဘဇ္ဇဗုဒ္ဓဝါဒ (တင်စိန်မီးရထား) | ၃၀၀၀ | ရန်အောင်စာပေ |
| ၅၉ | မလေး(မုံရွာ) | ဘဝလမ်းမှရောင်စုံဝတ္ထုတိုများ(၂) | ၂၅၀၀ | နိုင်ငံဂုဏ်ရည်စာပေ |
| ၆၀ | ကလောင်စုံ | မြန်မာစာဂုဏ်ထူးပထမယူသူနှင့် စာရေးသူစိတ်ကြိုက် | ၂၀၀၀ | နေရီရီ |

# ကုလသမဂ္ဂအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ၏ တရားရေးကော်မတီ ဥက္ကဋ္ဌအဖြစ် အစ္စရေးကို ပထမဆုံးအကြိမ် ရွေးချယ်



**ဂျီနီဗာ ဇွန် ၁၄**

ကုလသမဂ္ဂ၏အမြဲတမ်းအဖွဲ့ဝင် ခြောက်နိုင်ငံပါဝင်သော တရားရေးကော်မတီ ဥက္ကဋ္ဌအဖြစ် အစ္စရေးကို ပထမဆုံးအကြိမ်အဖြစ် ဇွန် ၁၃ ရက်က ရွေးချယ်ခဲ့သည်။

ကုလသမဂ္ဂ၏ နေ့စဉ်ကိစ္စရပ်များတွင် အမြင့်ဆုံးကဏ္ဍမှ ပါဝင်နိုင်ရန် အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ကော်မတီဥက္ကဋ္ဌရာထူးကို အစ္စရေးအားပေးအပ်ခဲ့ခြင်းဖြစ်သည်။

တရားဥပဒေဆိုင်ရာကော်မတီဖြစ်သော ခြောက်နိုင်ငံကော်မတီသည် နိုင်ငံတကာဥပဒေနှင့်ပတ်သက်သော ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရသည်။ အထွေထွေညီလာခံတွင် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂ၏အသုံးစရိတ်များ၊ လက်နက်ဖျက်သိမ်းရေး၊ စီးပွားရေးနှင့် ဘဏ္ဍာရေးကိစ္စရပ်များ စသည်တို့ကို အစီရင်ခံရသည့် အမြဲတမ်းအဖွဲ့ဝင် ခြောက်နိုင်ငံရှိသည်။

အစ္စရေးဆိုင်ရာ ကုလသံအမတ်တစ်ဦးဖြစ်သူ ဒန်နီဒါနွန်က အစ္စရေးအနေဖြင့် ယခုကဲ့သို့ ပထမဆုံးအရွေးချယ်ခံရခြင်းကို ဝမ်းသာဂုဏ်ယူမိကြောင်း ပြောခဲ့သည်။ အစ္စရေးသည် အကြမ်းဖက်မှုများကိုတိုက်ခိုက်ရန်နှင့် နိုင်ငံတကာဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး ကမ္ဘာ့နိုင်ငံများနှင့် အသိပညာဖလှယ်နိုင်မည့် အခွင့်အရေးရရှိတော့မည်ဖြစ်သည့်အတွက် များစွာကျေနပ်ကြောင်းလည်း ပြောခဲ့သည်။

အစ္စရေးသည် ဒေသတွင်းအနောက်ဥရောပနှင့် အခြားအဖွဲ့များ၏ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်ခဲ့ပြီး ၁၉၃ နိုင်ငံကျင်းပသော ညီလာခံတွင် မဲအရေအတွက် ၁၇၅ ခုတွင် ၁၀၉ခုဖြင့် အနိုင်ရခဲ့ပြီး ဆွီဒင်သည် ဒုတိယနေရာရရှိခဲ့သည်။

အစ္စရေးသည် မူလက အာရှ-ပစိဖိတ်အဖွဲ့၏အဖွဲ့ဝင်ဖြစ်သော်လည်း ကုလအဖွဲ့တွင် တက်ကြွစွာပါဝင်နိုင်သော ခေါင်းဆောင်နေရာ ရွေးချယ်ခံနိုင်ရန်အတွက် ဒေသတွင်း အနောက်ဥရောပနှင့် အခြားအဖွဲ့များသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

ကုလကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သော ပါလက်စတိုင်းအကြီးအကဲဖြစ်သူ ရီးယာ့ဒ်မန်ဆော်ကမူ ရွေးကောက်ပွဲရလဒ်များအပေါ် စောဒကတက်ခဲ့သည်။

ထို့ပြင် မန်ဆော်က အစ္စရေးသည် နိုင်ငံတကာဥပဒေကို အကြီးမားဆုံးချိုးဖောက်နေသော နိုင်ငံတစ်ခုဖြစ်ပြီး ဒါနွန်ရွေးချယ်ခံရခြင်းသည် ခြောက်နိုင်ငံကော်မတီ၏ အလုပ်တာဝန်ကို ခြိမ်းခြောက်ခြင်းဖြစ်ကြောင်းလည်း ပြောခဲ့သည်။ အစ္စလာမ္မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် ၅၇ နိုင်ငံနှင့် အာရပ်အဖွဲ့ချုပ်သည် အစ္စရေးရွေးချယ်ခံရခြင်းကို အတိုက်အခံပြုလုပ်ခဲ့ကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**

## ရှန်ဟိုင်းလေဆိပ်၌ ဗုံးဖောက်ခွဲသူဟု သံသယရှိသူမှာ ကြွေးထူသူတစ်ဦးဖြစ်

**ရှန်ဟိုင်း ဇွန် ၁၄**

ရှန်ဟိုင်း ဖူတုန်းလေဆိပ်၌ ဗုံးဖောက်ခွဲသူက အကြွေးများ ထူလာခြင်းကြောင့် ၎င်းကို မျှော်လင့်ချက်မဲ့သည့်ဘဝသို့ တွန်းပို့နေကြောင်း ၎င်း၏စမတ်ဖုန်းတွင် စာရေးသားထားသည်ကို တွေ့ရသည်။ ပေါက်ကွဲမှုကြောင့် ခရီးသွားလေးဦး ဒဏ်ရာရရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူမှာလည်း ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရန်ကြိုးပမ်းရင်း လည်ပင်း၌ ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ တက်ရောက်ကုသခဲ့ရသည်။

ဗုံးဖောက်ခွဲသူမှာ အသက် ၂၉ နှစ်အရွယ်ရှိပြီး ကွေကျိုပြည်နယ်မှ ဖြစ်သည်ဟု ရဲများကပြောသည်။ ၎င်းသည် လောင်းကစားသမားတစ်ဦးဖြစ်ကာ လောင်းကစားမှုကြောင့်ပင် အကြွေးများနစ်နေသူဟု ရဲများက ယုံကြည်သည်။

၎င်းသည် ဗုံးဖောက်ခွဲမှုမပြုလုပ်မီ လူအများ အံ့အားသင့်ဖွယ်ကိစ္စတစ်ခုလုပ်ပြီး ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရန် ကြံရွယ်ထားကြောင်း ရေးသားထားသည့် စာကို ၎င်း၏စမတ်ဖုန်းအတွင်းမှ တွေ့ရှိခဲ့သည်ဟု စုံစမ်းစစ်ဆေးသူများက ပြောသည်။ ဒဏ်ရာများမှ ပြန်လည်ကျန်းမာလာသည့်အခါ ၎င်းကို စစ်ဆေးမှုများ ပြန်လည်စတင်ရန် ရဲများက စီစဉ်ထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## ဗီယက်နမ်လေ့ကျင့်ရေး အက်စ်ယူ-၃၀ ဂျက်လေယာဉ်ပျောက်ဆုံး

**ဟန်ွိုင်း ဇွန် ၁၄**

ဗီယက်နမ်လေတပ်မှ အက်စ်ယူ-၃၀ ဂျက်လေယာဉ်သည် အင်္ဂါနေ့နံနက်က ဗီယက်နမ် အလယ်ပိုင်း ငအမ်ဒေသကမ်းလွန်တွင် လေ့ကျင့်မှုများပြုလုပ်နေစဉ် ပျောက်ဆုံးသွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇွန် ၁၄ရက်က ဖော်ပြသည်။

ဂျက်လေယာဉ်ပေါ်တွင် လေယာဉ်မှူးနှစ်ဦးပါဝင်သွားကြောင်းသိရပြီး တစ်ဦးမှာ တပ်ရင်း ၉၂၃ မှ စစ်ဦးစီးအရာရှိချုပ် ထရန်ကွန်ခိုင်ဆိုသူဖြစ်ပြီး အခြားတစ်ဦးမှာ လေတပ်ဗိုလ် ငုယင်ဟူးချွမ်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျောက်ဆုံးသွားသည့်အကြောင်းရင်းကို မသိရသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဗင်နီဇွဲလား၌ လူထုဆန္ဒခံယူပွဲမပြုလုပ်ရန် တရားရုံးချုပ်သို့ တောင်းဆို

**ကရာကတ် ဇွန် ၁၄**


ဗင်နီဇွဲလားသမ္မတနီကိုလပ်မာဒူရိုကို ရာထူးမှဖယ်ရှားနိုင်ရေး လူထုဆန္ဒခံယူပွဲကျင်းပရန် အတိုက်အခံအုပ်စုများက တောင်းဆိုထားရာ ယင်းအဆိုပြုချက်ကို ဖယ်ရှားပေးရန် ဗင်နီဇွဲလားအစိုးရက နိုင်ငံတော်တရားရုံးချုပ်ကို တောင်းဆိုခဲ့သည်။

လူထုဆန္ဒခံယူပွဲပြုလုပ်ပေးရန် တောင်းဆိုထားသော ခေါင်းဆောင်များကို မမှန်မကန်သောလုပ်ရပ်ဟူ၍လည်း စွပ်စွဲထားသည်။ သောကြာနေ့ကလည်း အမျိုးသားရွေးကောက်ပွဲကောင်စီက လူထုဆန္ဒခံယူပွဲအတွက် တောင်းခံထားသော လက်မှတ် ၆၀၀၀၀၀ မှာလည်း ခိုင်မာမှုမရှိဟု သောကြာနေ့က ကြေညာခဲ့သည်။ အတိုက်အခံအုပ်စုဘက်မှမူ ရွေးကောက်ပွဲ အာဏာပိုင်များကို မမှန်မကန်လုပ်သည်ဟု စွပ်စွဲခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် စီးပွားရေးပြိုလဲလုနီးပါးရှိနေပြီး၊ ငွေကြေးဖောင်းပွမှုနှင့်လည်း ရင်ဆိုင်နေရသည်။ ထို့ပြင် အခြေခံစားသောက်ကုန်များ ပြတ်လပ်နေသည်။

**(ဘီဘီစီ)**

## အမေရိကန်နှင့်တရုတ်နိုင်ငံတို့ ဆိုက်ဘာဆွေးနွေးမှု တိုးတက်မှုရှိလာ



**နယူးယောက် ဇွန် ၁၄**

အမေရိကန် ပြည်ထောင်စုသည် ဆိုက်ဘာ ခြိမ်းခြောက်မှုများအတွက် တရုတ်နိုင်ငံနှင့်အတူပူးပေါင်း၍ သတင်းအချက်အလက်များ မျှဝေပေးရေး ဆွေးနွေးပွဲတွင် တိုးတက်မှုများရှိလာ၍ ကျေနပ်မိကြောင်း အမေရိကန်ထိပ်တန်းအရာရှိကြီးများက အင်္ဂါနေ့တွင်ပြောသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား ဆိုက်ဘာလုံခြုံရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံကြီးများဖြစ်သည့် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်၍ ဆက်ဆံရေး ပြတ်တောက်ခဲ့သည်။ လွန်ခဲ့သောနှစ် စက်တင်ဘာလအတွင်း ဆိုက်ဘာတိုက်ခိုက်ခံရမှု ဆန့်ကျင်ရေးသဘောတူညီချက်တွင် နှစ်နိုင်ငံလုံးက လက်မှတ် ရေးထိုးခဲ့သည်။ သမ္မတ ရှီကျင့်ဖျင် ဝါရှင်တန်သို့ လာရောက်ခဲ့စဉ်အတွင်းက စီးပွားရေးဆိုင်ရာ အကျိုးအမြတ်ကြောင့် ဆိုက်ဘာတိုက်ခိုက်မှုမလုပ်ရန်ဟူသော အချက်ကိုလည်း ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် သဘောတူညီမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပေကျင်း၌ ပြုလုပ်သည့်ဆွေးနွေးပွဲ၌ အမေရိကန်အစိုးရ ဌာနအဖွဲ့မှ အကြီးအကဲတစ်ဦးဖြစ်သူ ဆူဆန်နီပေါ်ဒင်က အစည်းအဝေး၏ အဓိကအကြောင်းအရာမှာ သမ္မတနှစ်ဦးချမှတ်ထားသည့် သဘောတူညီမှုများကို သေချာစွာ အကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်သည်ဟု ပြောသည်။ ဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာမှာ သတင်းအချက်အလက်ဖလှယ်ရေးပင်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

တရုတ်နိုင်ငံမှ ပြည်သူ့လုံခြုံရေးဝန်ကြီး ကျိုရှင်ကွန်က တရုတ်နိုင်ငံအနေဖြင့် ယင်းဆွေးနွေးပွဲကို အထူးပင်တန်ဖိုးထားကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**

## ငလျင်လှုပ်ခတ်ပြီးနောက် ကူမာမိုတိုတွင် လူပေါင်း ၆၀၀ ကျော်နေထိုင်လျက်ရှိ



**တိုကျို ဇွန် ၁၄**

ဂျပန်အနောက်တောင်ပိုင်း ကူမာမိုတိုစီရင်စုတွင် ငလျင်လှုပ်ခတ်ပြီး နှစ်လအကြာ လူပေါင်း ၆၀၀ကျော် ယင်းဒေသတွင် ဆက်လက်နေထိုင်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဧပြီ ၁၄ ရက် ပထမငလျင်လှုပ်ခတ်ပြီးကတည်းက ယင်းဒေသတွင် လူပေါင်း ၄၉ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မီနာမီဆိုဒေသတွင် လူတစ်ဦးပျောက်ဆုံးနေဆဲဖြစ်သည်။ ငလျင်လှုပ်ခတ်မှုနှစ်ခုသည် ပြင်းအား ၇ အဆင့်ရှိကြောင်း၊ ယင်းအဆင့်သည် ဂျပန်နိုင်ငံတွင် ပြင်းအားအများဆုံးဖြစ်ကြောင်း သိရသည်။

ကူမာမိုတိုစီရင်စုအာဏာပိုင်များက တနင်္လာနေ့ကတည်းက လူဦးရေ ၆၄၃၁ ဦးသည် ယင်းဒေသတွင် နေထိုင်လျက်ရှိကြောင်း ပြောခဲ့သည်။ ယင်းဒေသရှိ စုစုပေါင်းအိမ်ခြေ ၁၄၀၀၀၀ခန့် ပျက်စီးမှုရှိခဲ့ပြီး အိမ်ခြေ ၃၀၀၀၀ ခန့်မှာ ဆိုးရွားစွာပျက်စီးခဲ့ကြောင်း သိရသည်။ ဒေသအစိုးရက ယာယီအိမ်ခြေ ၃၀၀၀ နီးပါးကို တည်ဆောက် ပေးလျက်ရှိသည်။ ယခုအချိန်ထိ လူဦးရေ ၉၀ခန့်ကို ပြောင်းရွှေ့ရန် စီစဉ်ပေးလျက်ရှိသည်။ ငလျင်ကြောင့် ယင်းဒေသတွင် ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံခန့် ကုန်ကျသွားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ငါးလကျော်အတွင်း လိုင်စင်မဲ့အရက် အမှုပေါင်းတစ်ထောင်ကျော် ဖမ်းဆီးနိုင်ခဲ့

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်လိုင်စင်မဲ့အရက်များ ဖမ်းဆီးမှုမှာ ငါးလကျော်အတွင်း အမှုပေါင်း တစ်ထောင်ကျော် ဖမ်းဆီးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောကြားသည်။



လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း လွှတ်တော်ကိုယ်စားလှယ်များအား ပြန်လည်ဖြေကြားစဉ်

တိုင်းဒေသကြီးအတွင်း ရင်ဆိုင်ကြုံတွေ့နေရသော မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေမှုများ၊ ဥပဒေပြင်ပ လုပ်ကိုင်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အမြန်ဆုံး ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးသင့်ပါကြောင်း မေ ၂၆ ရက်က တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး (ဆဋ္ဌမနေ့)၌ တင်သွင်းခဲ့သော အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၏ အဆိုကို ယနေ့ ဒုတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ဆွေးနွေးမှုတွင် အထက်ပါအတိုင်း တိုင်းဒေသကြီးအတွင်း တရားမဝင် အရက်နှင့်ပတ်သက်၍ အရေးယူထားမှုကို ရှင်းပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လိုင်စင်မဲ့အရက်များ ဖမ်းဆီးမှုအနေဖြင့် တိုင်းဒေသကြီးအတွင်းတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁၂ ရက်အထိ အမှုပေါင်း ၁၀၅၀ ဖမ်းဆီးနိုင်ခဲ့ပြီး ယင်းဖမ်းဆီးမှုများမှာ အရှေ့ပိုင်းခရိုင်မှ ၄၀၈ မှု၊ အနောက်ပိုင်းခရိုင်မှ ၆၇ မှု၊ တောင်ပိုင်းခရိုင်မှ ၂၈၂ မှုနှင့် မြောက်ပိုင်းခရိုင်မှ ၂၉၃ မှုတို့ကို တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ရက် ၁၀၀ စီမံချက်အနေဖြင့် မေ ၁ ရက်မှ ဇွန် ၁၂ ရက်အထိ ယစ်မျိုးဖမ်းဆီးရမိမှု ၄၁၉ မှုအနက် အင်းစိန်မြို့နယ်မှ ၃၉ မှု ရှိခဲ့သည်။

ယခုအခါ တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် လိုင်စင်မဲ့အရက်များနှင့် ပတ်သက်၍ ခရိုင်/မြို့နယ်များအတွင်း လိုင်စင်မဲ့အရက်များနှင့် စည်းကမ်းဖောက်ဖျက်သော အရက်ဆိုင်များကို စာရင်းကောက်ယူခြင်း၊ လိုင်စင်မဲ့အရက်ဆိုင်များနှင့် အရက်ပုန်းဆိုင်များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖမ်းဆီးအရေးယူခြင်းနှင့် ရပ်ကွက်၊ ကျေးရွာအတွင်း အရက်ကြောင့် ဖြစ်ပွားတတ်သည့်မှုခင်းများနှင့် စပ်လျဉ်းသည့် အသိပညာပေးဟောပြောခြင်းများကို တစ်ဟုန်ထိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း- မင်းခေတ်**
**ဓာတ်ပုံ- မိုးမခ**

# မော်တော်ယာဉ်များ မြို့ဝင်ဘီးခွန်ကောက်ခံမှုကို စီမံချက်ဖြင့် ဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးရုံးမှ ဦးစီးအရာရှိနှင့် စည်ပင်သာယာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စည်ပင်သာယာမော်တော်ယာဉ်ဘီးခွန်များကောက်ခံမှုကို ဇွန် ၈ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ယာဉ်အမျိုးအစားအလိုက် တစ်နှစ်စာဘီးခွန်ကောက်ခံမှုနှုန်းမှာ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၂၀၀၀၊ ထော်လာဂျီ(အကြီး) ငွေကျပ် ၅၀၀၀၊ ထော်လာဂျီ(အသေး)ငွေကျပ် ၄၀၀၀၊ တစ်တန်အောက်ကားငယ် ငွေကျပ် ၄၀၀၀၊ တစ်တန်အထက် ငွေကျပ် ၇၅၀၀၊ နှစ်တန်မှ သုံးတန်အထိ ငွေကျပ် ၁၀၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**

# မိုးရွာသွန်းမှုများသဖြင့် ကုလားချောင်းတာ ဒုတိယအကြိမ် ထပ်မံကျိုးပေါက်

**ရွှေသောင်ယံ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ မကျီးဇင်ကျေးရွာအုပ်စုအတွင်းရှိ ကုလားချောင်းတာသည် ဇွန် ၁၃ ရက် နံနက် ၈ နာရီက မိုးရွာသွန်းမှုများပြီး ရေကြီးရေလျှံကာ ယမန်နှစ်က ကျိုးပေါက်ခဲ့သောနေရာမှ တာတွင်းရေများကာ တိုက်စားပြီး ကျိုးပေါက်ခဲ့ကြောင်း သိရသည်။

ကုလားချောင်းတာသည် အရှည် ၃၉၈ ပေ၊ အကျယ်ခြောက်ပေ၊ အမြင့်ငါးပေရှိပြီး ဇွန် ၄ ရက်ကလည်း ပင်လယ်ဒီရေမြင့်တက်မှုကြောင့် ရေတံခါးမြောက်ဘက်ခြမ်း ရေထုတ်ပြွန်မှ ကျိုးပေါက်ခဲ့သည့်အတွက် ကုလားချောင်းဘုန်းတော်ကြီးနှင့် လူငယ်များမှ သဲအိတ်၊ ကျောက်အိတ်များဖြင့် ပြုပြင်မွမ်းမံခဲ့ကြောင်း သိရသည်။ ယခု ဒုတိယအကြိမ် တာကျိုးပေါက်မှုမှာ ပေ ၅၀ ခန့်ရှိပြီး ယင်းတာကျိုးပေါက် မှုကြောင့် ပျက်စီးမှုတစ်စုံတစ်ရာ မရှိ သော်လည်း တာကျိုးပေါက်နေရာကို မိုးလေဝသအခြေအနေအရ ဆက်လက်ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများအား တင်ပြထားကြောင်းလည်း သိရသည်။

**ကိုကိုမောင် (ပြန်/ဆက်)**

# လှိုင်ကော်မြို့တွင် စားသုံးရန်မသင့်သည့် စားသောက်ကုန်နှင့်ဆေးဝါးများ မီးရှို့ဖျက်ဆီး

**လှိုင်ကော် ဇွန် ၁၄**

ကယားပြည်နယ် လှိုင်ကော်မြို့ စားသုံးသူ ရေးရာဦးစီးဌာနမှ ဇွန် ၁၃ ရက်က လှိုင်ကော်မြို့ သီရိမင်္ဂလာ(တောင်ဈေး)အနီးတွင် စားသုံးရန်မသင့်သည့် စားသောက်ကုန်နှင့် ဆေးဝါးများအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ စားသုံးကုန်များတွင် ဆိုးဆေးပါသော အရောင်တင်မှုန့်၊ ဆီတိုဟူးနှင့် ဆေးဝါးများအနေဖြင့် သက်တမ်းလွန်ဆေး၊ မှတ်ပုံတင်မရှိသောဆေး၊ ဆေးအတုများစသည့် အမျိုးပေါင်း ၉၀ ကျော် သိမ်းဆည်း၍ မီးရှို့ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ အမျိုးသား အစားအသောက်နှင့်ဆေးဝါးဥပဒေအရလည်း အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း၊ လစဉ် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ အသိပညာပေး ဟောပြောပွဲများကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရှိကျောင်းများ၊ ရပ်ကွက်များတွင် ပြုလုပ်လျက်ရှိကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ စုသီရိမွန်က ပြောသည်။

ယင်းအခမ်းအနားသို့ ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ စားသုံးသူရေးရာ ဦးစီးဌာနဦးစီးမှူး ဦးခမ်းလျန်စွမ်း၊ ပြည်နယ်ပညာရေးမှူး ဦးထွန်းရီ၊ ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ တင်ဝမ်း၊ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းနှင့် ဈေးသူဈေးသားများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

နိုင်ငံတကာသတင်း

# ပြင်သစ်ရဲအကြီးအကဲနှင့် ၎င်း၏ရည်းစားအား သတ်ဖြတ်သူကို အာဏာပိုင်များက ဖော်ထုတ်

**ဂျေတီ**

**ပါရီ ဇွန် ၁၄**

ပြင်သစ်နိုင်ငံအနောက်ဘက် မဂ္ဂနာဗီလာမြို့ဆင်ခြေဖုံးအရပ်တွင် ဇွန် ၁၃ ရက်ညက ရဲအရာရှိကြီး တစ်ဦးနှင့် ၎င်း၏ရည်းစားအား သတ်ဖြတ်ခဲ့သူကို အာဏာပိုင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားသည်။

အဆိုပါ လူသတ်သမားမှာ အသက် ၂၅ နှစ်အရွယ် လာရိုးဆီးအက်ဘာလာ ဆိုသူဖြစ်ပြီး အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့် သစ္စာခံထားသူတစ်ဦးဖြစ်ကြောင်း သိရသည်။

အက်ဘာလာသည် ပါကစ္စတန်နိုင်ငံသို့သွားရောက်မည့် အစွန်းရောက်စစ်သွေးကြွများအား အကူအညီပေးခဲ့မှုဖြင့် ၂၀၁၁ ခုနှစ်က အဖမ်းခံခဲ့ရပြီး ၂၀၁၃ ခုနှစ်တွင် ထောင်ဒဏ်သုံးနှစ် ချမှတ်ခံခဲ့ရကြောင်း ပြင်သစ်ရေဒီယို အသံလွှင့်ဌာနတစ်ခုဖြစ်သည့် RMC-Info က ရဲတပ်ဖွဲ့၏အဆိုကို ကိုးကားဖော်ပြထားသည်။

တစ်ဆက်တည်းမှာပင် အိုင်အက်စ်နှင့် ဆက်စပ်သည့် သတင်းအေဂျင်စီက မဂ္ဂနာဗီလာမြို့ ဆင်ခြေဖုံးအရပ်၌ ဇွန် ၁၃ ရက်ညပိုင်းက ရဲတပ်ဖွဲ့အကြီးအကဲနှင့်၎င်း၏ အတွဲတို့အပေါ် တိုက်ခိုက်မှုသည် ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း သတင်းဖော်ပြထားသည်။

**(ဆင်ဟွာ)**

# ချောင်းရေလျှံမှုဖြစ်ပွား၍ စာသင်ကျောင်းများ ယာယီပိတ်မည်

**နတ်တလင်း ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်(အနောက်ခြမ်း)ရှိ ကျေးရွာ အုပ်စုများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဝက်ပုတ်ချောင်းမှ ရေလျှံမှုများကြောင့် စာသင်ကျောင်းများ၌ ရေများဝင်ရောက်နေသဖြင့် ဇွန် ၁၃ ရက်မှစ၍ ဇွန် ၁၇ ရက်ထိ ကျောင်းများပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ လှပခြင်းအုပ်စု ကြခတ်အိုင်ကျေးရွာ အခြေခံမူလတန်းကျောင်းတွင် မူလတန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူများ၊ ချောင်းခွအုပ်စုကွက်ကြီးရွာ အခြေခံမူလတန်း ကျောင်းရှိ ကျောင်းသား ကျောင်းသူများ၊ သာယာကုန်းအုပ်စု သာယာကုန်း အခြေခံမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများ၏တင်ပြချက်များအရ အဆိုပါရက်များတွင် ကျောင်းများပိတ်ထားမည်ဖြစ်ရာကျောင်းပြန်ဖွင့်ရာတွင် ပိတ်ရက်များအစား စနေနေ့တိုင်း အစားထိုးသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၆၂)**


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သုခမ္မမဏိဇောတရေ ဦးမြင့်စိုးထွန်း(မန်နေဂျင်းဒါရိုက်တာ၊ ရွှေဂေဟာကုမ္ပဏီ)နှင့် ဒေါ်ချိုချိုသင်း (မန်နေဂျင်းဒါရိုက်တာ၊ ရွှေမဟာစိုး ကုမ္ပဏီလီမိတက်)တို့၏ သမီးလေး မချိုသဉ္ဇာစိုး Grade-11 (A) အထက(၁)ဒဂုံသည် ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲကို ခြောက်ဘာသာဂုဏ်ထူး (ဘာသာစုံဂုဏ်ထူး)ဖြင့် အောင်မြင်ခဲ့ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးလှိုင်တင့်ဇော်-ဒေါ်ရှိန်ဝင့်ဝင့်ခိုင် (Tiger ဆီဆိုင်)**

**ဦးတင်အောင်ဝင်း-ဒေါ်သီသီလှိုင် (Aung Auto)**

# ဖားကန့် ကျောက်မျက်တူးဖော်ရေးလုပ်ကွက်တွင် ရေမဆေးကျောက်ဝင်ရောက်တူးကြသဖြင့် သုံးဦးသေဆုံးပြီး တစ်ဦးလွတ်မြောက်

**ဖားကန့် ဇွန် ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာအနီးရှိ မိုင်းမော်လုပ်ကွက်အတွင်းသို့ ဝင်ရောက်၍ လူငယ်လေးဦး ကျောက်ခိုးတူးကြရာ (လိုဏ်ခေါင်းဖောက်)မြေစာထုပြိုကျခဲ့သဖြင့် သုံးဦးသေဆုံးပြီး တစ်ဦးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် ည ၇ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာအနီးရှိ ကျော်နိုင်နှင့်ညီအစ်ကိုများကုမ္ပဏီ(နေလပွင့်ကုမ္ပဏီလက်ခွဲ) မိုင်းမော်လုပ်ကွက်အတွင်း ကမ်းပါးယံ၌ အောင်သိန်းလှုပါ လူငယ်လေးဦးတို့သည် ရေမဆေးကျောက် ဝင်ရောက်ခိုးတူးရာမှ (လိုဏ်ခေါင်းဖောက်)အမြင့်ပေ ၁၂ ပေခန့်မှ မြေစာထုများ ပြိုကျခဲ့သဖြင့် လူများ မြေစာပိမိနေကြောင်း သတင်းအရ ဖားကန့်မြို့မရဲတပ်ဖွဲ့စခန်းမှ တာဝန်မှူး ဒုရဲအုပ်ကျော်သန်းဦး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်ဇော်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ နမ့်မော်ကျေးရွာ ရပ်မိရပ်ဖများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များသည် သွားရောက်စစ်ဆေးခဲ့ရာ ခြေထောက်နှစ်ချောင်းပေါ်နေသည်ကို မြင်ရ၍ ပေါက်ပြားများဖြင့် တူးဖော်ခဲ့ရာ ကျော်စိုး(၂၄ နှစ်)၏ အလောင်းကို (ပထမနေ့)တွင် ရှာဖွေတွေ့ရှိခဲ့သည်။



တာဝန်မှူး ဒုရဲအုပ်ကျော်သန်းဦးက မှုခင်းရဲဆေးစာပေးပို့၍ တရားလိုပြုလုပ်တိုင်တန်းပြီး မြို့မစခန်းမှူး ဒုရဲမှူးလေးမြင့်က အမှုကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ပျောက်ဆုံးနေသော နောက်နှစ်ဦးအား မြေစာပြိုကျမည့် အန္တရာယ်ရှိ၍ ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် နေလပွင့်ကုမ္ပဏီမှ ဘက်ဟိုးယာဉ် တစ်စီး၊ နမ့်မော်ကျေးရွာ ရာအိမ်မှူး ဦးကြည်စိုးပါ လူ ၅၀၊ မြတ်ပါရမီ လူမှုကူညီရေးအသင်းမှ ဦးမြင့်လှိုင်ပါ ၁၅ ဦး၊ ဆိပ်မူ သဓိနာရေး ကူညီမှုအဖွဲ့မှ ဦးခင်မောင်ပါ ၁၀ ဦး၊ ဆိပ်မူအုပ်ချုပ်ရေးမှူး ဦးတူးမိုင်ပါ သုံးဦး၊ နယ်မြေခံတပ်မှ ဗိုလ်ကြီး မျိုးသူအောင်ပါ ခုနစ်ဦး၊ ရဲမှူး ချမ်းမြေ့အောင်ပါ ၁၄ ဦး၊ ဖားကန့်နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်သက်ဇော်ဦးပါ လေးဦးတို့က ဝိုင်းဝန်းရှာဖွေခဲ့ရာ ပျောက်ဆုံးနေသော လုစိန်ထွန်းနှင့် လုဒေါင်းရှည်တို့၏ အလောင်းများကို ထပ်မံရှာဖွေတွေ့ရှိခဲ့ရသည်။

သေဆုံးသူများမှာ ကျော်စိုး(၂၄ နှစ်) မော်လကင်ရပ်ကွက် ဆိပ်မူအုပ်စု ဖားကန့်မြို့နယ်နေသူနှင့် လုစိန်ထွန်း (၂၉ နှစ်)(လိပ်စာတူ)၊ လုဒေါင်းရှည် (၂၂ နှစ်)(လိပ်စာတူ) သူတို့သုံးဦးမှာ သေဆုံးပြီး အောင်သိန်းလှု (၂၇ နှစ်) (လိပ်စာတူ)မှာ မြေပြိုသည့်အချိန်၌ ရေသွားခပ်နေသဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# မိုးထဲရေထဲ အထည်ဖျင်စက်ရုံ မီးလောင်မှုဖြစ်ပွား

**ပုသိမ် ဇွန် ၁၄**

ပုသိမ်မြို့အမှတ်(၁၃)နယ်မြေ ကင်မလင်းကျွန်းလမ်းနေ ဦးအာရှင်(ခ)ဦးတင်မောင်လတ်၏ နေအိမ် အိမ်တွင်းမှုအထည်ဖျင်စက်ရုံ၌ ဇွန် ၁၄ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲဗလဦးမျိုးဝင်းဦးဆောင်၍ တိုင်းဒေသကြီး မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ ကွပ်ကဲယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီး၊ ပုသိမ်နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ငဝန်ကျွန်းသာနယ်မြေ မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန် ၁၀ ဦး၊ မနောဖြူရေသယ်ယာဉ်တစ်စီးနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ငြိမ်းသတ်မှုကြောင့် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **(အောက်ပုံ)**



မီးလောင်မှု ဖြစ်ပွားရခြင်းမှာ ကင်မလင်းကျွန်းလမ်းနေ အထည်ဖျင်စက်ရုံပိုင်ရှင် ဦးအာရှင်(ခ)ဦးတင်မောင်လတ်၏ နေအိမ် အိမ်တွင်းမှု အထည်ဖျင်စက်ရုံ၌ အလုပ်သမား မောင်ဇော် (၃၆ နှစ်) သည် နိုင်လွန်ဖျင်စများကို စက်ဖြင့်မျှင်ထုတ်ရာ၌ လျှပ်စစ်ဘုတ်ခုံရှိ ခလုတ်ဖွင့်လိုက်ရာမှ လျှပ်စစ်မီးပွားများ လွင့်စဉ်ကျပြီး နိုင်လွန်ဖျင်စများကို မီးလောင်ကျွမ်းရာက ဖျင်စသိုလှောင်ခန်းသို့ ကူးစက်လောင်သွားပြီး ပေ(၂၀×၄၀)ရှိ သွပ်မိုး၊ သွပ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အအုံနှင့် အထည်ဖျင်စက်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ စက်ရုံအလုပ်သမား မောင်ဇော်ကို မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ❂ *ကျောဖုံးမှ*

ဘယ်လ်ဂျီယံအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးနှင့် ဂိုးကန်သွင်းခွင့် အများဆုံးရရှိခဲ့သော်လည်း တိုက်စစ်မှူးများ၏ အဆုံးသတ်မသေချာမှုကြောင့် ရှုံးနိမ့်ခဲ့ရသည်။

ဇွန် ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ခဲ့သည့် အိုင်ယာလန်နှင့် ဆွီဒင်တို့ပွဲတွင် ဒုတိယပိုင်းပွဲစပြီး ၄၈ မိနစ်တွင် ဟူးလဟန်က အိုင်ယာလန်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၇၁ မိနစ် ဆွီဒင်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ဖြတ်တင်ဘောကို အိုင်ယာလန်နောက်တန်းကစားသမား စီယာရန်ကလက်ခ် ခေါင်းတိုက်ဖျက်ထုတ်ရာမှ ဂိုးဝင်ခဲ့၍ ချေပဂိုးပေးလိုက်ရသည်။ အုပ်စု(င)တွင် အီတလီအသင်း ရမှတ်သုံးမှတ်ရရှိထားပြီး အိုင်ယာလန်နှင့် ဆွီဒင်မှာ တစ်မှတ်စီရရှိခဲ့သည်။

## ကိုပါအမေရိကဖလား အုပ်စု(ဂ) မက္ကဆီကိုနှင့် ဗင်နီဇွဲလား နောက်တစ်ဆင့်တက်

ကိုပါအမေရိကဖလား အုပ်စု(ဂ) နောက်ဆုံးပွဲစဉ်များကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ မက္ကဆီကိုနှင့် ဗင်နီဇွဲလား တစ်ဂိုးစီသရေကျပြီး ဥရုဂွေးက ဂျမေကာကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

အုပ်စု(ဂ)မှ မက္ကဆီကိုနှင့် ဗင်နီဇွဲလားတို့ ရမှတ် ခုနစ်မှတ်စီဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ ဇွန် ၁၇ ရက် နံနက် ၈ နာရီတွင် ရှုံးထွက်ပွဲစဉ်အဖြစ် အမေရိကန်နှင့် အီကွေဒေါ၊ ဇွန် ၁၈ ရက် နံနက် ၆ နာရီခွဲတွင် ပီရူးနှင့် ကိုလံဘီယာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ■ **သီဟ**

**ဖခင်အမည်မှန်**

ကျောက်တန်း အထက(၂) (သော်ကကျောင်း) တက္ကသိုလ်ဝင်တန်း(ဂ)မှ မစန္ဒာဝင်း(၃၄၂/၁၅)၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၁၂/ကတန(နိုင်)၀၃၇၆၈၅ ဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်**

**ဖခင်အမည်မှန်**

ကျောက်တန်း အထက(၂) (သော်ကကျောင်း) တက္ကသိုလ်ဝင်တန်း(ခ)မှ မနေခြည်ထက်ဝေ (၂၇၂/၁၆)၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်ဦး ၁၂/ကတန(နိုင်)၀၄၀၇၂၂ ဖြစ်ပါကြောင်း။ **ဦးဇော်လွင်ဦး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဘွေလောခိုင် ၄/မတပ(နိုင်)၀၃၃၉၅၇၏ နိုင်ငံကူးလက်မှတ် ၇၅၂၁၁၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၃၂၃၂၃၀၂**

**မိခင်အမည်မှန်**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အထက(ခွဲ)ကန်လှ၊ ပထမတန်းမှ မစုမြတ်နွယ်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်သီသီခိုင် ၉/လဝန(နိုင်)၁၇၄၉၇၉ ဖြစ်ပါကြောင်း။ **ဒေါ်သီသီခိုင်**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၆-၂၀၁၆ ရက် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ(၂၀)ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာတွင် သန်းလွင်၊ ဒုတိယခရိုင်တရားသူကြီး နေရာတွင် သန်းလွင်၊ ဒုတိယခရိုင်တရားသူကြီး၊ ဒက္ခိဏခရိုင်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**သွေးသည် အသက်**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရွှေဘိုမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန်အတွက် (FDA)အသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၇-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့**
**ဖုန်း-၀၇၅-၂၁၀၀၈**

**အမည်ပြောင်း**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်နေသူရအောင်၏ ဖခင်အမည်အား ဦးမြင့်ဆွေမှ ဦးခင်မောင်ချိုသို့ ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးခင်မောင်ချို**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ညောင်တုန်းမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇**

ဒေါ်ဝါဝါချို **နှင့်** ၁။ ဦးဝေလင်းဦး
၂။ ဦးလှဝင်း

**တရားလို** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ချောင်းဖျားကြီးကျေးရွာ ညောင်တုန်းရေနံမြေဓာတ်ငွေ့စက်ရုံနေ ဦးဝေလင်းဦး(ဘ)ဦးလှဝင်းတရားပြိုင် (၁)(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝါဝါချိုက ငွေကျပ်သိန်း(၄၀)တိတိရလိုမှုအတွက် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၁၇ရက် (၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေစိမ့်စမ်း)**
**မြို့နယ်တရားသူကြီး**
**ညောင်တုန်းမြို့နယ်တရားရုံး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ လိုအပ်သော ဆေးဝါး၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဆိုင်ရာဆေးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံများကို ၁၅-၆-၂၀၁၆ ရက်မှ စတင်ထုတ်ပေးပြီး ၁၅-၇-၂၀၁၆ ရက် ညနေ ၄ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ကျိုင်းတုံဆေးရုံကြီး**
**ဖုန်း-၀၈၄-၂၁၅၁၁၊ ၀၈၄-၂၂၅၁၄**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အားကစားနှင့်ကာယပညာဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) အားကစားပစ္စည်းများ
(ခ) အိပ်ရာသုံးပစ္စည်းများ
(ဂ) စားရိပ်သာသုံးပစ္စည်းများ
(ဃ) ဆေးခန်းသုံးပစ္စည်းများ
(င) ရိုက်ကူးရေးသုံးပစ္စည်းများ
(စ) လုပ်ငန်းသုံးစက်ပစ္စည်းများ
(ဆ) ရုံးသုံးစက်ပစ္စည်းများ
(ဇ) ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၆-၂၀၁၆ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၆-၇-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးအမှတ်(၃၁)၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၁၈ သို့ ဆက်သွယ်ပြီး လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

**ဂုဏ်ယူဝမ်းမြောက်ကြောင်း**

၂၀၁၅-၂၀၁၆ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဦးမြင့်လွင် (ညွှန်ကြားရေးမှူး၊ မန္တလေးလျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း)-ဒေါ်သီတာ(မူ/ပြ -ငြိမ်း)တို့၏သား မောင်ဝေယံရဲရင့် (၅)ဘာသာဂုဏ်ထူးရှင်၊ ဦးရွှေမိုး-ဒေါ်ရီရီမာတို့၏သား မောင်ပြည်ကျော်မိုး (၄)ဘာသာဂုဏ်ထူးရှင်၊ ဦးမျိုးမြင့်-ဒေါ်နွယ်မိုးမိုးမောက်တို့၏သား (၂) ဘာသာဂုဏ်ထူးရှင် မောင်အောင်ဇေယျာကျော်တို့အား မိသားစုများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးဦးသိန်းထွန်း-အန်တီဒေါ်မာမာလွင်**
**ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မအူပင်ခရိုင်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅**

ဒေါ်ငွေဇင်စိုး **နှင့်** ၁။ ဒေါ်ရွှေဇင်စိုး
၂။ ဦးအောင်သူစိုး
၃။ ဦးထွန်းထွန်းဦး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၈၁)နေ (၃) တရားပြိုင်ဖြစ်သော ဦးထွန်းထွန်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၁၆ခုနှစ် ဇွန် ၁၆ ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်၊ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းကြွေ)**
**ခရိုင်တရားသူကြီး**
**မအူပင်ခရိုင်တရားရုံး**

# နေပြည်တော်၌ အုပ်စုဖွဲ့လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်ကောင်စီနယ်မြေတွင် အုပ်စုဖွဲ့၍ လုယက်မှုကျူးလွန်သူများအား ရဲတပ်ဖွဲ့၏ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်မှုကြောင့် ကွင်းဆက်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

မေ ၂၅ ရက်နေ့ည ၁၁ နာရီခွဲက နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကျော်ဖြိုးလှိုင် ဦးစီးသောအဖွဲ့နှင့် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မျိုးလွင်နှင့်အဖွဲ့သည် ပျဉ်းမနားမြို့ပန်းခင်းမီးပွိုင့်၌ရှိနေစဉ် ပျဉ်းမနားမြို့ရွာကောက်ရပ်ကွက်နေ ကျော်စိုးနိုင်ပါ နှစ်ဦးထံမှ ပန်းခင်းမီးပွိုင့်ဘက်မှ ဆိုင်ကယ်သုံးစီးဖြင့်လာသည့် အမျိုးသားလူငယ်လေးဦးက ဓားထောက်ပြီး ဆိုင်ကယ်နှင့် ဖုန်းအား လုယူသွားကြောင်း သတင်းရလျှင်ရခြင်း လုယူထွက်ပြေးသွားသောလူငယ်လေးဦးနောက်သို့ လိုက်လံဖမ်းဆီးခဲ့ရာ ချမ်းငြိမ်း(ခ) ငြိမ်းချမ်းဇော်၊ စိုးဝင်းသူတို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်အရေးယူခဲ့သည်။

ဆက်လက်၍ လုယက်မှုတွင်ပါဝင်သော ပြည့်ဖြိုးအောင်(ခ) တွတ်ပီ၊ ချမ်းငြိမ်း၊ အောင်ကြီး (ခ) ဟန်ဝင်းအောင်၊ သောင်းဝင်းနိုင်၊ သန်းထိုက်စိုး၊ သိန်းဇော်ဦး(ခ) သိန်းဇော်၊ စန်းကိုနိုင်၊ ဘောဘော (ခ) ဇေယျာမြတ်လွင်၊ မင်းစိုးထိုက်(ခ) မင်းမင်း (ခ) မျက်သီး၊ သန်းနိုင်ဦး (ခ) ပိုင်ကြီး၊ စိုးသန်းဦး(ခ) ငစိုး၊ စည်သူ(ခ) ငစည်ပါ ၁၂ ဦးတို့အား ထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း ၁၄ ဦး ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်ဖော်ထုတ်ချက်အရ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကုံကော်အိမ်ရာရှေ့တွင် မေ ၂၁ ရက် နံနက် ၁ နာရီခွဲက အမျိုးသားတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်းတစ်လုံး လုယက်မှု၊ ဇွန် ၁ ရက် ည ၁၁ နာရီတွင် ဒက္ခိဏသီရိမြို့နယ် ဇမ္ဗူသီရိဟိုတယ်ရှေ့ရှိ သမီးရည်းစားစုံတွဲထံမှ ဆိုင်ကယ်တစ်စီး လုယူမှု၊ မေလဒုတိယပတ် ည ၁၁ နာရီက ဒက္ခိဏသီရိမြို့နယ် သံတမန်အိမ်ရာ ဇမ္ဗူကျက်သရေလမ်းဆုံလမ်းလယ်ကျွန်းပေါ်ရှိ သမီး ရည်းစားစုံတွဲထံမှ ဆိုင်ကယ်တစ်စီး လုယက်မှု၊ မတ် ၁၂ ရက် ည၁၀ နာရီက ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိ ဘုရားရှေ့လူသွားလမ်း၌ သမီးရည်းစားအတွဲတစ်တွဲထံမှ ဆိုင်ကယ်တစ်စီးအား လုယက်မှု၊ ယခုနှစ် ဧပြီ ၁၀ ရက် ည ၁၀ နာရီခန့်က ဥတ္တရသီရိမြို့နယ် ဖိုးစောင်းတောင်လမ်းမဘေးတွင် အရက်သောက်နေသော အမျိုးသားနှစ်ဦးထံမှ ဆိုင်ကယ်တစ်စီးအား လုယက်မှု၊ ဧပြီ၁၃ ရက် ည၁၁ နာရီခန့် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီးငွေလျှံကုန်းဘုန်းကြီးကျောင်းရှေ့ လမ်းပေါ်တွင် ဆိုင်ကယ်နှစ်စီးဖြင့် သမီးရည်းစားစုံတွဲထံမှ ဓားထောက်ပြီး ဖုန်းတစ်လုံး၊ လက်စွပ်တစ်ကွင်းအား လုယက်မှု၊ မေ ၂၀ ရက် ည ၉ နာရီက ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ကောင်စီလမ်းဘေး ကံလှကွက်သစ်ရွာထိပ်၌ လမ်းလျှောက်လာသူ လူငယ်နှစ်ဦးအား ဓားထောက်ပြီး ဖုန်းတစ်လုံး၊ ပါဝါဘန့်တစ်ခုတို့အား လုယက်ကျူးလွန်ခဲ့ခြင်းများကို စစ်ဆေးချက်အရ ပေါ်ပေါက်ခဲ့၍ အုပ်စုဖွဲ့ ဓားထောက်လုယက်ခဲ့သူ ချမ်းငြိမ်း(ခ)ငြိမ်းချမ်းဇော်(ခ)မုန့်လုံးကြီးပါ ၁၄ ဦးအား အရေးယူခဲ့ပြီး ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ထိုင်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြား အမြောက်အမြား ဖမ်းဆီးရမိ

**မယ်ဆိုင် ဇွန် ၁၄**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ရှိ ထိုင်း-မြန်မာအမှတ်(၁)ချစ်ကြည်ရေးတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြန်မာနိုင်ငံသားခြောက်ဦး စီးနင်းလာသော မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀၀ ကျော်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာဇွန် ၁၃ ရက် ည ၇ နာရီခွဲခန့်က ထိုင်းနိုင်ငံ ချင်းရိုင် ခရိုင် မယ်ဆိုင်မြို့ မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတားထိပ်ထိုင်းဘက်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ အမှတ်(၂)လှုပ်ရှားယန္တရားတပ်မှ ဗိုလ်ကြီး နိုင်းခစ် ဦးစီးတပ်ဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်ဝန်ထောက် နန်းဆီရိဖန်းဝိဆူထိဖွန်းနှင့် တာဝန်ရှိသူများနှင့် လဝကအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံသို့ ဝင်ရောက်မည့် ယာဉ်မောင်း ကျော်မင်းထွန်း (၃၄ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် စိုင်းအောင်မိုး(၃၀ နှစ်)၊ စိုင်းထွန်းရင်(၃၃ နှစ်)၊ မမြထွေး(၃၁နှစ်)၊ မစန်းလွင်(၂၇နှစ်)နှင့် မနန်းဟွမ်(၃၁ နှစ်) ခြောက်ဦးတို့ စီးနင်းလိုက်ပါလာသည့် 6H/------ အဖြူရောင်ယာဉ်အား မူးယစ်ဆေးဝါးသတင်းအရ ရပ်တန့်ရှာဖွေရာ ယာဉ်၏နောက်ခန်းအတွင်း ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄၁၄၀၀အား ရှာဖွေတွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။ ထိုသို့ပူးပေါင်းအဖွဲ့ဖြင့် မော်တော်ယာဉ်အား မူးယစ်ဆေးဝါးများရှာဖွေနေစဉ် မနန်းဟွမ်(၃၁နှစ်)မှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

အမှုမှ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား တာဝန်ရှိသူတို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မူးယစ်ဆေးဝါးနှင့် လက်နက်များ ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေး၏ကြီးကြပ်မှုဖြင့် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးရုံး ဦးစီး(၁)ဌာနမှ ရဲအုပ်သန်းဇော်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒဂုံတောင်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲအုပ် မင်းမင်းထွန်းဦးစီး တပ်ဖွဲ့ဝင်များ၊ ဒဂုံဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ကျော်ဝင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အောင်မင်းသိန်းဦးစီး တပ်ဖွဲ့ဝင်များသည် ဇွန် ၁၂ ရက် ည ၇ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၀)ရပ်ကွက် မင်းနန္ဒာ(၂)လမ်း၊ မ/၁၃၅၇ ၌ မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေရာ အိမ်ရှင်ဖြစ်သူ ဦးသောင်းညွန့်(၆၇ နှစ်) မင်းနန္ဒာ(၂)လမ်း (၂၀) ရပ်ကွက် ဒဂုံတောင်၊ ကိုကျော်ဝင်း (၂၅ နှစ်) နွယ်သာကီလမ်း(၇၂)ရပ်ကွက် ဒဂုံတောင်၊ ထွန်းထွန်းဦး (၃၁ နှစ်) ကျူးတဲ(၇၀)ရပ်ကွက် ဒဂုံတောင်နေသူတို့သုံးဦးအား ဆေးခြောက် အရွက်ခြောက် သုံးဂရမ်ခန့်နှင့်အတူ မူးယစ်ဆေးဝါးရောင်းရ ငွေကျပ် ၂၅၂၅၀၊ မူးယစ်ဆေးဝါး ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသည်။ ထို့အပြင် အဆိုပါနေအိမ်၌ အရှယ်စုံ ငှက်ကြီးတောင်ဓား ငါးချောင်း၊ ဓားဦးချွန်သုံးချောင်း၊ ဓားမတစ်ချောင်း၊ ရဲတင်းတစ်လက်၊ ကတ်ကြေးတစ်လက်၊ သံလက်သီး တစ်ခု၊ သံပိုက်တစ်ချောင်းနှင့် လေးခွတစ်လက်တို့ကို သိမ်းဆည်းရမိသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် ထွန်းထွန်းဦး( ၃၁ နှစ်)၏ နေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကို ထပ်မံသိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါး၊ လက်နက်များနှင့်အတူ ဖမ်းဆီးရမိသူ ဦးသောင်းညွန့်ပါသုံးဦးတို့အား ဒဂုံတောင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**




# ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူ တောင်ခြေရင်းတွင် **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** ပိုင် စက်ရေတွင်းတူးစက်သစ်ကြီးဖြင့် အချိန်(၃)ရက်အတွင်း အနက်ပေ(၅၀၀)တွင် တစ်နာရီလျှင် ရေဂါလံ(၃၀၀၀)ထွက်ရှိအောင် တူးဖော်လှူဒါန်းပေးခဲ့သဖြင့် နှစ်စဉ်ကျင်းပမြဲ တပေါင်းပွဲတော်လာ ပြည်သူများ၊ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ၊ ကမ္ဘာအရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူ နိုင်ငံခြားသားများ၊ ငှက်ပျောတောနှင့် ပြည်တော်သာရပ်ကွက်နေ ပြည်သူများအားလုံးအတွက် လိုအပ်ရှားပါးလှသော သောက်သုံးရေမှာ အခက်အခဲမရှိ အဆင်ပြေပြီ ဖြစ်ပါ၍ ဝမ်းမြောက်နမော် သာခုခေါ်ဆိုကာ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သြဝါဒစရိယဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့၊
မြို့သူမြို့သားများ၊ ပင်းတယမြို့။



**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး**
**အင်းစိန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန အင်းစိန်ခုတင်(၅၀၀)ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများအားကုသရန် လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးဝါးများဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်မှန်ဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၁၅-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၇-၂၀၁၆ရက် ညနေ ၄နာရီ

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့်တင်သွင်းရမည့် ဆေးဝါးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်း သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်၌လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**သင်ကြားရေးနှင့်အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၆၄၀၅၂၃**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၁)မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

(၁) မြစ်သဲ
(၂) မြစ်ကျောက်စရစ်
(၃) တောသစ်
(၄) မြေဖယောင်း(Bentonite)
(၅) လျှပ်စစ်ကေဘယ်ကြိုးနှင့်ဆက်စပ်ပစ္စည်းများ

တင်ဒါပုံစံများကို ၁၆-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီတွင် စတင်ရောင်းချပြီး ၂၉-၆-၂၀၁၆ရက် ညနေ ၄နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၁၁)၊ သာကေတ၊ ဖုန်း-၀၁-၅၅၅၇၇၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၁)**



## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၆-၂၀၁၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာ၌ ၅ခ/၆၂၄၉ အစား ၅ခ/၆၂၄၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၆-၂၀၁၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာ၌ ၁၉/၆၁၂၆၉ အစား ၁၉ယ/၆၁၂၆၉ဟု ပြင်ဆင်ဖတ်ရှုပါရန်။

KBZ BANK

# ရန်ကုန်ဘဏ်ခွဲ (၉၈)၊ ဘုန်းကြီးလမ်း ဘဏ်ခွဲ

အမှတ်(၇၂)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၂၃၀၃၁၉၂၊ ၂၃၀၃၁၉၃၊ ဖက်စ်(၀၁)၂၃၀၃၁၈၉၊ ၂၃၀၃၁၉၀

# စစ်ကိုင်းဘဏ်ခွဲ (၂)၊ ရွာထောင် ဘဏ်ခွဲ

အမှတ်(F–၁၉၇)၊ ရွာထောင်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဖုန်း(၀၇၂)၂၁၁၂၈၊ ၂၁၁၃၀၊ ဖက်စ်(၀၇၂)၂၁၁၃၁၊ ၂၁၁၃၂

# ရန်ကုန်ဘဏ်ခွဲ (၉၉)၊ မဟာဗန္ဓုလလမ်း ဘဏ်ခွဲ

အမှတ်(10/H)၊ မဟာဗန္ဓုလလမ်းနှင့် (၄၈)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၈၆၁၀၇၄၀၊ ၈၆၁၀၇၄၁၊ ဖက်စ်(၀၁)၈၆၁၀၇၄၂၊ ၈၆၁၀၇၄၃

# ရန်ကုန်ဘဏ်ခွဲ (၁၀၀)၊ ကန်တော်ကြီးရိပ်မွန် ဘဏ်ခွဲ

တိုက်(MS-4)၊ ကန်တော်ကြီးရိပ်မွန်အဆင့်မြင့်အိမ်ရာ၊ အထက်မင်္ဂလာလေးလမ်းမ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၃၇၂၂၃၈၊ ၃၇၂၄၃၂၊ ၃၇၂၃၀၆၊ ဖက်စ်(၀၁)၃၇၂၈၁၃၊ ၃၇၂၂၄၅၊ ၃၇၂၆၄၀

# ရန်ကုန်ဘဏ်ခွဲ (၁၀၁)၊ အင်းစိန် – ကြို့ကုန်း ဘဏ်ခွဲ

အမှတ်(၃၁/A)၊ မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၆၄၀၆၇၄၊ ၆၄၁၈၃၅၊ ဖက်စ်(၀၁)၆၄၀၅၁၉၊ ၆၄၁၄၅၁

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## ထင်သာမြင်သာ ပြုပြင်စရာ

# လူသွားလမ်းပေါ်မှ ထရန်စဖော်မာကြောင့် ဓာတ်လိုက်မည်ကိုစိုးရိမ်နေရ



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေကျော်လမ်းထောင့် ကမ္ဘောဇဘဏ်အနီးရှိ လျှပ်စစ်ထရန်စဖော်မာကြီးမှာ လူအများသွားလာသည့် ပလက်ဖောင်းပေါ်တည့်တည့်၌ အပြည့်အဝနေရာယူ၍ တည်ရှိနေသဖြင့် ယခုလို မိုးရာသီကာလတွင် လမ်းလျှောက်သွားလာသော ပြည်သူများအတွက် လျှပ်စစ်အန္တရာယ် စိုးရိမ်စရာဖြစ်နေပါသည်။

ထရန်စဖော်မာကို အကာအရံများ ကာရံထားသော်လည်း ထိုအကာအရံများတွင် ဈေးသည်တစ်ဦးက ဈေးဆိုင်ခုံများကို မှီထောင်၍ စည်းကမ်းမဲ့ထားရှိသည်မှာလည်းကြာနေပြီဖြစ်ပါသည်။ အဆိုပါ ထရန်စဖော်မာအနီးမှ ကျောင်းသားကျောင်းသူများ၊ ရေကျော်ဈေးလာသူ ရပ်ကွက်နေပြည်သူများအပါအဝင် လူအများအပြား နေ့စဉ်ဖြတ်သန်းသွားလာနေကြရာ ယခုလိုမိုးရာသီကာလတွင် မိုးရေမှတစ်ဆင့် လျှပ်စစ်ဓာတ်အားစီးကူးကာ ဓာတ်လိုက်မည်ကို စိုးရိမ်နေရပါသည်။

ထို့ကြောင့် အဆိုပါ လျှပ်စစ်ထရန်စဖော်မာကြီးကို လူအများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးရန် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။ (ဝ၂၂)

# ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) လုပ်ငန်းညှိနှိုင်းပွဲနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကျင်းပ

**ဝါးခယ်မ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး(NFPE)လုပ်ငန်းဆိုင်ရာ ညှိနှိုင်းပွဲနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကျောင်းပြင်ပ မူလတန်းပညာရေးတာဝန်ခံ တိုင်းပညာရေးမှူး(ငြိမ်း) ဆရာကြီးဦးစိုးမြင့်က ကျောင်းပြင်ပ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ကျောင်းပြင်ပ မူလတန်းပညာရေးတွင် တက်ရောက်နိုင်သူများမှာ အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာဖြင့် ဝေးကွာခဲ့သည့် အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ်ကလေးများဖြစ်ကြောင်း၊ ကျောင်းပြင်ပ မူလတန်းပညာရေးတွင် တစ်ပတ်လျှင် ခြောက်ရက်၊ တစ်နေ့လျှင် စာသင်ချိန်နှစ်နာရီခွဲဖြင့် အခမဲ့သင်ကြားပေးသည့်အပြင် လိုအပ်သည့် ထောက်ပံ့မှုများလည်းပေးထားသဖြင့် လူမှုရေး၊ စီးပွားရေးအရ လုပ်ရှားရုန်းကန်နေရသော ကလေးသူငယ်များအတွက် များစွာအဆင်ပြေစေမည်ဖြစ်ကြောင်း၊ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို Level 1၊ Level 2 အဆင့်သတ်မှတ်ကာ သူငယ်တန်း၊ ပထမတန်းအောင် ကျောင်းသားများနှင့် ဒုတိယတန်း မအောင်မြင်ဘဲ အတန်းပညာဖြင့် ဝေးကွာခဲ့သည့် ကျောင်းသားများကို Level 1 အဆင့် သတ်မှတ်မည်ဖြစ်ကြောင်း၊ ဒုတိယတန်း၊ တတိယတန်းအောင် ကျောင်းသားများနှင့် စတုတ္ထတန်း မအောင်မြင်ခဲ့သူများကို အရည်အချင်းစစ် စာမေးပွဲဆုံးဖြတ်ချက်ဖြင့် Level 2 အဆင့် တက်ရောက်သင်ကြားနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းပြင်ပ မူလတန်းပညာရေး ပညာသင်စခန်းတစ်ခုတွင် ဒေသခံ အငြိမ်းစားပညာရေးဝန်ထမ်းများ ဦးစားပေးရွေးချယ်ပြီး သင့်တော်ရာ ဆရာ ဆရာမနှစ်ဦးစီထားရှိကာ သင်ကြားပြသပေးမည်ဖြစ်ကြောင်း၊ သင်ကြားပြသမှုတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဘာသာရပ်များ ပါဝင်မည်ဖြစ်ကြောင်း၊ ကျောင်းပြင်ပ မူလတန်းပညာရေးတွင် တက်ရောက်သော ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနက ကြီးမှူးကျင်းပမည့် အရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ပါက ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ကာ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် Level 1 အဆင့် အောင်မြင်ပါက အခြေခံပညာကျောင်းများတွင် တတိယတန်းမှစ၍ အတန်းပညာ ဆက်လက်သင်ယူနိုင်မည်ဖြစ်ပြီး Level 2 အဆင့်အောင်မြင်ပြီးပါက စတုတ္ထတန်းမှစ၍ အတန်းပညာ ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်းလည်း တိုင်းဒေသကြီး ကျောင်းပြင်ပ မူလတန်းပညာရေးတာဝန်ခံက ဆက်လက်ရှင်းလင်းပြောကြားသည်။




ထို့နောက် ကျောင်းပြင်ပ မူလတန်းပညာရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သိန်းငွေတို့က ဝါးခယ်မမြို့နယ်အတွင်း ကျောင်းပြင်ပ မူလတန်းပညာရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ အလှူရှင်များက ကျောင်းပြင်ပ မူလတန်းပညာရေးတွင် သင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာများ၊ ထီး၊ ကျောပိုးအိတ်များ လှူဒါန်းခဲ့ကြသည်။ ဝါးခယ်မမြို့နယ်အတွင်း၌ ယခုနှစ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးကို စခန်းခြောက်ခုဖွင့်လှစ်၍ သင်ကြားပေးသွားမည်ဖြစ်ကာ ကျောင်းသား ကျောင်းသူ ၇၃ ဦး တက်ရောက် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ(ဝါးခယ်မ)**

# ညောင်တုန်းမြို့နယ်မှ လယ်သိမ်းခံတောင်သူလယ်သမားများ သတင်းစာရှင်း

**ညောင်တုန်း ဇွန် ၁၄**

ညောင်တုန်းမြို့နယ် အတွင်းမှတောင်သူ လယ်သမားများ၏ လယ်ယာမြေသိမ်းဆည်းမှု ပြဿနာများ ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် မြို့နယ်မှ လယ်သိမ်းခံတောင်သူလယ်သမားများ၏ သတင်းစာရှင်းလင်းပွဲကို ညောင်တုန်းမြို့ရှိ မြို့တော်ခန်းမ၌ ဇွန် ၁၂ ရက်နံနက် ၁၁ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ်မှ တောင်သူလယ်သမားများ၏ အကျိုးကိုဆောင်ရွက်နေသူ ဦးခင်မောင်ဝင်း၊ ဦးမြင့်ဝင်း၊ ဦးသန်းဝင်းတို့က မိမိတို့လယ်သိမ်းခံတောင်သူလယ်သမားများမှာ လယ်ယာမြေပြဿနာများဖြေရှင်းဆောင်ရွက်ပေးရန် ဆန္ဒပြတောင်းဆိုခြင်းမဟုတ်ဘဲ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တောင်သူလယ်သမားများ၏ အရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် မှန်ကန်လျင်မြန်မှုရှိစေရေးအတွက် အထောက်အကူဖြစ်စေရန် တောင်သူလယ်သမားများ၏ သတင်းစာရှင်းလင်းပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥပဒေပညာရှင်တရားလွှတ်တော်ရှေ့နေဦးမြင့်လွင်က လယ်ယာမြေပြဿနာများ ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေမည့် လယ်ယာမြေဥပဒေအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်း၊ စံကင်းကျွန်းနှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတို့မှ လယ်သိမ်းခံတောင်သူလယ်သမားများက ၎င်းတို့၏ လယ်ယာမြေများ သိမ်းဆည်းခံရမှုများနှင့် လယ်ယာမြေပြဿနာများဖြေရှင်းဆောင်ရွက်ရာတွင် တရားမျှတမှုရှိစေရေးအတွက်မြေရာဇဝင်တိကျမှန်ကန်စွာသိရှိပြီး လယ်ယာမြေဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ရေးအတွက်သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆောင်ရွက်ပေးရန် ရှင်းလင်းပြောကြားကြသည်။



ညောင်တုန်းမြို့နယ်တွင် ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက လယ်မြေကေရာထောင်ချီ၍ ရယူကာ အချို့အနည်းငယ်ကိုသာကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီး လယ်မြေကို ပြန်လည်အငှားချလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ငါးကန်များတူးဖော်ခြင်း၊ အလဟဿထားခြင်းများရှိနေကြောင်း သိရှိရသည်။

တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်းတည်းက ဧကမြောက်မြားစွာရယူထားကြပြီး မနိုင်မနင်းလောဘတကြီး လုပ်ကိုင်ကြမည့်အစားမျှမျှတတခွဲဝေဆောင်ရွက်သင့်ကြောင်းလည်း ဝေဖန်မှုများ ရှိနေကြသည်။

တောင်သူလယ်သမားအရေးဆောင်ရွက်ပေးနေသူ ဦးဇော်ရန်းက တောင်သူလယ်သမား ရေးရာများ၊ မြေသိမ်းယာသိမ်းကိစ္စဖြေရှင်းရေးနှင့် ပတ်သက်သော အကြောင်းအရာများကိုလည်းကောင်း၊ ဥပဒေအကျိုးဆောင်ရှေ့နေ ဦးငြိမ်းချမ်းမျိုးက မျက်မှောက်ခေတ်နိုင်ငံရေးအခြေအနေနှင့် လယ်ယာမြေအငြင်းပွားမှု ပြဿနာများ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူလယ်သမားများ၏ သဘောထား ထုတ်ပြန်ချက်ကို ဖတ်ကြားကာသတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ရှမ်းပြည်နယ်အတွင်းမှ သရက်သီးစိုက်ပျိုးသူများအား (GAP)အသိအမှတ်ပြုလက်မှတ်များ ပေးအပ်

**တောင်ကြီး ဇွန် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ရှမ်းပြည်နယ်အတွင်းမှ သရက်သီးစိုက်ပျိုးထုတ်လုပ်သူများအား (GAP)အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပွဲကို တောင်ကြီးမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်နိုင်က GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက ဆီဆိုင်မြို့ပါလောပါကယ်ကျေးရွာမှ ဦးစိုးသိန်းနှင့် ရပ်စောက်မြို့မကျီးကုန်းကျေးရွာမှ ဒေါ်ခင်မိုးသန်းတို့အား GAP အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ရှမ်းပြည်နယ်အတွင်းမှ ... 

# ရိုးခေါဒါရ်မြို့၌ ကိုယ့်အားကိုယ်ကိုး လမ်းတိုးချဲ့ဖောက်လုပ်

**ရိုးခေါဒါရ် ဇွန် ၁၄**

ချင်းပြည်နယ် ရိုးခေါဒါရ်မြို့တွင်းရှိ ဟွေးလိုလမ်းကို အမှတ်(၁)ရပ်ကွက်ပြည်သူများ၏ စုပေါင်းလုပ်အားဖြင့် ဇွန် ၁၁ ရက်က တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ ဟွေးလိုလမ်းသည် ရိုးခေါဒါရ်မြို့တွင်းရှိ အသုံးဝင်သောလမ်းမတစ်ခုဖြစ်ပြီး ယခင်က အကျယ် ၈ ပေသာရှိရာ ယာဉ်သွားလာမှုအဆင်မပြေခြင်းကြောင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ လမ်းတိုးချဲ့ခြင်းဖြစ်ကြောင်း၊ ယခင်လမ်းအကျယ် ၈ ပေမှ ယခု အကျယ် ၁၂ ပေ၊ အရှည်ပေ ၅၀၀ အထိ တိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ JCB စက်ကြီးတစ်စီးနှင့် မြေစာတင်ယာဉ်နှစ်စီးကို အသုံးပြုကာ ရပ်ကွက်နေပြည်သူများ၏ လုပ်အားများဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ရွှေ့ပြောင်းအလုပ်သမားများအား အိမ်ထောင်စုစာရင်း ပြုလုပ်ပေးရန် ကွင်းဆင်းစာရင်းကောက်

**သံဖြူဇရပ် ဇွန် ၁၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေ့ပြောင်းနေထိုင်သူများနှင့် နေရာအတည်မရှိသည့် ရွှေ့ပြောင်းလုပ်သားများ၏ မိသားစုများအား အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်သင့်သော အသိအမှတ်ပြုကတ်တစ်မျိုးမျိုးကို ဆောင်ရွက်ပေးရန်အတွက် ဇွန်လပထမပတ်အတွင်းမှစ၍ ရပ်ကွက်နှင့် ကျေးရွာများတွင် ကွင်းဆင်း စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးမင်းလတ်နှင့် ဝန်ထမ်းများက ကွင်းဆင်းစာရင်းကောက်ယူနေခြင်းဖြစ်သည်။ ကွင်းဆင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးမှူးက "သံဖြူဇရပ်မြို့နယ်အတွင်းမှာ ဧရာဝတီနဲ့ ပဲခူးတိုင်းဒေသကြီးက ရွှေ့ပြောင်းလုပ်သားတွေ အများဆုံးရောက်ရှိနေထိုင်တာကို သိရပါတယ်။ တချို့အိမ်ထောင်စုတွေဆိုရင် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ရောက်ရှိတာတွေ အများအပြားရှိနေပါတယ်။ တစ်နေရာတည်းမှာ နှစ်ကြာအခြေချနေထိုင်သူများရှိသလို လုပ်ငန်းအခြေအနေအရ တစ်နေရာမှတစ်နေရာကို မကြာခဏ ရွှေ့ပြောင်းလုပ်ကိုင်နေထိုင်သူတွေက များနေပါတယ်။ သစ္စာစီမံချက်အရ သတ်မှတ်စည်းမျဉ်းများနဲ့ ညီညွတ်သူများကို စာရင်းကောက်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ပြောသည်။ သံဖြူဇရပ်မြို့နယ်အတွင်း ရွှေ့ပြောင်းနေထိုင်သူနှင့် ရွှေ့ပြောင်းလုပ်သားများအား အိမ်ထောင်စုစာရင်းများကို ဇူလိုင်လကုန်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သခ်ါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စည်သာလမ်း လောကစံ

**ဆူးငှက်**



**စည်သာလမ်းက သိန်းအောင်ကြီးမှာထိုင်ရင်း မိတ်ဆွေက မြေပဲဆားလှော်အကြောင်းရောက်သွားသောအခါ ကျွန်တော့်အတွေးအာရုံများသည် ဗထူးကွင်းဆီပျံ့လွင့်သွားခဲ့ပါသည်။**

ဗထူးကွင်းဆိုတာ မန္တလေး၏ တစ်ခုတည်းသောဘောလုံးကွင်းကြီးပေါ့။ လမ်း ၃၀×၇၁ လမ်းထောင့်မှာရှိသည်။ မန္တလေး၏ ပထမတန်း ဘောလုံးအသင်းများ ယှဉ်ပြိုင်ဆင်နွဲရာ ကွင်းကြီးဖြစ်ပါသည်။ ကစားသည့်ကွင်းအနေအထားမှာ မြက်ခင်းကအစ ကောင်းမွန်ပါ၏။ သို့သော် ပွဲကြည့်စင်များကဖြင့် အဆင့်မမီ ဖြစ်ကတတ်ဆန်းနိုင်လှသည်။ အနောက်ဘက်ခြမ်းတွင် အုတ်ခုံနှင့်အမိုးနှင့် အထူးတန်းပွဲကြည့်စင်ရှိသည်။ ဒါကလည်း အထူးတန်းပွဲကြည့်စင်များက ခေတ်မီ ပုံစံတူမဟုတ် အဆင်ပြေသလိုတည်ဆောက်ထားလို့ မညီမညာ။ ကျန်ပွဲကြည့် စင်များက သစ်သားပွဲကြည့်စင်များပဲဖြစ်ပါသည်။ ဒီပုံစံအတိုင်း နှစ်ပေါင်း ကြာရှည်။ ၁၉၇၀ ပတ်ဝန်းကျင်လောက်ကမှ သစ်သားစင်အဟောင်းများကို ဖျက်သိမ်းကာ အသစ်ပြန်လည်တည်ဆောက်ခဲ့၏။ ဒါကလည်း သစ်သားစင်တွေ ပါပဲ။

ဘာပဲပြောပြော မန္တလေးမှာက ဗထူးကွင်းကပဲ အဆင့်အမြင့်ဆုံးဖြစ်နေပါသည်။ မလွန်ကွင်းကလည်း ပွဲကြည့်စင်လေး ကချော်ကချွတ်နှင့် ဒုတိယတန်း ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ရာ ဘူမိနက်သန်ဖြစ်ခဲ့ပါ၏။ ကျန်ဘောလုံးကွင်း များဖြစ်သော ဆရာစံကွင်း၊ သခင်ဖိုးလှကြီးကွင်း၊ ကျွဲစွန်းကွင်း၊ ရောဝတီကွင်း၊ စိန့်ပီတာကွင်း၊ သံတဲကွင်း၊ ၄၅ တာကွင်းများကလည်း လေ့ကျင့်ရေးကွင်းများ သာသာ။ အခုတော့ မလွန်ကွင်းက ရေလှောင်ကန်ကြီးဖြစ်သွားပြီ။ ဆရာစံကွင်းက ဈေး။ ကျွဲစွန်းကွင်း၊ ရောဝတီကွင်းများလည်းမရှိတော့။

ဗထူးကွင်းကတော့ ယခင်အနောက်ခြမ်း အထူးတန်းပွဲကြည့်စင်များက ယခင်အတိုင်း မပြောင်းမလဲရှိနေသော်လည်း တောင်ဘက်တန်းက လူနေ ဆိုင်ခန်းများဖြင့် လမ်း ၃၀ မျက်နှာစာတွင် တည်ဆောက်လိုက်၍ အုတ်ခုံပွဲကြည့် စင်ဖြစ်သွားပါပြီ။ အနောက်ဘက်မြောက်ခြမ်းနှင့် မြောက်ဘက်ပွဲကြည့်စင်များ ကလည်း လူနေဆိုင်ခန်းနှင့် အုတ်ခုံပွဲကြည့်စင်အဖြစ် ပြောင်းလဲတည်ဆောက် နေပါသည်။ ယခုထိတော့ လက်စမသတ်သေးအရှိန်မရသေး။

၁၉၇၀ ကျော်ကာလများဆီက ဗထူးကွင်းကို မြောက်ဘက်သို့ တိုးချဲ့ သစ်သားစင်အသစ်တွေပြင်ဆင်တော့ ရန်ကုန်အောင်ဆန်းကွင်းကို ဂျပန်က မီးဆိုင်းဘုတ်အသစ်၊ မီးမောင်းအသစ်များပေးမှာမို့ အောင်ဆန်းကွင်းက မီးဆိုင်းဘုတ်အဟောင်း၊ မီးမောင်းအဟောင်းတွေ ဗထူးကွင်းကို ရောက်လာတော့ မှာဟူသော သတင်းသဲ့သဲ့ကြားကာ မျှော်လင့်ခဲ့ရဖူး၏။ နှစ်၃၀ နီးပါးရှိပြီပေါ့။

တကယ်တမ်း အဆင့်မီ ပေမီဒေါက်မီ ဘောလုံးကွင်းကြီးတစ်ကွင်း အသွင်ပြောင်းမည် သို့မဟုတ် တည်ဆောက်မည်ဆိုရင်တော့ လက်ရှိဗထူး ကွင်းနေရာနှင့် လုံလောက်မည်မဟုတ်တော့။ ထို့ကြောင့် လွန်ခဲ့သော ၁၄ နှစ် ၁၅ နှစ်လောက်က အဆင့်မီဘောလုံးကွင်းကြီးတစ်ကွင်း မန္တလေးတောင်ခြေ မြင်းပြိုင်ကွင်းဟောင်းနေရာတွင် နေ့ချင်းညချင်း တည်ဆောက်တော့မလိုလိုလည်း ကြားလိုက်ရပါသည်။ ဒီလိုနှင့် ပြီးသွားပြန်ပါသည်။ မန္တလေးမှာ အဆင့်မီဘောလုံးကွင်း အားကစားရုံကြီးတွေ ဖြစ်မလာသေးသော်လည်း အဆင့်မီဂေါက်ကွင်းကြီးတွေက ဟောတစ်ကွင်း ဟောတစ်ကွင်း ပေါ်ထွက်လာ၍ ဝမ်းသာရပါ၏။ ရေတံခွန်တောင် ဂေါက်ကွင်း၊ ရွှေစာရံဂေါက်ကွင်း၊ လက်ရှိ မန္တလေးတောင် ဂေါက်ကွင်းကိုပင် အဆင့်မီ တိုးချဲ့မွမ်းမံပြုပြင်ပြီးချေပြီ။

စည်သာလမ်းက သိန်းအောင်ကြီးမှာ မြေပဲဆားလှော်အကြောင်းပြောမိတော့ ဗထူးကွင်းကို သတိတရဖြစ်သွား၍ လေကြောရှည်မိတာ ခွင့်လွှတ်စေချင်ပါသည်။ မြေပဲဆားလှော်အကြောင်းပြောတော့ ဗထူးကွင်းက မပါမဖြစ်တော့။

အနားကစားပွဲမှာ လာထိုင်နေသော ပုဂ္ဂိုလ်ကြီးကို ကျွန်တော်က ရင်းနှီးစွာ မြင်ဖူးနေသော်လည်း အစဖော်မရဖြစ်နေချိန် မိတ်ဆွေက "အောင်ဇော်ဝင်း ဗီတာမင် မြေပဲဆားလှော်လေဗျာ" ဟု ပြောလိုက်တော့ မှတ်ဉာဏ်ကွင်းဆက်တွေက တဖျပ်ဖျပ်ပေါ်လာတော့၏။ ပထမဆုံးမြင်ကွင်းက ဗထူးကွင်းဖြစ်နေပါတော့သည်။

ကျွန်တော်တို့က ဗထူးကွင်းတွင် ဘောလုံးပွဲကြည့်သည့်အခါတိုင်း မြောက် ဘက်အတန်း၊ ကျွန်တော်တို့အခေါ် "မတ်တန်း" ကပဲ အမြဲကြည့်ပါသည်။ သည် တုန်းက မြောက်ဘက်တန်းဝင်ကြေးက လူတစ်ယောက် တစ်မတ်ပဲပေးရတဲ့ဉစ္စာ။ ဒါတောင် အသက် ၁၀ နှစ်နီးပါးအရွယ် လူကောင်ညှက်သော ကျွန်တော်သည် ဂိတ်တွင် ဒလက်အောက်က ငုံ့ဝင်သည်။ ကျော်ဝင်သည်။ ခပ်ပိန်ပိန် အစ်ကိုတစ်ယောက်နှင့် ဆိုလျှင် တစ်မတ်ပဲပေးပြီး နှစ်ယောက်ပူးဝင်သည်။

ထို့နောက် မတ်တန်းအလယ်ကောင် မြောက်ဘက်ဂိုး နောက်တည့်တည့် သစ်သားစင်ပေါ်တက်ကာ အပေါ်ဆုံးတန်းအောက် သုံးဆင့်မြောက်မှာပဲ တစုတဝေး ထိုင်ကြ၏။ ကျွန်တော့်ဦးလေးများ အစ်ကိုများအပါအဝင် လူစုက ထိုနေရာမှာပဲ အမြဲထိုင်သည်။ ထိုအချိန်က အသက် ၅၀ ကျော်အရွယ် ဦးကြီးက ဂိုးတိုင် နောက်တည့်တည့် သံဆန်ခါအနားကပ်ကာ အုတ်ခဲလေးခုထိုင်ပြီး အမြဲကြည့် သည်။

ဘောလုံးကွင်းထဲရောက်ပြီး မကြာမီ အထူးတန်းဘက် ချိတ်ဆွဲထားသော အသံချဲ့စက်မှ သီချင်းများဖွင့်၏။ သဲသဲကွဲကွဲ သိပ်မကြားရ။ သီချင်းတွေဖွင့်နေစဉ် မကြားရတာ ပြဿနာမရှိလှ။ ဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ ကြေညာသံများကို အသံချဲ့စက်မှ မကြားရတစ်ချက် ကြားရတစ်ချက်ဖြစ်သောအခါ ကျွန်တော်တို့ မတ်တန်းပရိသတ်က ဆူညံအော်ဟစ်ကြတော့သည်။ ထိုအခါ ကိုချစ်ကြီးက အသံချဲ့စက်အော်လန်ကို ဝါးလုံးနှင့်ထိုးကာ မတ်တန်းပရိသတ်ဘက် လှည့်ချိန်ပေး သည်။ ခပ်သဲ့သဲ့ အသံလောက်ကြားရရင်ပဲ ကျေနပ်ပါပြီ။

ကိုချစ်ကြီးဆိုလို့ ထိုအချိန်က ဗထူးကွင်းမှာ ကိုချစ်ကြီးက မရှိမဖြစ်၊ နှစ်ဖက် အသင်းအကြိတ်အနယ်ကစားကြလို့ ထိခိုက်ဒဏ်ရာရရင် ဝဝပုပု မည်းမည်းလုံးလုံး ကိုချစ်ကြီး လိမ့်လိမ့် လိမ့်လိမ့်နှင့်ပြေးလာပြီး ဒဏ်ရာရဘောလုံးသမားကို မည်သို့ မည်ပုံ လုပ်လိုက်လေသည်မသိ အကောင်းပကတိဖြစ်ကာ ကွင်းထဲသို့ ပြန်ပြေးဝင် သွားကြတော့ ပရိသတ်က သြဘာပေးကြသည်။

ပရိသတ်သြဘာလက်ခုပ်က ဘောလုံးသမားအတွက် တစ်ဝက်၊ ကိုချစ်ကြီး အတွက် တစ်ဝက်ဖြစ်၏။ တစ်ခါတစ်ရံ ပရိသတ်၏ သြဘာလက်ခုပ်က ကိုချစ်ကြီး အတွက် ရာနှုန်းပြည့်လည်း ဖြစ်တတ်ပါသည်။ ကိုချစ်ကြီးသည် ဆရာဝန်မဟုတ်၊ ယုတ်စွအဆုံး ကြက်ခြေနီသူနာပြုလည်းမဟုတ်။ သို့သော် ဘောလုံးပွဲတိုင်းတွင် ကိုချစ်ကြီးက စေတနာ့ဝန်ထမ်းဖြင့် သူနားလည်တတ်ကျွမ်းသော အကြောပညာ ကို ကုသိုလ်ပြုနေသူပဲဖြစ်ပါသည်။

အထူးတန်းဘက် အသံချဲ့စက်မှ သီချင်းတစ်ပုဒ်ဖွင့်ပြီးသောအခါ နှစ်ဖက် အသင်းဘောလုံးသမားများ သွေးပူလေ့ကျင့်ခန်းလုပ်ကြဖို့ ကွင်းထဲသို့ ယူနီဖောင်း ကိုယ်စီနှင့် တန်းစီကာ ဝင်လာကြသည်။ ကွင်းထဲတွင်လည်း လေးဖက်လေးတန် ဘောလုံးပွဲကြည့်ပရိသတ် ပြည့်နေပြီဖြစ်၏။ ထိုအချိန်တွင် အထူးတန်း(ပရိသတ် အခေါ် မင်းဘားတန်း) အပေါ်ဆုံးထပ်မှ ဆီးညိုရောင်ရှပ်အင်္ကျီကို ကြယ်သီး အဖြူများနှင့် မီးပူကျ သပ်ရပ်စွာ ဝတ်ဆင်ထားပြီး ဘောင်းဘီရှည် အဖြူဆွတ်ဆွတ် နှင့် ပေါလစ်ရောင်တောက် ရှူးဖိနပ်များကို စမတ်ကျကျ ဝတ်ဆင်ထားသော အရပ်အမောင်းကောင်းကောင်း လူငယ်ခုနစ်ဦးက သားရေသေတ္တာပုံးများလွယ်ပြီး အောင်မြင်သောအသံဖြင့် "သမ္မာအာဇီဝ လာပါပြီခင်ဗျ။ အောင်ဇော်ဝင်း ဗီတာမင်မြေပဲဆားလှော်" ဟု ပြိုင်တူအော်လိုက်ကြသည်။

ထို့နောက် ခုနစ်ဦးအနက် အလယ်ကောင်မှ ပုဂ္ဂိုလ်တစ်ဦးက ချန်ရစ်ပြီး တစ်ဖက် တစ်ချက်မှ သုံးဦးစီက တောင်ဘက်နှင့် မြောက်ဘက်ဆီ ညီညာစွာ ထွက်ခွာသွားကြပြီး တဖြည်းဖြည်း တစ်ကွင်းလုံးပတ်လာတော့၏။

သူတို့က ပရိသတ်အကြား မြေပဲဆားလှော်ထုပ်များကို သားရေပုံးနှင့်လွယ်ကာ ရောင်းကြခြင်းဖြစ်ပါသည်။ စက္ကူကတော့လေးနှင့် ကျစ်နေအောင်ထုပ်ထား သော မြေပဲဆားလှော်က တစ်ထုပ် ၁၅ ပြား ဖြစ်ပါသည်။(နောက်တော့ ၃၅ ပြား၊ တစ်ကျပ်ဖိုး သုံးထုပ်ဖြစ်သွား၏။ ထိုအခါ မတ်တန်းဝင်ကြေးကလည်း တစ်ကျပ်ဖြစ် သွားပါပြီ။)

အောင်ဇော်ဝင်း မြေပဲဆားလှော်က တခြားမြေပဲဆားလှော်များနှင့်မတူ ထူးခြားသောအနံ့အရသာရှိသည်။ ဗထူးကွင်းရောက်လို့မှ အောင်ဇော်ဝင်း ဗီတာမင် မြေပဲဆားလှော်တစ်ထုပ်မစားလိုက်ရလျှင် ဘောလုံးပွဲကြည့်ရတာပင် အရသာ မရှိသလို။

အထူးတန်းတွင် ကျန်ရစ်ခဲ့သော ပုဂ္ဂိုလ်က အောင်ဇော်ဝင်း ဗီတာမင် မြေပဲ ဆားလှော်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သလို ပိုင်ရှင်လည်းဖြစ်သည်ဟု သိရ၏။ ကိုယ်လုံး ကိုယ်ထည် ကျစ်ကျစ်တောင့်တောင့် မေးရိုးကားကား၊ ဆံပင်တိုတိုနှင့်လေ့ကျင့် သားကျနေသော နောက်တန်းလူဘောလုံးသမား တစ်ယောက်နှင့်တူလှသည်။ သူ့နာမည် ဘယ်သူဘယ်ဝါဆိုတာမသိ။ သို့သော် ဗထူးကွင်းပရိသတ်ကတော့ "အောင်ဇော်ဝင်း" လို့ပဲခေါ်ကြသည်။

ကျွန်တော်တို့ မတ်တန်းဘက်မှာ အမြဲရောင်းသည့်သူကတော့ အရပ်မြင့်မြင့် ခပ်သွယ်သွယ်၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံစင်းစင်းနှင့် ဆံပင်ကို အကျအနဖြီးကာ မင်းသားတစ်ယောက်နှင့်ပင် တူသေးတော့သည်။ ရှပ်အင်္ကျီညို ဘောင်းဘီရှည်အဖြူ၊ ရှူးဖိနပ်နှင့် အကယ်၍ မြေပဲဆားလှော်သားရေပုံးသာ လွယ်မထားလျှင် ထိုအချိန်က ခေတ်စားနေသော ရုပ်ရှင်မင်းသားဇော်ခင်ပုံစံ ဖြစ်သည်။ သူက မတ်တန်းပရိသတ်လက်စွဲဖြစ်သည်။ လူပုံဖြောင့်ဖြောင့်၊ အရွယ်ငယ်ငယ်အပြင် သွက်လက်ဖော်ရွေသောကြောင့် သူက ပိုရောင်းရသည်။ ပထမပိုင်းမပြီးခင်ပင် သူ့ပုံးက မြေပဲဆားလှော်ကုန်ပြီ။ လူစည်သောပွဲ ဥပမာ ပြည်သူ့ရဲနှင့် မြို့မ၊ နန်းတွင်းလူငယ်နှင့် တက္ကသိုလ် စသောပွဲမျိုးတွင် ပွဲမစမီကပင် မြေပဲဆားလှော်က ကုန်နေပြီ။

ထိုအခါ အထူးတန်း ဝင်ပေါက်နားတွင် ပိရမစ်ပုံပမာ အစီအရီ ထပ်ထားသော မြေပဲဆားလှော်အပြည့်နှင့် ပုံးအသစ်ကိုသွားယူပြီး ရောင်းပြန်၏။ ဤသို့သော ပုံးပေါင်း နှစ်ဆယ်အစိတ်တော့ အသာလေးကုန်ပါသည်။

ထိုစဉ်က မတ်တန်းတွင်ရောင်းသော ဗီတာမင်မြေပဲဆားလှော်မင်းသားသည် အခုတော့ ခေါင်းဖြူ သွားကျိုး၊ ပါးချောင်ကျကာအဘိုးကြီးတစ်ယောက်ပုံ ဖြစ်နေ ပေပြီ။ ၇၂ လမ်း မင်းသီဟကဖေးတွင် ဂျာနယ်တွေပွေ့ပိုက်ကာ ရောင်းချနေ၏။ အသက်အရွယ်အိုမင်းသွားပေမယ့် သွက်လက်မှု ဖော်ရွေမှုများက ငယ်မူငယ်သွေး အတိုင်းမို့ မင်းသီဟမှာ အခြားဂျာနယ်လက်ပွေ့များထက် သူကပိုရောင်းရသည်။ ဂျာနယ်ကို စိတ်ဝင်စားပုံရသော ပရိသတ်တစ်ဦး လက်ဖက်ရည်စားပွဲသို့ ရောက်လာ သည်နှင့် အသစ်ထွက်ဂျာနယ်မှန်သမျှ ပေးထားလိုက်သည်။ ထိုပရိသတ်က ဂျာနယ် တိုင်း မြည်းကြည့်ဖတ်ကြည့်ပြီး ပြန်ချိန်မှ လိုချင်သည့်ဂျာနယ်ယူ မလိုချင်တာ ပြန်ပေးပြီး ငွေချေရုံပါပဲ။ အကယ်၍ တစ်စောင်မှ မကြိုက်ရင်လည်း ကိစ္စမရှိ။ အကုန်ပြန်ပေးလိုက်ရုံပါပဲ။ငြူငြူစူစူမဖြစ်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## ပင်လုံရှိ ရှေးလေးတန်တံတားဖွင့်ပွဲကျင်းပ

**မိုးညှင်း ဇွန် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု ပင်လုံရွာ၌ ကချင်ပြည်နယ် အစိုးရ၏ မတည်ပုံပိုးငွေကျပ်သိန်း ၅၀ နှင့် ဒေသခံပြည်သူများထည့်ဝင်ငွေ စုစုပေါင်း ကျပ် ၂၆၂ သိန်း အကုန်ကျခံ၍ တည်ဆောက်ခဲ့သည့် ရှေ့လေးတန်တံတားဖွင့်ပွဲကို ဇွန် ၁၁ရက်က ကျင်းပခဲ့သည်။

တံတားဖွင့်ပွဲတွင် မိုးညှင်းမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်အေးက အမှာစကားပြောကြားပြီး မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းနိုင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှေ့လေးတန်တံတားသည် ကွန်ကရစ်အုတ်တိုင်၊ မျောခင်း တံတားအမျိုးအစားဖြစ်ကာ အရှည် ၂၃၄ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေရှိပြီး တံတားကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**



## ပျူယဉ်ကျေးမှု လေ့လာရေးအဖွဲ့ မြို့လှရွာနှင့် ဘိန္နကမြို့ဟောင်းများ၌ လေ့လာ

**ရမည်းသင်း ဇွန် ၁၄**

စမုံမြစ်ဝှမ်းဒေသ ပျူယဉ်ကျေးမှုလေ့လာရေးအဖွဲ့မှ အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စုအတွင်းမှ မြို့လှရွာနှင့် ဘိန္နကမြို့ဟောင်းများရှိ ရှေးဟောင်းယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် နေရာများကို ဇွန် ၁၁ ရက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ပျူယဉ်ကျေးမှုလေ့လာရေးအဖွဲ့တွင် ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာချစ်စံဝင်း၊ မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ ထွန်းဖောင်ဒေးရှင်းမှ ဦးသိန်းထွန်းနှင့် နိုင်ငံခြားသားတစ်ဦး၊ မန္တလေးတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပါရဂူဘွဲ့ယူမည့် ဆရာများ ပါဝင်ကြသည်။

လေ့လာရေးအဖွဲ့သည် မြို့လှရွာ ဒေသအတွင်းမှ တွေ့ရှိရသော ပျူပုတီးစေ့၊ ပျူဆေးတံ၊ ကြေးချူလုံးများ၊ သံလက်နက်အချို့ မြေအိုးအပိုင်းအစများ စသည့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကာ ဇောခိကုန်း၊ ပိတောက်ကုန်းနှင့် ပျူပြတိုက်နေရာများသို့ ဆက်လက်လေ့လာခဲ့သည်။ ထို့နောက် ဘိန္နကမြို့ဟောင်းသို့ သွားရောက်ကာ ယင်းဒေသမှ တွေ့ရှိရသော မြေအိုးများ၊ ဆေးတံများ၊ အုတ်ချပ်များကို ကြည့်ရှုလေ့လာခဲ့ကြပြီး ရွှေဉမင်ဘုရားသို့ ဆက်လက်သွားရောက်ကာ ဘုရားတွင် အုတ်စီထားပုံနည်းစနစ်များ၊ အုတ်များ၏ အတိုင်းအတာများ၊ ဝင်ပေါက်များ ပြုလုပ်ထားပုံ၊ လှေကားများ ထည့်သွင်းပြုလုပ်ပုံစသည့် ရှေးဟောင်း ဗိသုကာပညာရပ်များကို လေ့လာခဲ့ကြသည်။

လေ့လာရေးအဖွဲ့အနေဖြင့် ဝမ်းတွင်းမြို့နယ် နတ်ကန်ရွာဒေသရှိ ပျူယဉ်ကျေးမှုနှင့် သက်ဆိုင်သော နေရာများ၊ ယဉ်ကျေးမှုဆိုင်ရာများကိုလည်း နောက်ရက်များတွင် ဆက်လက်၍ လေ့လာသွားကြမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## ပေါက်ခေါင်းကျေးလက် ရက်(၁၀၀) စီမံချက် ကွင်းဆင်းစစ်ဆေး

**ပြည် ဇွန် ၁၄**

ပေါက်ခေါင်းမြို့နယ်အတွင်း ရက် (၁၀၀)စီမံချက် လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းလွင်နှင့် ပြည်ခရိုင်ဦးစီးမှူးတို့ ဇွန် ၁၂ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပေါက်ခေါင်းမြို့နယ်တွင်း ရက်(၁၀၀) စီမံကိန်းလုပ်ငန်းများမှာ ထိန်တော-ကမ္မကြီးလမ်း တစ်မိုင် အပွန်းခံလွှာ နှစ်လက်မထုမြေနီခင်းခြင်း၊ ညောင်ကုန်း၊ အိုးလည်ဆွဲ၊ သရက်တပင်၊ ထန်းတပင်ကျေးရွာများတွင် မြေသားကန် ပြန်လည်တူးဖော်ခြင်း၊ ထောင်ရကျေးရွာတွင် တွင်းတိမ်တူးဖော်ခြင်း၊ အုတ်ဖို၊ ကျွန်းပင်စမ်း၊ ညောင်ဝန်းကျေးရွာများတွင် လက်တူးတွင်းကျယ် တူးဖော်ခြင်း၊ အုတ်ဖို၊ လယ်မ၊ ဂုံမင်းခုံ တွင်းဆေး/တွင်းမှုတ်ခြင်း၊ ညောင်ကုန်းကျေးရွာတွင် တွင်းတိမ်အနက် ငါးပေထပ်မံတူးဖော်ခြင်းလုပ်ငန်းများဖြစ်ကြောင်း၊ မြို့နယ်ကျေးလက် ဦးစီးမှူးက ရှင်းလင်းပြောကြားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

## လွိုင်လင်မြို့ ကျက်သရေဆောင် မြကန်သာရေကန်ပတ်လမ်း ဖောက်လုပ်

**လွိုင်လင် ဇွန် ၁၄**

ရှမ်းပြည်နယ် လွိုင်လင်မြို့၌ မြို့၏ ကျက်သရေဆောင် မြကန်သာရေကန်တွင် ကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ ရေဝပ်ဧရိယာများတွင် မော်ဆယ်ခြင်းလုပ်ငန်းနှင့် မြို့ရေပေးဝေရေးအတွက် ကွတ်ချိုးကန် တူးဖော်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရ၏ ရန်ပုံငွေကျပ် သန်း ၂၃၀ ဖြင့် ဇွန်လဆန်းမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လွိုင်လင်မြို့ ကျက်သရေဆောင် မြကန်သာရေကန် ပတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၁၃ ရက်က တွေ့ရစဉ်

မြကန်သာရေကန်သည် အကျယ် ၃၇ ဧကရှိပြီး ရေကန်ပတ်လမ်းအရှည်မှာ စုစုပေါင်း ပေ ၁၁၀၀၀ ရှိကြောင်း၊ လမ်းဖောက်လုပ်ခြင်းနှင့် ကန်သန့်ရှင်းသာယာလှပရေးအတွက် ရေဝပ်ဧရိယာမော်ဆယ်ယူခြင်း၊ ကွတ်ချိုးကန်တူးဖော်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ကန်ပတ်လည် လမ်းအရှည် ပေ ၁၁၀၀၀ အနက် ပထမအဆင့်အဖြစ် ပေ ၂၀၀၀ ခန့်ကို ဖြန်းသဲခင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကွတ်ချိုးကန် တူးဖော်ခြင်းလုပ်ငန်းများကိုမူ ယခုရက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းနေသောကြောင့် မြေပျော့လွန်းသဖြင့် ခေတ္တရပ်ဆိုင်းထားကြောင်း၊ ကွတ်ချိုးကန်ကို နန်းတားကန်အဖြစ် တူးဖော်တည်ဆောက်မည်ဖြစ်ပြီး မြို့ရေပေးဝေရေးလုပ်ငန်းများကို စည်ပင်သာယာရေးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကန်ရေတင်ခြင်းလုပ်ငန်းအတွက် ထရန်စဖော်မာကို လျှပ်စစ်ဌာနက တပ်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သန်း ၂၃၀ ခွင့်ပြုထားကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် လွိုင်လင်မြို့ရေပေးဝေရေးလုပ်ငန်းကို နောင်တောင်းရေကန်မှရေဖြင့် ပေးဝေလျက်ရှိကာ နောင်တောင်းရေကန်သည် စိမ့်စမ်းရေထွက်ကန်ဖြစ်ရာ မြို့လူဦးရေ တိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ နွေအခါတွင် ရေလျော့နည်းလာခြင်းကြောင့်လည်းကောင်း ရေပေးဝေရေးလုပ်ငန်းအတွက် မလုံလောက်တော့သဖြင့် မြကန်သာရေကန်ကို သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ခြင်းဖြင့် ရေပေးဝေရေးလုပ်ငန်းအတွက် အထောက်အကူပြုနိုင်မည်ဖြစ်၍ ရှမ်းပြည်နယ်အစိုးရသို့ တင်ပြတောင်းခံရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေချပေးခဲ့သဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ဘိုးဘွားရိပ်သာသို့ အာဟာရဒါနနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း



**ကသာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ မင်းပြည်သူ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ကသာမြို့နယ် သတင်းထောက်အဖွဲ့က ဦးဆောင်၍ အလှူရှင်များ စုပေါင်းကာ ဇွန် ၁၁ ရက်က အာဟာရဒါနနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူရှင်များအဖွဲ့သည် အဆိုပါ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တစ်နေ့တာ အာဟာရဒါန ကျွေးမွေးကုသိုလ်ပြုပြီး ဘိုးဘွား ၂၂ ဦးတို့အား ငွေကြေးများလည်း ထောက်ပံ့ကူညီလှူဒါန်းခဲ့သည်။ ထို့အပြင် ဘိုးဘွားရိပ်သာ ဘက်စုံဆောက်လုပ်ပြုပြင်ရေးအတွက် အလှူငွေများနှင့် ပင့်သံဃာတော်များအား ဆွမ်းနှင့် အလှူငွေများလည်း ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

## သဖန်းဆိပ်ဆည်အတွင်း ရေကြောင်းခရီးသွားများအန္တရာယ်ကင်းရန် သရုပ်ပြ

**ကျွန်းလှ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မီးသတ်ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ သဖန်းဆိပ်ဆည်အတွင်း ရေကြောင်းခရီးများတွင် သွားလာနေသော ခရီးသည်များ အန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ ဆည်အတွင်း ပြေးဆွဲနေသည့် စက်လှေပိုင်ရှင်များအား အသိပညာပေးလုပ်ငန်းများကို ငါးဘတ်အိုင်လှေဆိပ်၌ ဇွန်လ ပထမပတ်အတွင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများက အသက်ကယ်အင်္ကျီဝတ်ဆင်နည်း၊ မီးသတ်ဆေးဘူးသုံးစွဲနည်း၊ ရေနစ်သူအား လက်တွေ့ကယ်ဆယ်နည်းများကို ပညာပေးသရုပ်ပြခဲ့ပြီး စက်လှေပိုင်ရှင်များအား လှေများပေါ်တွင် အသက်ကယ်အင်္ကျီ၊ မီးသတ်ဆေးဘူး၊ ဘောကွင်းနှင့် ပလတ်စတစ်ရေဘူးများထားရှိရန်လည်း ပြောကြားခဲ့သည်။

သရုပ်ပြမှုများ ဆောင်ရွက်ရာသို့ ကျွန်းလှမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးတို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။



**မျိုးဝင်းညို(ကျွန်းလှ)**

# ခြေဖနောင့်နဲ့သာ ပေါက်လိုက်ကြပါစို့

**အန်ကယ်ပညာ**

ကျုပ်တို့အမျိုးများက အကျင့်ပါနေကြလို့လားမသိ။ ဒီလို နှင့်နှင့်သီးသီးလေးပြောလိုက်မှ အာရုံစိုက်ပြီး လိုက်လုပ်ချင်ကြတာကိုး။ နှုတ်ချို သျှိုတစ်ပါးဆိုတာသိပေမယ့် အလုပ်ဖြစ်စေ အရာထင်စေလိုတဲ့သဘောနဲ့ ဒီလိုပဲ ပြောလိုက်ပါရစေတော့။

ကျုပ်ဝါသနာက သစ်ပင်စိုက်တာပါ။ အပင်တွေကို ကိုယ်တိုင်ပျိုး ကိုယ်တိုင်စိုက်ပါတယ်။ စိုက်ပျိုးတဲ့ကာလကြာလာတော့ အပင်စိုက်ခြင်းရဲ့သဘောသဘာဝတွေကို အတွေ့အကြုံအရ သိလာရတယ်ဆိုပါတော့။ အထူးသဖြင့်ပြောလိုတာက ပညာရပ်ပိုင်းဆိုင်ရာတွေ မဟုတ်ဘူးဗျ။

သစ်ပင်စိုက်တာနဲ့ပတ်သက်တဲ့ ပညာရပ်တွေဆိုတာက စိုက်ပျိုးရေးနဲ့ သစ်တောဆိုင်ရာတက္ကသိုလ်တွေမှာ သင်ကြားပေးနေတဲ့သူတွေ တက်ရောက်ခဲ့ပြီးတဲ့သူတွေကသာ ဂဃနဏ ပြောနိုင်မယ့်ကိစ္စလို့ မြင်တယ်လေ။ ဒါကြောင့် အတွေ့အကြုံနဲ့ရင်းပြီး လာခဲ့တဲ့နည်းအချို့ကို စေတနာရှေ့ထားပြီး ပြောလိုတာပါ။

လွန်ခဲ့တဲ့ခြောက်နှစ်၊ အခုလိုမိုးဦးကျကာလ၊ လက်ရှိဝန်ထမ်းအလုပ်ကနားရင် ဂယောင်ချောက်ချားမဖြစ်ရလေအောင် ဝါသနာပါတဲ့ စိုက်ပျိုးရေးကို ကြိုတင်လုပ်ထားမှုဖြစ်တော့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အပင်တွေကို စတင်စိုက်ပျိုးတဲ့နေ့တစ်နေ့မှာပေါ့။ အချိန်မီ ရာသီမီ စိုက်ပြီးဖြစ်ရမယ်ဆိုပြီး အလုပ်သမား ၃၀ ဦး ငှားစိုက်လိုက်တယ်၊ စိုက်နည်းကတော့ ကျုပ်ရဲ့ငွေကြေးအခြေအနေအရ ကြိုတင်ကျင်းတူးထားပြီးမှ စိုက်တာမဟုတ်ဘဲ 'ပေါက်စိုက်'ဆိုတဲ့ ပန္နက်နေရာမှာ ပေါက်ပြားနဲ့ ချက်ချင်းတူး ချက်ချင်းစိုက်တဲ့ အလွန်ရိုးရှင်းလွန်းတဲ့နည်းပါပဲ ။အဲဒီနေ့ သင်ခန်းစာအစမှာပဲ အပင်စိုက်တဲ့ပညာတွေ တစ်ပြုံတစ်ခေါင်း ရလိုက်တော့တာပဲ။

ဘာတွေလည်းဆိုရင်တော့ ပျိုးအိတ်မချွတ်ဘဲ မြေမြှုပ်ခဲ့တာတွေ၊ ပျိုးပင်တွေကို စိုက်ကွင်းထဲသယ်ပြီး ပုံတဲ့သူကပုံ စိုက်တဲ့သူကစိုက် လုပ်ကြရာမှာ နီးစပ်ရာပျိုးပင်ကိုသာ စိုက်သွားကြတာဆိုတော့ မစိုက်ဖြစ်ဘဲ ဟိုနားတစ်ပုံ ဒီနားတစ်ပုံ ကျန်နေခဲ့တဲ့ ပျိုးအိတ်တွေ၊ ပျိုးအိတ်ချွတ်စိုက်ပေမယ့် ပျိုးအိတ်မြေလုံးခေါင်းမြုပ်အောင် မြေဖုံးမြေကျပ်မလုပ်ခဲ့တာတွေ၊ ပန္နက်တိုင်ကို မှီတိုင်မှတ်တိုင်အဖြစ် ဆက်မသုံးဘဲ ကြုံရာချထားခဲ့တာတွေ၊ ပေါက်စိုက်နည်းဆိုသည်မှာဖြစ်သလို စိုက်နည်းတစ်ခု မဟုတ်သလို ဤစိုက်နည်းရဲ့အဓိကလုပ်ဆောင်ရမယ့်အချက်မှာ စိုက်မယ့်နေရာတစ်ဝိုက် သင့်လျော်တဲ့အကျယ်ပေါင်းမြက်တို့ကို အပြောင်ရှင်းပြီးမှသာ အပင်စိုက်ခြင်းကို ဆောင်ရွက်ရမှာဖြစ်သော်လည်း ပေါင်းမြက်မရှင်းဘဲ ကျင်းတူးပြီး ပျိုးပင်ခြေမှာ ပေါက်စာမြက်ဖုတ်နဲ့သာ အုပ်ထားခဲ့တာတွေ စသည် စသည့် စိတ်ပျက်ဖွယ် ယူ၍မကုန်နိုင်သည့် ပညာများပါပေ။



ထိုနေ့ ထိုအချိန်က ကျုပ်လုပ်နိုင်သမျှ တစ်ပင်ချင်း ထိုင်၍ ပြုပြင်ရင်း စဉ်းစားမိသည်မှာ "ဒီအပင်တွေ ဒီအတိုင်းသာဆို သေပင်ချည်းဖြစ်တော့မည်၊ သဲထဲရေသွန်တာကမှ ရေကွက်ရာလေး တွေ့ရပေဦးမည်"ဟူ၍ပင် ဖြစ်၏။ သို့ဖြစ်၍ သူတို့ကို လုပ်လက်စအလုပ်များ ရပ်ခိုင်းပြီး ကျုပ်ထံသို့ စုဝေးစေ၏။ သူတို့စိတ်ကြိုက် စိုက်ထားပြီးဖြစ်သည့် အပင်များကို အပင်ပတ်လည် ပေါင်းမြက်အပြောင်ရှင်း၊ အပေါ်ယံမြေသားခြစ်၍ အပင်ခြေပုံ၊ လက်ဖြင့် ပင်ခြေမြေသိပ်၊ ပန္နက်တိုင်ပြန်စိုက် စသည့် အလုပ်များကို ပါးစပ်က တောင်းပန်စကားဆိုရင်း ကျုပ်စိတ်ကြိုက်သို့ ပြောင်းယူရ၏။

ဤသို့နှင့် ညနေစောင်း အလုပ်သိမ်းချိန်ကလည်းနီး လုပ်ချင်တာတွေကလည်း မပြီးသေးလေတော့ "ပင်ခြေမြေသိပ်တာကို လက်နဲ့လုပ်မနေကြနဲ့တော့ဗျာ၊ မြန်မြန်ခရီးတွင်အောင် ခြေထောက်နဲ့သာ သိပ်လိုက်ကြပါတော့"ဟု ပြောရလေတော့၏။ ဤစကားဆုံးသည်နှင့် ပျိုးပင်နုနုလေးများဘေးကို ဖနောင့်နှင့်ပေါက်ကြသည့်မြင်ကွင်းအား ကိုယ်တိုင်ပင် ရှင်းရှင်းကြီးမြင်ခဲ့ရပါတော့သတည်း။

ထိုသူတို့၏ ရင်တွင်းက စေတနာများကြောင့်လားမသိ၊ စိုက်ပြီးနှစ်ပတ်ခန့်အကြာ ထိုစိုက်ခင်းသို့ သွားရောက် ကြည့်ရှုရာ အပင်တိုင်းလိုလို စိမ်းစိုထူထောင်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရ၏။ ထိုအပင်တို့ ရှင်ခဲ့ပါ၏။ ကျုပ်၏ဆန္ဒအမှန်မှာလည်း ထိုအပင်တို့ရှင်သန်ရေးသာဖြစ်၏။

ထိုသို့ရှင်သန်ခြင်းကို အရင်းပြု၍ ပေါင်းလိုက်ခြင်း၊ မြေတောင်မြှောက်ခြင်း၊ မြေဩဇာကျွေးခြင်းဟူသည့် အလုပ်တို့ကို မိုးကာလအတွင်း သုံးကြိမ်တိုင်တိုင် ဆောင်ရွက်ပေးခဲ့ပါ၏၊ တစ်နည်းအားဖြင့် ရှင်အောင်စိုက်ထားသည့်အပင်များကို ကြီးလာအောင် ပြုစုပေးခြင်းဖြစ်ပါ၏။

ဤသို့ဖြင့် အပင်တို့သည် လူ၏ပြုစုမှုကိုခံယူလျက် မိုးကာလမှ ဆောင်းကာလတိုင် ကြီးထွားခြင်းအလုပ်ကို တာဝန်ယူပေးကြ၏။ ဆောင်းအကုန် နွေအကူးကာလတွင် လူတို့က သူတို့အတွက် တာဝန်ယူပေးကြရမည့်အလုပ်မှာ ဘေးရန်ဆီးကာဟူသည့် မီးတားလမ်းဖောက်လုပ်ပေးခြင်း၊ အပင်အမျိုးအစားအပေါ် မူတည်၍ နေကာအရိပ် ပြုလုပ်ပေးခြင်း၊ နွေကာလကို အသက်နှင့်ဖြတ်ကျော်နိုင်စေရန် ရေပေးစနစ်ဆောင်ရွက်ပေးခြင်း၊ တိရစ္ဆာန်တို့ရန်မှကင်းဝေးရန် အကာပြုလုပ်ခြင်းတို့ဖြင့် ရှင်သန်သော၊ ကြီးအောင်ပြုစုထားသောအပင်များကို တည်မြဲအောင် ထိန်းပေးကြရ၏။ ယခု ကျုပ်ပြောနေသည်မှာ အပင်စိုက်ပြီး တစ်နှစ်အတွင်း ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များသာ ဖြစ်ပါ၏။ ထိုအပင်များ၏ ကြီးမားရေးနှင့် တည်မြဲရေးကိစ္စကား လူတို့၏ ပြုစုခြင်းနှင့် ထိန်းသိမ်းခြင်းတို့အပေါ်တွင် မူတည်သည်ကို လူတို့ ကောင်းစွာ နားလည်သဘောပေါက်ကြရမည့်အပြင် အမြဲဂရုပြုဆောင်ရွက်နေကြရမည့် ကိစ္စများသာဖြစ်ပါ၏။

မကြာမီကာလအတွင်း ရာသီကိုမှီ၍ အမျိုးမျိုးသောအထိမ်းအမှတ်များဖြင့် သစ်ပင်စိုက်ပွဲများ နိုင်ငံနှင့်အဝန်း ကျင်းပကြတော့မည်ဖြစ်၏။ ယခင့် ယခင်နှစ်များတွင်လည်း ဤသို့သောပွဲများကျင်းပ၍ လူပေါင်းများစွာက အပင်ပေါင်းများစွာကို စိုက်ခဲ့ကြပါ၏။ ထိုစိုက်ခဲ့သမျှအပင်တို့ မည်မျှအရာထင်ခဲ့၊ အောင်မြင်ဖြစ်မြောက်ခဲ့ကြပါသနည်း။ စိုက်ခဲ့ကြသည့် အရေအတွက်အတိုင်းသာ အောင်မြင်ဖြစ်မြောက်ခဲ့ပါလျှင် ယနေ့ လူတို့နေထိုင်ရာအရပ်သည် တောအုပ်များအကြား ရောက်နေလောက်ပေပြီ။

သို့ရာတွင် ဤသို့ကား ဖြစ်မလာခဲ့ပါပေ။ အဘယ်ကြောင့်ပါနည်း။ လူတို့သည် အပင်ကို ရှင်အောင်မစိုက်ခဲ့ကြ၍ ဖြစ်ပါသည်။ ရှင်သည့်အပင်များကို ကြီးအောင်ပြုစုမှု အားနည်းခဲ့ကြ၍ ဖြစ်ပါသည်။ ကြီးသည့်အပင်များ တည်မြဲရေးအတွက် နည်းမျိုးစုံဖြင့်ထိန်းသိမ်းရန် ပျက်ကွက်ခဲ့ကြ၍ ဖြစ်ပါသည်။

ဤအချိန် ဤကာလသည် ကမ္ဘာမြေ၊ မြန်မာမြေ၏ အပြင်းထန်ဆုံးသော ချင်ခြင်းတတ်သည့်အရာမှာ သူတို့၏ မျက်နှာပြင်တွင် လူတို့၏ အောင်မြင်ထိရောက်သည့် အပင်စိုက်ခြင်းသာဖြစ်လိမ့်မည်ဟု ထင်ပါသည်။ ဤသို့ဆိုလျှင် စိုက်သည့် အပင်မှန်သမျှ ရှင်သန်ရေးသည် အဓိကဖြစ်၍ မည်သည့်နည်းနှင့်ဖြစ်စေ ရှင်သန်အောင် လုပ်ကြရမည်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် အပင်ရှင်သန်ရေးအတွက်ဆိုပါလျှင် ကျုပ်ကိုယ်တိုင်ကြုံတွေ့ဖူးသည့် ခြေဖနောင့်နဲ့ပေါက်သည့်နည်းကို သုံးသင့်လျှင်လည်း သုံးလိုက်ကြပါစို့လားဗျာ။ ။

**ရာသီကိုမှီ၍ အမျိုးမျိုးသောအထိမ်းအမှတ်များဖြင့် သစ်ပင်စိုက်ပွဲများ နိုင်ငံနှင့်အဝန်း ကျင်းပကြတော့မည်ဖြစ်၏။ ယခင့် ယခင်နှစ်များတွင်လည်း ဤသို့သောပွဲများကျင်းပ၍ လူပေါင်းများစွာက အပင်ပေါင်းများစွာကို စိုက်ခဲ့ကြပါ၏။ ထိုစိုက်ခဲ့သမျှအပင်တို့ မည်မျှ အရာထင်ခဲ့၊ အောင်မြင်ဖြစ်မြောက်ခဲ့ကြပါသနည်း။ စိုက်ခဲ့ကြသည့်အရေအတွက်အတိုင်း သာ အောင်မြင်ဖြစ်မြောက်ခဲ့ပါလျှင် ယနေ့ လူတို့နေထိုင်ရာအရပ်သည် တောအုပ်များ အကြား ရောက်နေလောက်ပေပြီ။**

## သတင်းတိုများ

### မိုင်းငေါ့မြို့တွင် ဓမ္မာရုံ ရေစက်ချပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့ ပုံးလုံကျေးရွာအုပ်စု မန်ပင့်ကျေးရွာ အောင်မောင်းကျောင်းတိုက်အတွင်း၌ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏကဦးစီး၍ မန်ပင့်ကျေးရွာမှ ဒါယကာ ဒါယိကာမများနှင့် ရပ်နီးရပ်ဝေးမှ အလှူ့ရှင်များက စုပေါင်း၍ ကျပ်သိန်းသုံးထောင်ခန့် အကုန်အကျခံကာ တည်ဆောက်ခဲ့သော ဓမ္မာရုံ ရေစက်ချလှူဒါန်းပွဲကို ဇွန် ၁၀ ရက် ကျင်းပခဲ့ပြီး သံဃာတော်များ ပင့်ဖိတ်၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့နယ်ခွဲ ဟိုပန်ကျေးရွာ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၂ ရက်က ပြုလုပ်ခဲ့ပြီး သစ်တောဦးစီးဌာနမှပေးအပ်သော ယူကလစ်၊ မဲဇလီ၊ ထောပတ်၊ စိန်ပန်းနှင့် အော်ရေးရှားပင် စုစုပေါင်း သစ်ပင် ၁၂၉၀ ကျော်ကို မြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**(မြို့နယ်ခွဲ ပြန်/ဆက်)**

### ရေစကြိုမြို့ ဗိုလ်ချုပ်လမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်း

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းငါးခုအနက် အဓိကလမ်းမကြီးတစ်ခုဖြစ်သော ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ဇွန် ၁၁ ရက်က စတင်ဆောင်ရွက်နေပြီး စုစုပေါင်း လမ်းအရှည် ပေ ၁၁၅၀၊ အကျယ် ၁၂ ပေတွင် လမ်းသားအမြင့် ကိုးလက်မအထိ ရရှိအောင် အဆင့်မြှင့်တင်ဆောင်ရွက်နေကြောင်း၊ ယခုရက်အတွင်း မိုးရွာသွန်းနေသောကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## စေတုတ္တရာမြို့၌ ချင်းတိုင်းရင်းသား စာပေသင်ကြားရေး သင်တန်းဖွင့်လှစ်

**စေတုတ္တရာ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ချင်းတိုင်းရင်းသားစာပေသင်ကြားရေးသင်တန်းဖွင့်ပွဲကို စေတုတ္တရာမြို့နယ် မိုးကုတ်ရိပ်သာ၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလုထွန်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ချင်းတိုင်းရင်းသားရေးရာ စာပေသင်ကြားပို့ချမည့် သင်တန်းဆရာ ဦးလှမောင်က အူပွါးချင်း(ချင်းပုံ)တို့၏ စာပေပေါ်ထွန်းလာ၍ တီထွင်ထားသော ချင်းတိုင်းရင်းသားစာပေကို သင်ကြားပို့ချပေးရခြင်းအကြောင်းကိုလည်းကောင်း၊ သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ချင်းတိုင်းရင်းသားတိုင်းရင်းသူ ၄၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၂၂ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



နေပြည်တော် ပျဉ်းမနားမြို့၌ မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်မှ ၁၁ ကေဗွီ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းကြိုးများနှင့် ထိစပ်နေသော သစ်ပင်၊ သစ်ကိုင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇေလတ်မျိုးနှင့် ဝန်ထမ်းများက စက်ယန္တရားများ အသုံးပြု၍ ဇွန် ၁၂ ရက်က လိုက်လံရှင်းလင်းနေစဉ်။

သတင်းဓာတ်ပုံ-မင်းမင်းလတ်(ရှုပဗေဒ)

# အီတလီနဲ့ ဆွီဒင်တို့ ဘယ်အသင်း အသာစီးရမလဲ



ဇွန် ၁၇ ရက်မှာတော့ ယူရိုအုပ်စုပွဲစဉ်တွေအဖြစ် အီတလီနှင့် ဆွီဒင်၊ ချက်နဲ့ ခရိုအေးရှား၊ စပိန်နဲ့ တူရကီအသင်းတွေ ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ ဒီအသင်းတွေဟာ ပုံမှန်ခြေစွမ်းပြနိုင်နေတဲ့အသင်းတွေဖြစ်ပေမယ့် ကံကြမ္မာမျက်နှာသာမပေးတဲ့ အဖြစ်မျိုးတွေလည်း ကြုံတွေ့နေရတာမို့ ပွဲစဉ်တိုင်းရဲ့ ရလဒ်က ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာတော့ ကောင်းနေပါတယ်။

**အီတလီနှင့် ဆွီဒင်**

တိုက်စစ်၊ ခံစစ်ဟန်ချက်ညီအောင် ကစားနေတဲ့ ဆွီဒင်ဟာ အဓိကတိုက်စစ်မှူး အီဘရာဟီမိုဗစ်ရဲ့စွမ်းဆောင်မှုတွေက အသင်းရလဒ်အပေါ် အကျိုးသက်ရောက်မှုရှိနေပါတယ်။ ဆွီဒင်ကစားသမားတွေက အပေးအယူအချိန်အဆက်မိမိနဲ့ ကစားနိုင်ပြီး ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးတွေကြောင့် အမှတ်တွေရယူနိုင်ရေး ပွဲတိုင်းအလေးထားကစားနေပါတယ်။ အီတလီတို့က ကွင်းလယ်မှာ အားနည်းချက်ရှိနေပြီး မာချီစီယိုနဲ့ ဗာရက်တီတို့ မပါဝင်နိုင်တာက ထိုးနှက်ချက်တစ်ခုဖြစ်ပါတယ်။ အီတလီအသင်းဟာ တည်တည်ငြိမ်ငြိမ်နဲ့ကစားပြီး ကွင်းလယ်နဲ့ ခံစစ်ပိုင်းက အားပြုကစားနေတာမို့ ဆွီဒင်တို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။ ဒီပွဲမှာ အီတလီတို့ကပ်ပြီး နိုင်ပွဲရသွားနိုင်ပါတယ်။

**ချက်နှင့် ခရိုအေးရှား**

ချက်အသင်းဟာ ကစားအားအတက်အကျရှိနေပြီး တိုက်စစ်မှူးတွေရဲ့ ဘယ်ညာတောင်ပံတွေက ထိုးဖောက်မှုတွေက ထိရောက်မှုအားနည်းနေဆဲပါပဲ။ ချက်ရဲ့ အားသာချက်က တစ်သင်းလုံးနားလည်မှုရှိရှိနဲ့ ကစားနိုင်တာဖြစ်ပြီး ကွင်းလယ်တိုက်စစ်သမားတွေရဲ့ ဂိုးရှေ့မှာ ဘောလုံးဆုံးရှုံးမှုများနေတာက အားနည်းချက်တစ်ခုလိုဖြစ်နေပါတယ်။ တစ်သင်းလုံး လျင်လျင်မြန်မြန်အချိတ်အဆက်မိမိကစားနိုင်တဲ့ ခရိုအေးရှားကို ချက်ကစားသမားတွေ ခြေကုန်ထုတ်ရင်ဆိုင်ရမယ့် အနေအထားပါပဲ။ ဒီပွဲမှာ ခရိုအေးရှားတို့က အမှတ်ပြည့်ရယူသွားဖို့ ရာခိုင်နှုန်းများနေပါတယ်။

**စပိန်နှင့် တူရကီ**

စပိန်အသင်းဟာ အုပ်စု(D)မှာတော့ အကောင်းဆုံးအသင်းလို့ ရေပန်းစားနေပေမယ့် ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းတွေမှာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပါတယ်။ ယူရိုပြိုင်ပွဲသမိုင်းမှာ အစဉ်အလာကြီးမားတဲ့ စပိန်ဟာ အခုပွဲမှာတော့ တူရကီအသင်းကို တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ တစ်သင်းလုံးကစားသမားစုဖွဲ့မှုနဲ့ လေ့ကျင့်မှုကောင်းကောင်းရရှိထားတဲ့ စပိန်အသင်းဟာ နည်းပြ ဒဲလ်ဘော့စကေးရဲ့ အတွေ့အကြုံရင့်ကျက်မှု၊ ဗျူဟာခင်းကျင်းမှုတွေနဲ့အတူ ရလဒ်ကောင်းတွေကို ပွဲတိုင်းဖော်ဆောင်နိုင်ရေး အားထုတ်နေပါတယ်။ တူရကီတို့ကတော့ အသင်းကောင်းတွေနဲ့ဆုံရင် ခြေစွမ်းပျောက်ဆုံးနေတာမို့ အခုပွဲမှာ စပိန်ကို ကျော်ဖြတ်ဖို့တော့ မလွယ်ပါဘူး။ တူရကီဟာ ပြိုင်ဘက်အသင်းရဲ့ ကစားအားကိုလိုက်ပြီး ခြေစွမ်းအတက်အကျ ကစားနိုင်ပေမယ့် တူရကီတိုက်စစ်မှူးတွေရဲ့ အဆုံးသတ်မပိုင်နိုင်မှုတွေက ရလဒ်ကောင်းတွေကို စွန့်လွှတ်ရသလိုဖြစ်နေတတ်ပါတယ်။ ဒီပွဲမှာ စပိန်ရဲ့ ကစားအားကို တူရကီတို့ ကြာရှည်တောင့်ခံဖို့ မလွယ်တာကြောင့် စပိန်တို့ပဲ အမှတ်ပြည့်ရယူပြီး အောင်ပွဲခံသွားနိုင်ပါတယ်။ ။

မိုးမြင့်လင်းလက်



## အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်လိုတဲ့ အဲရစ်ဒီယာ

ပြင်သစ်နိုင်ငံမှာ ကျင်းပနေတဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲ ရုရှားနဲ့အဖွင့်ပွဲမှာ အင်္ဂလန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့တဲ့ အဲရစ်ဒီယာက သူ့အနေနဲ့ အနာဂတ်မှာ အင်္ဂလန်အသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်လိုတယ်လို့ ပြောဆိုလိုက်ပါတယ်။ အဲရစ်ဒီယာဟာ အင်္ဂလန်အသင်းအတွက် တောက်ပလာမယ့် ကြယ်တစ်ပွင့်ရယ်လို့ နည်းပြ ရက်နက်က ချီးကျူးပြောဆိုလိုက်ပါတယ်။ သူဟာ ဘောလုံးနဲ့ပတ်သက်လို့ အတွေ့အကြုံနည်းသလို ဘယ်ခြေစစ်ပွဲမှ ကစားခဲ့သူမဟုတ်ပါဘူး။ ဒါပေမယ့် အင်္ဂလန်နဲ့ ရုရှားတို့ ကစားခဲ့တဲ့ ခြေစွမ်းအရတော့ အနာဂတ်မှာ တောက်ပလာမယ့်ကြယ်တစ်ပွင့်လို့ ဆိုကြပါတယ်။ အဲရစ်ဒီယာဟာ အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသောဂိုးကို တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒီမှာ သွင်းယူတဲ့ဂိုးဟာ အလွန်လှပတဲ့ ဂိုးဖြစ်တာကြောင့် အနာဂတ်မှာ ဒေးဗစ်ဘက်ခမ်းလို တည်ကန်ဘောတွေနဲ့ နာမည်ကြီးအောင် လေ့ကျင့်မှုတွေ ပြုလုပ်သွားမယ်လို့ သူက ဆိုပါတယ်။

## ယူရို ၂၀၁၆ မှာ နိုင်ပွဲတွေရအောင် ကြိုးစားသွားမယ်ဆိုတဲ့ ဟာဇက်

ဘယ်လ်ဂျီယံအသင်းကို ယူရို ၂၀၁၆ မှာ အောင်မြင်တဲ့အသင်းတစ်သင်းဖြစ်အောင် ကြိုးစားသွားမယ်လို့ အသင်းခေါင်းဆောင် ဟာဇက်က ပြောဆိုလိုက်ပါတယ်။ ဘယ်လ်ဂျီယံကစားသမားတွေဟာ အသင်းခေါင်းဆောင် ဟာဇက်နဲ့အတူ ဥရောပချန်ပီယံဖြစ်ဖို့ စိတ်ဓာတ်တွေ တက်ကြွနေကြပါတယ်။ အသက် ၂၅ နှစ်အရွယ်သာရှိသေးတဲ့ ဟာဇက်ဟာ ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးအသင်းမှာ အကောင်းဆုံးခြေစွမ်းမပြနိုင်ခဲ့



ပေမယ့် အရည်အချင်းပြည့်ဝတဲ့ တိုက်စစ်မှူးလို့ ဆိုပါတယ်။ ဟာဇက်ရဲ့ ဘယ်လ်ဂျီယံအသင်းဟာ လာမယ့်ရာသီမှာ ချယ်လ်ဆီးကိုကိုင်တွယ်မယ့် ကွန်တီးရဲ့ အီတလီအသင်းနဲ့ ကစားခဲ့တာပါ။ ကျွန်တော့်ရဲ့ အနာဂတ် နည်းပြရဲ့အသင်းနဲ့ ကစားရတဲ့အတွက် အလွန်ပျော်ပါတယ်လို့ ဟာဇက်က ဆိုပါတယ်။ ဟာဇက်ဟာ ပြီးခဲ့တဲ့နှစ်က ချယ်လ်ဆီးအသင်းအတွက် ၁၄ ဂိုးသွင်းယူပေးခဲ့ပြီး ဂိုးပေါက်ဖန်တီးမှု ကိုးကြိမ်ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ ယူရို ၂၀၁၆မှာတော့ ဘယ်လ်ဂျီယံအသင်းကို အထိုက်အလျောက်အောင်မြင်မှုရအောင် ကြိုးစားပေးသွားမယ်လို့ သူက ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

## လက်နဲ့သွင်းပြီး အနိုင်ယူသွားတဲ့ ပီရူး



ကိုပါအမေရိကဖလားပြိုင်ပွဲမှာ အုပ်စု (B) ပြိုင်ပွဲမှာ နာမည်ကြီးထိပ်သီးအသင်းနှစ်သင်းဖြစ်တဲ့ ဘရာဇီးလ်နဲ့ ပီရူးတို့ကစားတဲ့ပွဲမှာ ပီရူးတိုက်စစ်မှူး ရောလ်ရူဒီရက်ဇ်ရဲ့ လက်နဲ့ပုတ်သွင်းတဲ့ဂိုးနဲ့ ပီရူးက ဘရာဇီးလ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားတဲ့အတွက် ဘရာဇီးလ်တို့ အုပ်စုအဆင့်မှ ထွက်ခဲ့ရပါတယ်။ ဒီကိစ္စကို ဒိုင်လူကြီးနဲ့ လက်ထောက်ဒိုင်လူကြီးတို့ ဆွေးနွေးမှုတွေရှိခဲ့ပေမယ့် ရူဒီရက်ဇ်ရဲ့ လက်နဲ့ပုတ်သွင်းဂိုးကို အတည်ပြုခဲ့ပါတယ်။ ဒီအတွက်ကြောင့်လည်း ဒွန်ဂါရဲ့ ဘရာဇီးလ်အသင်းဟာ မထင်မှတ်ဘဲ အုပ်စုမှထွက်ခဲ့ရပါတယ်။ တိုက်စစ်မှူး ရူဒီရက်ဇ်ကတော့ ဒီသွင်းဂိုးဟာ အငြင်းပွားစရာဖြစ်ပေမယ့် လက်နဲ့သွင်းယူမှုထက် ပေါင်နဲ့တိုက်မိတယ်လို့ ပြောဆိုခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပီရူးကို အနိုင်ပေးလိုက်တဲ့အတွက် ဘရာဇီးလ်နည်းပြ ဒွန်ဂါအပေါ်ဝေဖန်မှုတွေ မြင့်တက်ခဲ့ပါတယ်။ ဒီအုပ်စုမှာ ပီရူးက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရမှတ် ခုနစ်မှတ်နဲ့ အုပ်စုပထမ၊ အီကွေဒေါက ရမှတ် ငါးမှတ်နဲ့ အုပ်စုဒုတိယ၊ ဘရာဇီးလ်ကတော့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရမှတ်လေးမှတ်နဲ့ ထွက်ခဲ့ရပါတယ်။

# လယ်ယာလုပ်ငန်းခွင်များတွင် ကောက်စိုက်လုပ်သား ရှားပါးလာသဖြင့် စပါးစိုက်ပျိုးရာတွင် ပျိုးထောင်စိုက်ပျိုးခြင်းထက် ကြဲစိုက်သူများလာ

**ညောင်တုန်း ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းနှင့် အခြားမြို့နယ်များတွင် ယခင်က မိုးစပါးစိုက်ပျိုးရာ၌ ပျိုးထောင်စိုက်ပျိုးခဲ့ကြရာမှ လွန်ခဲ့သော လေးနှစ်၊ ငါးနှစ်ခန့်မှစ၍ ရာသီဥတုပြောင်းလဲလာခြင်းနှင့် လယ်ယာလုပ်သား ရှားပါးလာခြင်းကြောင့် ကြဲပက်စိုက်ပျိုးသူများသာ များလာကြောင်း သိရသည်။

"ပျိုးနုတ်၊ ကောက်စိုက်လုပ်သားကတော့ တကယ်ကို ရှားပါးလာတာပါ။ ရွာတွေမှာက ဝင်ငွေမမှန်တော့ မြို့ကြီးတွေက စက်ရုံ၊ အလုပ်ရုံတွေမှာ သွားရောက်အလုပ်လုပ်ကြတာ များလာတယ်။ တချို့လည်း နိုင်ငံရပ်ခြားထွက် အလုပ်လုပ်ကြတယ်။ ရွာတွေမှာ လယ်ယာလုပ်သား ရှားပါးလာတော့ ပျိုးထောင်စိုက်ပျိုးသူ နည်းလာပြီး ကြဲခင်းစိုက်သူ များလာတယ်"ဟု ညောင်တုန်းမြို့နယ် ဝါးတောစွန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ယခုနောက်ပိုင်း မိုးစပါးစိုက်ပျိုးရာတွင် ကျေးလက်ဒေသများတွင် မိသားစုများသော လယ်သမားများ၊ ဆွေမျိုးမိတ်ဆွေ ပေါများသော လယ်သမားများနှင့် ငွေကြေးတတ်နိုင်ပြီး ပင်တိုင်လုပ်သားရှိသော လယ်သမားများသာ သိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့်လည်းကောင်း၊ ရိုးရိုး ပျိုးထောင်စိုက်နည်းစနစ်ဖြင့်လည်းကောင်း စိုက်ပျိုးနိုင်ကြကြောင်း၊ အများစုမှာ ကြဲပက်၍သာ စိုက်ပျိုးရကြောင်း သိရသည်။

သို့သော် ကြဲပက်၍ စိုက်ပျိုးခြင်းမှာလည်း လယ်မြေများကို ညက်အောင်ထွန်ယက်ပြီး မျိုးသန့်မျိုးစပါးကို ရေစိမ်အစို့ဖောက်ကာ ညီညီညာညာ ကြဲပက်စိုက်ပျိုးကာ အပင်ဖြစ်လာချိန်တွင်လည်း လိုအပ်သော ပေါင်းသတ်ဆေး၊ စပါးပင်အားဆေးနှင့် မြေသြဇာများကို စနစ်တကျ အသုံးပြုပေးခြင်းများ ပြုလုပ်ပါက အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအနေဖြင့် ယခုနှစ်မိုးရာသီ စပါးစိုက်ကာလအတွင်း မိုးစပါးဧက ခြောက်သောင်းကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ကာ တိုင်းဒေသကြီး တစ်ခုလုံး၌ ဧက ၃၆ သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်သူများ စိုက်ပျိုးချိန်တွင် စိုက်ပျိုးစရိတ်အခက်အခဲ မရှိစေရေးအတွက် မိုးစပါး စိုက်ပျိုးစရိတ်များကို တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် တောင်သူတစ်ဦးလျှင် ၁၀ ဧကအထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်း အထောက်အကူပြုသင်တန်းဖွင့်

**လှိုင်ကော် ဇွန် ၁၄**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကျန်းမာရေးဌာန လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်း စီမံကိန်းနှင့် ကယားပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်း အထောက်အကူပြုသင်တန်းဖွင့်ပွဲကို လှိုင်ကော်မြို့ ကြက်ခြေနီအသင်းခွဲရုံး၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းကို ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ စွမ်းဆောင်ရည်မြင့်တက်စေရန်၊ ကျေးရွာလူထုများနှင့် စေတနာလုပ်အားရှင်များအတွက် အထောက်အကူဖြစ်စေရန်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုများကို အထောက်အကူဖြစ်စေရန်၊ ကျန်းမာရေးမြှင့်တင်ခြင်းနှင့် ရောဂါဘယဘေးများ ကာကွယ်ခြင်းနှင့်ပတ်သက်ပြီး အတွေ့အကြုံ၊ တတ်ကျွမ်းမှု ဗဟုသုတများရရှိစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် လူထုအခြေပြုနှင့် ရှေးဦးပြုစုခြင်းစီမံကိန်း ညှိနှိုင်းရေးမှူး ဦးဝင်းစန်းဦးက ဦးဆောင်၍ ဒေသခံနည်းပြ သုံးဦးနှင့်အတူ လှိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့များရှိ သင်တန်းသား သင်တန်းသူ ၂၀ ဦးအား ဇွန် ၁၇ ရက်အထိ နေ့၊ ည အချိန်များခွဲ၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**



# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းဖွင့်

**ဘားအံ ဇွန် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့၌ မြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား)သင်တန်းကို ဇွန် ၁၃ ရက်က စတင်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ဖြစ်ပွားပါက ဖြစ်ပွားရာဒေသမှ ရပ်ရွာလူထုသည် ပထမဦးဆုံး ရင်ဆိုင်ဖြေရှင်းရမည့်သူများဖြစ်သည့်အတွက် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ အား ဆင့်ပွားသင်တန်းပေးခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဇွန် ၁၃ မှ ၁၅ ရက်အထိ သုံးရက်ကြာသင်တန်းဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေးဖြစ်ပွားမှုအနေဖြင့် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ရေကြီးမှုများကို နှစ်ကြိမ်ကြုံတွေ့ခဲ့ရပြီး အိမ်ထောင်စုပေါင်း ၁၃၉၉ စု၊ လူဦးရေ ၇၅၂၆ ဦး ရေဘေးသင့်ခဲ့ရာ ဘားအံ၊ လှိုင်းဘွဲနှင့် ဖာပွန်မြို့နယ်များ၌ ပထအကြိမ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း လေးခု၊ ဒုတိယအကြိမ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၅ ခုအထိ ဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကူညီစောင့်ရှောက်ခဲ့ရသည်။ အဆိုပါ ရေဘေးနှစ်ကြိမ်ကြောင့် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၄၅၄ ဒသမ ၄၅ သန်းရှိခဲ့ပြီး လယ်ယာကဏ္ဍနှင့် လမ်းတံတားများ ပျက်စီးခြင်းတို့မှာ အများဆုံးဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် ဇမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက သင်တန်းသား သင်တန်းသူများအား သင်တန်းမှရရှိသော အသိပညာများဖြင့် မိမိရပ်ရွာတွင် သဘာဝဘေးလျော့ပါးရေး အသိပညာများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေပြီး သဘာဝဘေးဒဏ်ကို ခုခံကာကွယ်နိုင်စွမ်းရှိသော ရပ်ရွာလူထုများအဖြစ် ရပ်တည်နိုင်စေရန် သင်တန်းဆင်းသူများအနေဖြင့် ထပ်ဆင့်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီးက သင်တန်းသားများအတွက် ဆေးစိမ်ခြင်ထောင်များကို ပေးအပ်ခဲ့ပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်က ဘားအံမြို့နယ်အတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူအဖြစ် အသုံးပြုရန် လက်ကိုင်စပီကာများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်ထံ ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၅ခုနှစ်(သို့မဟုတ်)၂၀၁၆ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၆ခုနှစ်၊ ဇွန်လ (၁၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# နီလာရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးနေဝင်း [ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း] (အထွေထွေမန်နေဂျာ၊ တင်ဝင်းထွန်း ကုမ္ပဏီလီမိတက်) နှင့် ချစ်မေမေ ဒေါ်ရီရီလွင်တို့၏ ၁၅-၆-၂၀၁၆ ရက်တွင် ကျရောက်သော နီလာရတု မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနှင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး ချစ်သား၊ ချစ်သမီးများ၊ ချစ်မြေးတို့နှင့်အတူ ပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သမီးကြီး** - **မေဇင်ဝင်း B.Sc (Geology), Dip in Global English**
**လ/ထ မန်နေဂျာ၊ ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ချစ်သား** - **အောင်သူရဝင်း B.E (EP)**
**ဒုတိယညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
- **ကြည်သာသောင်းမြင့် B.A (BM), A.G.T.I (EP)**
**မန်နေဂျာ Asia General Electric Co.,Ltd.**

**ချစ်သမီးငယ်** - **သီတာဝင်း B.Sc(Hons;), M.Sc (Engineering Maths)**
**Dip in Global English, DA (LCCI UK),**
**Dip in IFR (ACCA UK)**
**Assistant Account Manager**
**WRACC (Myanmar) Korea Accounting &**
**Consultancy Firm**

**ချစ်မြေးလေး** - **ဘုန်းမြင့်စံဝင်း (ခ) ဂျန်ဂျန်**
**ပထမတန်း၊ NEC ကိုယ်ပိုင်အထက်တန်းကျောင်း**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးမြို့၊ နန်းရှေ့ပြည်တော်သာရပ်၊ တိုက် ၇၊ အခန်း ၅ နေ ဦးဝင်းတင် (တံတားဦး လဝက)-ဒေါ်ယုယုရွှေ (ချမ်းအေးသာစံ လဝက)တို့၏သမီးကြီး၊ မဖေဖူးခင် Grade-11 (မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်း)၏အစ်မ၊ **မအိမ့်ကျော့ခင် (ခုံအမှတ် မနမ-၁၁၁၅)သည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် (အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ငါးဘာသာဂုဏ်ထူး**ဖြင့် ထူးချွန်စွာ အောင်မြင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**ဘိုးဘိုး - ဦးမျိုးရွှေ**
**ဘွားဘွား - ဒေါ်အေးမြင့်**
**ဦးဦး - ဦးတေဇိုး (ဒု-ဦးစီးမှူး) ပြည်တွင်းအခွန်များဦးစီးဌာန**
**ဦးဦး - ဦးဝဏ္ဏကျော်**

# ကျေးဇူးတင်လွှာ

သမီးငယ် မဆုဆုနိုင် (မရမ-၂၂၃၆) အား မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်အောင် စေတနာ၊ မေတ္တာ အပြည့်ဖြင့် သင်ကြားပြသပေးခဲ့ကြပါသော မန္တလေးမြို့၊ ပညာပါရမီပညာ့ရိပ်သာမှ ဆရာမ မမူနှင့်တကွ အနီးကပ်ကြီးကြပ် သင်ကြားပြသပေးခဲ့ကြသော ဘာသာရပ်ဆရာ၊ ဆရာမများ၊ Night Guide ဆရာ၊ ဆရာမများအား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ဦးမိုးအောင်-ဒေါ်မိုးခိုင်**
**မန္တလေးမြို့**

# ကျေးဇူးတင်လွှာ

သမီးငယ် မငြိမ်းစုစုနိုင် (မရမ-၂၂၃၄) အား သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်အောင် စေတနာ၊ မေတ္တာအပြည့်ဖြင့် သင်ကြားပြသပေးခဲ့ကြပါသော မန္တလေးမြို့၊ ပညာပါရမီပညာ့ရိပ်သာမှ ဆရာမ မမူနှင့်တကွ အနီးကပ်ကြီးကြပ်သင်ကြားပြသပေးခဲ့ကြသော ဘာသာရပ်ဆရာ၊ ဆရာမများ၊ Night Guide ဆရာ၊ ဆရာမများအား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ဦးဇော်ဇော်နိုင်(ဦးစီးအရာရှိ) - ဒေါ်လှလှမင်း**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ရေစကြိုမြို့**

# (၃၉)နှစ်မြောက် မင်္ဂလာဆုတောင်း

သားတို့ သမီးတို့၏ ချစ်ရဆုံး ဖေကြီးနှင့် မေကြီးတို့၏ ၁၅-၆-၂၀၁၆ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ထက်ဆုံးတိုင် ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ယခုထက် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သားကြီး မင်းမင်း-ချစ်သမီးကြီးမစု**
**ချစ်သားကိုရဲ-ချစ်သမီးနွေးနွေး**
**ချစ်သမီးငယ်လေး-ဂူးဂူး**
**ချစ်မြေးလေး-တုံတုံနှင့် (၉)မိုင်မိသားစု**

# (၃၉)နှစ်မြောက်မင်္ဂလာဆုတောင်း

Bo Minn Bo Construction Co.,Ltd ဥက္ကဋ္ဌနှင့် ဇနီးတို့၏ ၁၅-၆-၂၀၁၆ ရက်တွင်ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ သက်ရှည် ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသနာနှင့် လူမှုအကျိုးပြုလုပ်ငန်းများ ယခုထက် ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**B.O.D အဖွဲ့နှင့် ဝန်ထမ်းမိသားစု**
**Bo Minn Bo Construction Co.,Ltd**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ဒေါက်တာဦးအေးကို (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ရေနံဆေးရုံ၊ ချောက်မြို့) - ဒေါ်ယဉ်ယဉ်ဌေး (B.Com)တို့၏သမီး မသန့်သန့်အေးကို (မနတ-၄၀၀)သည် ၂၀၁၅-၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး (ရမှတ် ၅၅၄)မှတ်၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုတိယအဆင့်ဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် အထူးဝမ်းသာဂုဏ်ယူမိပါသည်။

**ဘဘ - ဦးထိအောင်[လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်း]**
**မေမေကြီး - ဒေါ်ခင်ရွှေ**
**ဦးကြီး - ဦးမောင်မောင်အေး-ဒေါ်မေသန်း(မဟာမိတ်ရောင်းဝယ်ရေး)**
**မမကြီး - ဒေါက်တာနွဲ့နွဲ့ယဉ် (ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန)**
**မမများ - မြတ်မာလာခင် (Goettingen University ဓော့တ္တဂျာမနီနိုင်ငံ) နှင်းမာလာအေး (CB Bank)၊ ထက်မာလာအေး ($4^{th}$ Year, YAU)၊ ယုယုမြတ်ကို (Final Part II ဆေးတက္ကသိုလ်၊ မန္တလေး)၊ မေသီရိဟာဏ် ($2^{nd}$ M.B ဆေးတက္ကသိုလ်၊ မန္တလေး)**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ တိမ်းတည်ကျေးရွာ အထက-ခွဲ နဝမတန်း(A)မှ မယဉ်ငြိမ်းအေး၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၉/မထလ(နိုင်) ၀၈၇၇၉၁ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ တောင်ရွေးစုရွာ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ နဝမတန်းမှ မသက်ထားအေး၊ ပဉ္စမတန်းမှ မခင်သက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် ၉/တကန(နိုင်)၁၃၁၀၁၃ ဖြစ်ပါကြောင်း။

**ဦးအောင်လွင်**
**၉/တကန(နိုင်)၁၃၁၀၁၃**

## ဖခင်အမည်ပြောင်း

မောင်ရဲရင့်ကိုကို တက္ကသိုလ်ဝင်တန်း(A) အထက(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်သာယာမြို့နယ်၊ မဆောင်းချစ်သူ တက္ကသိုလ်ဝင်တန်း(B) အထက(၂) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်၊ မောင်ဉာဏ်ဘုန်းဇော် ဒုတိယတန်း(C) အထက(၂) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်တို့၏ ဖခင်အမည်မှန်မှာ သန်ခေါင်စာရင်း၊ နိုင်ငံသားစိစစ်ရေးအမှတ်ပါ အမည်စာရင်းအရ ဦးထွန်းထွန်း ၁၂/လသယ(နိုင်)၀၀၂၇၆၆ ဖြစ်ပါသည်။

**ဦးထွန်းထွန်း ၁၂/လသယ(နိုင်)၀၀၂၇၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သမိုင်း၊ မြေကွက်အမှတ် ၁၄/က^JA^၊ မြေကွက်တည်နေရာအမှတ် ၁၄/က^JA^၊ ဘောဂသိဒ္ဓိလမ်းသွယ်၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးမောင်မောင်ကြည်)အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) မြေအားအမည်ပေါက် ဦးမောင်မောင်ကြည်ထံမှ G/P ၃၂၄၄/၂၀၁၁ (၂၅-၂-၂၀၁၁)ရရှိသူ ဒေါ်ခင်အေးမာ ၁၂/တမန(နိုင်)၀၄၂၁၀၈ မှ G/P အထောက်အထား၊ G/P ပေးခြင်းအတွက် ကျမ်းကျိန်လွှာ၊ အမည်ပေါက်သည့် အမှားပြင်စာချုပ်အမှတ် ၁၂၉၀/၂၀၀၀ မိတ္တူမှန် ၂၃-၆-၂၀၀၀ တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သမိုင်း၊ မြေကွက်အမှတ် ၁၄/က^၆^ ၏အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ် ၁၄/က^၆^၊ ဗဟိုလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးမောင်မောင်ကြည်) အမည်ပေါက်မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဦးမောင်မောင်ကြည်ထံမှ G/P ၃၂၄၄/၂၀၁၁ (၂၅-၂-၂၀၁၁) ရရှိသူ ဒေါ်ခင်အေးမာ ၁၂/တမန(နိုင်)၀၄၂၁၀၈ မှ G/P အထောက်အထား၊ G/Pပေးခြင်းအတွက် ကျမ်းကျိန်လွှာ၊ အမည်ပေါက်သည့် အမှားပြင်စာချုပ်အမှတ် ၁၂၉၀/၂၀၀၀ မိတ္တူမှန် ၂၃-၆-၂၀၀၀ တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရတနာမွန်အိမ်ရာရှိ တိုက်အမှတ် ၄B၊ အခန်းအမှတ် ၄၀၆ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင် ၁၂/လမန(နိုင်)၀၇၇၄၃၃ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးအောင်စည်ယွန်း ၁၂/လမန(နိုင်)၁၄၂၆၃၁ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9553 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၈၉၉၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/7888 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/7550 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## အထူးကျေးဇူးတင်ရှိခြင်း
# ဒေါ်ဖွားတင်(ခ)ဒေါ်ကောက် (ကျုံကဒတ်)
### အသက်(၈၈)နှစ်

၇-၆-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသော မိခင်ကြီး ဒေါ်ဖွားတင်(ခ)ဒေါ်ကောက်အား နာမကျန်းဖြစ်စဉ် ကာလတစ်လျှောက်လုံး စေတနာမေတ္တာရှေ့ထား၍ အထူးဂရုစိုက်ဆေးကုသပေးခဲ့ပါသော အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်မှူးကြီးနှင့်တကွ သမားတော်ကြီးများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာ၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလုံးနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသောဆွေမျိုးမိတ်သင်္ဂဟများ၊ သတင်းမေးအားပေးကူညီပေးကြသူများ၊ နာရေးကိစ္စအဝဝတွင် လိုက်ပါပို့ဆောင်ပေးကြပါသော မိတ်သင်္ဂဟများ၊ သင်္ကန်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများနှင့် လှူဖွယ်ဝတ္ထုပေးပို့ကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးညွန့်မောင်
### အသက်(၈၅)နှစ်

ဦးခင်မောင်ဦး-ဒေါက်တာစန်းစန်းရီ(ပါမောက္ခချုပ်)၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ဖခင်ကြီး ဦးညွန့်မောင်သည် ၆-၆-၂၀၁၆ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
# လေ ၂၄၈၅ ဗိုလ်မှူးရန်နိုင်ထူး
### အသက်(၃၉)နှစ်
# လေ ၃၂၁၆ ဗိုလ်ကြီးထွန်းထွန်းနိုင်
### အသက်(၃၁)နှစ်
# လေ ၂၃၄၅၂ တပ်ကြပ်ကြီးတင်ထွန်းလွင်
### အသက်(၄၇)နှစ်

၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့)တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

# ဗိုလ်မှူးရန်နိုင်ထူး အသက်(၃၉)နှစ်
### တပ်မတော်(လေ)
### စစ်တက္ကသိုလ်အမှတ်စဉ်(၄၁)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် ၁၁နေ ဦးလှသိန်း-ဒေါ်ငွေမြိုင်တို့၏သား၊ ပုသိမ်မြို့၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးနေ ဦးတိုးကြွယ်(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်မြင့်မြင့်အေးတို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ လော်ကားလမ်း၊ အမှတ် ၄၄၄နေ ဒေါ်နွေးအိအိဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မသွန်းဝါဆိုထူး၏ချစ်လှစွာသောဖခင် ဗိုလ်မှူးရန်နိုင်ထူး(တပ်မတော်-လေ)သည် ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၅နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အိုင်ဇောက်သုသာန်သို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဗိုလ်ကြီးထွန်းထွန်းနိုင်
### တပ်မတော်(လေ)
### စစ်တက္ကသိုလ်အမှတ်စဉ်(၄၈)
### အသက်(၃၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အိုးဘိုယာပြင်ရပ်၊ အမှတ် ၃၃၇နေ ဦးကြီးစိန်-ဒေါ်မြင့်မြင့်စိန်(သမဝါယမဦးစီးဌာန)တို့၏သား၊ကိုဝဏ္ဏ၊ ကိုနန္ဒ၊ ကိုမင်းသူရ၊ ကိုဝံသ၊ ကိုသက်ဇော်ဖြိုးတို့၏ညီ၊ မအိအိချော၏မောင်၊ မအိအိခိုင်၊ မလေးလဲ့လဲ့ဝိုင်းတို့၏အစ်ကို ဗိုလ်ကြီးထွန်းထွန်းနိုင် (တပ်မတော်-လေ)သည် ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၅နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အိုင်ဇောက်သုသာန်သို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# တပ်ကြပ်ကြီး တင်ထွန်းလွင်
### တပ်မတော်(လေ)
### အသက်(၄၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အင်းတောကြီးကျေးရွာနေ ဦးတုတ်လှ-ဒေါ်အုန်းကျင်တို့၏သား၊ ဒေါ်ခင်မိုးမိုး၏ ချစ်လှစွာသောခင်ပွန်း၊ မယဉ်ယဉ်မိုးဦး၊ မယဉ်ယဉ်ဆောင်းနှင်းတို့၏ဖခင် တပ်ကြပ်ကြီး တင်ထွန်းလွင် (တပ်မတော်-လေ)သည် ၁၄-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၅နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အိုင်ဇောက်သုသာန်သို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မခိုင်သဇင်ဝင်း(ခ)ခိုင်ခိုင်
### အထက(၂)လသာ ကျောင်းသူဟောင်း
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ၃၂လမ်း(အလယ်)၊ အမှတ် ၁၃၇နေ ဦးဝင်းထွန်း-ဒေါ်ခင်အုန်းမြင့်(ခိုင်ခိုင် မင်္ဂလာဖိတ်စာ/ပုံနှိပ်လုပ်ငန်း)တို့၏ချစ်လှစွာသောသမီး၊ ကိုရဲမင်းသိန်း(Chief Officer)-မယုဇနဝင်းတို့၏ညီမ၊ မောင်ကျော်ဇင်ဝင်း၏အစ်မ၊ ကိုလွင်မင်းသူ၏ဇနီး၊ မောင်လွင်သူခန့်၊ မသက်သဇင်ခိုင်တို့၏မိခင်၊ မဆုယမုံမင်း၊ မောင်ဥက္ကာရဲမင်းတို့၏အဒေါ်သည် ၁၃-၆-၂၀၁၆ရက်(တနင်္လာနေ့) ည ၁၀း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်သန်းသန်း
### အသက်(၉၀)

မြောင်းမြမြို့နေ(ဦးစံရှိန်)Deputy Commissioner(A.T.M)-ဒေါ်ကြူကြူတို့၏သမီး၊ (ဦးဟန်ငွေး)၏ဇနီး၊ (ဦးခင်မောင်ရှိန်)၊ (ဦးကက်နက်ရှိန်)၊ (ဒေါ်ငြိမ်းငြိမ်း)၊ ဦးခင်မောင်ကြူ၊ (ဦးခင်မောင်ဝင်း)၊ ဒေါ်ခင်ခင်ထူးတို့၏အစ်မ၊ ဦးချစ်လွင်-ဒေါ်စန်းစန်းမူ၊ ဦးရဲမင်း-(ဒေါ်မြင့်မြင့်သိန်း)၊ ဦးရန်လင်း-ဒေါ်အေးအေးခင်၊ ဦးတင်ထွေး-ဒေါ်နော်ထားမေထူးတို့၏မိခင်သည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် အမှတ် ၃၂၊ ခြောက်လွှာ၊ သင်္ဂဟလမ်း၊ ကျောက်မြောင်းရပ်ကွက်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ငွေစိန် (မြောက်ဦး)
### အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊မြောက်ဦးမြို့၊ပေါက်တောပြင်ကျေးရွာနေ (ဦးကံကောင်း-ဒေါ်နှင်းဆီဖြူ)တို့၏သမီး၊(ဒေါ်မြဝေစိန်)၏ညီမ၊(ဦးစံထွန်း)၊ဗိုလ်မှူးအောင်သန်းငြိမ်း-ဒေါ်ကျော့၊ ဦးအောင်ခင်-ဒေါ်ကြင်အေးတို့၏အစ်မ၊ ဦးဦးရွှေသာ-ဒေါ်လှခင်၊ ဦးအောင်စိန်ထွန်း-ဒေါ်ခင်စောဝင်း၊ ဦးစံဝင်း-ဒေါ်မီးမီး၊ ဦးစံငြိမ်း-ဒေါ်ဖြူပြာ၊ ဦးမြင့်ဆွေ-ဒေါ်ခင်စောညွန့်၊ ဦးမြင့်လွင်-ဒေါ်ခင်စောရွှေ၊ ဦးစံသောင်း၊ ဦးရွှေစိန်ထွန်း-ဒေါ်ကြည်ကြည်မြင့်တို့၏မိခင်၊မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘောင်ရှင်၊ အဖီးရှင်၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြတောင်ညို ၂လမ်း၊ အမှတ် ၁၄နေ (ဦးစံရွှေလှ)၏ဇနီးသည် ၁၄-၆-၂၀၁၆ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၁၆ရက် နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး
# ဒေါ်လှကျင် အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ ပုညဝမုန လမ်း၊ အမှတ် ၁၀နေ (ဦးအညီး-ဒေါ်ခင်ညွန့်)တို့၏သမီး၊ (ဦးလှဝင်း)၏ဇနီး၊ ဒေါ်အုံးကြည်၊ ဒေါ်ခင်သိန်းတို့၏အစ်မ၊ ဦးအုန်းသွင် (MOGE-SCHLUMBERGER၊ ငြိမ်း)-ဒေါ်သန်းသန်းဝင်း(MOGE-ငြိမ်း)၊ ဦးကြည်ဝင်း-ဒေါ်စမ်း၊ ဦးအုန်းတင့်-ဒေါ်ဘေဘီဝင်း၊ ဦးမြင့်အုန်း-ဒေါ်လှလှဝင်း၊ ဒေါ်မာမာဝင်း၊ ဦးဝင်းနိုင်(ရွှေမန်းသူ)-ဒေါ်စမ်းစမ်းဝင်း၊ ဦးမျိုးထွဋ်(ဇ၆၉၃-GL)-ဒေါ်မာမာလွင်၊ ဒေါက်တာလဲ့လဲ့နိုင်(သတ္တဗေဒဌာန၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဦးကျော်စွာလင်း-ဒေါ်အိအိမော်တို့၏မိခင်သည် ၁၃-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၀၀း၅၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
# ဒေါ်ထွန်းထွန်း(ခ)ဒေါ်ထွန်း
### (ပုဇွန်တောင်) (သုဝဏ္ဏ)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရေနံ့သာလမ်း၊ တိုက် ၁၂၉/၁ နေ (ဦးမောင်မောင်ကြီး - ဒေါ်ဒေါင်းညွန့်)တို့၏သမီး၊ ဦးမြညွန့်(တပ်မတော်-ရေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (ဦးဘသောင်း)-ဒေါ်မြင့်မြင့်ဦး(စောင်စက်ရုံ-၃၊ ငြိမ်း)၊ ဦးနေထွန်း(စက်မှုဂုန်လျှော်၊ ငြိမ်း)-ဒေါ်ဖြူဖြူဝင်း၊ ဦးဖုန်းမြင့်(အကျဉ်းဦးစီးဌာန၊ ငြိမ်း)၊ ဦးဖုန်းတင့်-ဒေါ်နီလာလှိုင်၊ ဒေါ်ခင်အေးဝါ(ကျောက်တံတားမြို့နယ်၊ GEC)တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်အုံးတင်
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံ ၂၁လမ်း အနောက်၊ အမှတ် ၂၃နေ(ဦးကြည်ညွန့်-ဒေါ်လွန်းရင်)တို့၏သမီး၊ (ဦးစောထွန်းစိန်)၏ဇနီး၊ (ဦးတင်ထွန်း)၊ (ဦးဘိုနီ)-ဒေါ်ပြုံးပြုံး၊ ဦးဇော်အေး-ဒေါ်ဝင်းဝင်းမော်၊ ဒေါ်စိုးစိုးအောင်၊ ဦးမျိုးဦး-ဒေါ်စမ်းစမ်းအေးတို့၏မိခင်၊ မြေး ၁၀ယောက်၊မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၄-၆-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျီးစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ဝင်းဝင်းမြတ်(ခ)မပူစူး
### (ကျောက်ပန်းတောင်း)
### အသက်(၃၇)နှစ်

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်နေ ဦးဖိုးဆန်း-ဒေါ်ရွှေတဆုပ်၊ (ဦးအောင်ကြည်) - ဒေါ်ဖွားသိန်းတို့၏ မြေး၊ ဦးခင်မောင်ညို-(ဒေါ်မေသန်းအေး)တို့ ၏ချွေးမ၊ ဦးအောင်ကြည်ဝင်း-ဒေါ်တင်မေရီတို့၏သမီး၊ ဒေါ်ရီရီဝင်း၏တူမ၊မောင်အောင်နိုင်ထွန်း-မသီရိထွန်း၊ ဗိုလ်မှူးသန့်ဇင်ငွေး - မလွင်မြင့်မြတ်၊ မဖြိုးမွှန်ကျော်တို့၏အစ်မ၊ တူ နှစ်ယောက်၏အဒေါ်၊ မောင်ကျော်ဇင်ဟိန်း၊ မောင်မင်းသန့်ဟိန်းတို့၏မိခင်၊ ဦးဇင်မင်းလတ်၏ ချစ်လှစွာသောဇနီးသည် ၁၂-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)အိန္ဒိယစံတော်ချိန် နံနက် ၂း၁၅နာရီတွင်အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော် Apollo ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကျောက်ပန်းတောင်းမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်သန်းဝင်း
### (အလပြ၊ ငြိမ်း)
### (အထက ကျောက်ရေတွင်း)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊သန်လျင်မြို့နယ်၊ကျောက်ရေတွင်း မြို့ပြကွက်သစ်၊ အမှတ် ၄၁ နေ (ဦးမောင်အို-ဒေါ်သီ)တို့၏ သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ တပင်ရွှေထီးတောင်ပိုင်းရပ်ကွက်နေ (ဦးလှ-ဒေါ်လှရင်)တို့၏သမီးချွေးမ၊ ဦးမြလွင်၊ (ဦးငြိမ်းမောင်-ဒေါ်ရွှေတင်)၊ (ဦးမောင်စိုး-ဒေါ်သန်းသန်း)၊ ဦးမျိုးမြင့်-ဒေါ်သန်းအေး၊ ဒေါ်တင်ဥ၊ ဒေါ်ခင်ဝင်းတို့၏ညီမ၊ ဦးထွန်းလွင် - ဒေါ်သန်းဆွေ၊ ဦးကြည်သိန်း-ဒေါ်တင်နွဲ့၊ဦးတင့်လွင်-ဒေါ်ခင်နှင်းလွင်တို့၏အစ်မ၊ ဦးထွေးမောင်၏ဇနီး၊ ဗိုလ်မှူးရဲကျော်သူ-ဒေါ်ဇကေရီအောင်ထင်၊ ဗိုလ်ကြီးကောင်းမြတ်သူတို့၏မိခင်၊ မောင်ခန့်ကျော်သူ၏အဘွားသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ သန်လျင်မြို့နယ်၊ ကျောက်ရေတွင်းမြို့ပြကွက်သစ်၊အမှတ် ၄၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးမြစိန် (ပုသိမ်)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့၊ သုခမလမ်း၊ အမှတ် ၃၀ နေ (ဦးဘိုးကျန် - ဒေါ်ရွှေဝင်း)တို့၏သား၊ (ဦးဘရင်-ဒေါ်လှစိန်)တို့၏သားသမက်၊ (ဒေါ်ခင်ညွန့်)၏ ခင်ပွန်း၊ ဦးအောင်သိန်းမြင့် - ဒေါ်မြင့်မြင့်၊ ဦးသန်းမြင့်အောင် - ဒေါ်မြင့်မြင့်ရီ၊ (ဦးတင်ဝင်း)-ဒေါ်အေးမြင့်၊ ဦးအောင်မြင့်-ဒေါ်အိအိတင်၊ ဦးထွန်းလွင်-ဒေါ်ညွန့်ရီတို့၏ဖခင်၊ မြေး ၂၁ယောက်တို့၏အဘိုး၊ မြစ် ၁၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃-၆-၂၀၁၆ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၆ရက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးခင်
### ဦးစီးအရာရှိ(တ)(ငြိမ်း)
### ခန့်/သူဦးစီး
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ၄၈၅ အောင်တံခွန်(၁)လမ်းနေ (ဦးဘိုးငွေ-ဒေါ်ကျင်ထွေး)တို့၏သား၊ [ဒေါ်တင်တင်မြင့်(ခ)ဘေဘီ]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ဝင်း)-ဒေါ်တင်ဆန်း၊ [ဗိုလ်မှူးသာခု (ငြိမ်း)] - ဒေါ်ခင်မြတို့၏ညီ၊ (ဦးရှိန်)-ဒေါ်ခင်လှမြင့်၊ (ဦးရောင်ဝေ)၊ (ဦးညီပု-ဒေါ်ခင်စိန်)၊ ဒေါ်သန်းသန်း၊ ဦးသိန်းဇော်-ဒေါ်စမ်းစမ်းသွင်(လသာ-၂၊ ငြိမ်း)၊ ဦးသောင်းညွန့်တို့၏အစ်ကို၊ ဦးခင်ဇော်-ဒေါ်သက်သက်တင်၊ ဦးမြင့်နိုင်(Max Construction)-ဒေါ်သီတာခင်(ပဆင၊ ငြိမ်း)၊ ဦးကွန်းဝင်း(ပြည်တွင်းအခွန်ဦးစီးဌာန) - ဒေါ်မိုးစန္ဒာ၊ (ကိုစိုးမိုး)တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၁၃-၆-၂၀၁၆ရက် ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်ဒါယကာကြီး
# ဦးညွန့်လှိုင်
### (လှဓာတ်ပုံတိုက်) လှည်းတန်း
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ် ၇၆ (ပထမထပ်-A)နေ (ဦးညွန့်မောင်-ဒေါ်မြရီ)တို့၏သား၊ ဦးလှသွင်-ဒေါ်ခင်လှ(လှဓာတ်ပုံတိုက်)တို့၏သားသမက်၊ ဒေါ်မြမြသွင်၊ ဦးဇော်ဝင်းအောင် - ဒေါ်နီလာသွင်၊ ဦးကျော်ဝေ-ဒေါ်အေးအေးသွင်၊ ဦးလှဝင်းစိန်-ဒေါ်သန်းသန်းဝင်း၊ (ဦးသန်းညွန့်-ဒေါ်ခင်သန်းဆင့်)၊ ဦးဇော်မျိုးထွန်း-ဒေါ်ရီရီနိုင်၊ ဒေါ်နီနီခိုင်၊ ဦးဇော်သက်-ဒေါ်သီတာတို့၏ညီ/မောင်၊ ဒေါ်သီတာသွင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသီဟလှိုင်၊ ကိုအောင်သူရလှိုင်-မရွှေဇင်ဇင်အောင်တို့၏ ဖခင်သည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မောင်ဇာနည်အောင်
### MTM Shipping Co.,Ltd
### MT Chembulk Lindy Alice
### (Pump Man)
### အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ ရိုးရာလမ်း၊ အမှတ် ၁၀၅၃နေ ဦးအောင်မြင့်-ဒေါ်သန်းသန်းအေးတို့၏သား၊ မောင်စည်သူအောင်၏ အစ်ကိုသည် ၁၁-၆-၂၀၁၆ရက် (စနေနေ့)နံနက် ၃နာရီတွင် MT Chembulk Lindy Alice သင်္ဘောပေါ်၌ ကွယ်လွန်သွားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၆ရက်(သောကြာနေ့) နံနက် ၇နာရီမှမွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
# ဦးသန်းဆွေ အသက်(၉၄)နှစ်
### သံအမတ်ကြီး(ငြိမ်း)၊ (နိုင်ငံဂုဏ်ရည် ဒုတိယဆင့်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်လမ်းသွယ် ၁၊ အမှတ် ၃၅/၃၉နေ ဒေါ်ခင်ထွေးဝင်း၏ခင်ပွန်း၊ ဒေါက်တာကျော်ဇော-ဒေါ်တာခိုင်ခိုင်မာ၊ ဦးစိုးလွင်-ဒေါ်ဥမ္မာဆွေ၊ ဦးမိုးမင်းဝင်း-ဒေါ်လှမျိုးဆွေ၊ ဦးကိုကိုဆွေ၊ ဦးညီညီဆွေ-ဒေါ်စန္ဒာလွင်၊ ဦးကိုကိုဆန်းသွင်-ဒေါ်မာလာသန်းဆွေတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၁-၆-၂၀၁၆ရက် (စနေနေ့) ညနေ ၅း၅၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၆ရက် (သောကြာနေ့)နံနက်တွင် အင်းစိန်မြို့နယ်၊ ၁၀မိုင်၊ လေဆိပ်လမ်းသွယ် ၁၊ အမှတ် ၃၅/၃၉ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးထွန်းကြည်
### မိုးကုတ်ယောဂီဟောင်း(ဗဟန်း)
### ရုံးအုပ်(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်းနေ (ဦးအောင်မြင့်-ဒေါ်တင်စိန်)တို့၏သား၊ (ဦးမောင်ကို-ဒေါ်ခင်ရီ)တို့၏သားသမက်၊ ဒေါ်ခင်သန်းအေး(ခ)ဒေါ်သန်းသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစိုးမင်း-မစန်းစန်းအေး၊ ကိုဆန်းထွန်း(ရေနံချက်စက်ရုံ၊ သန်လျင်)-မစန်းစန်းငွေး(လက်ထောက်မန်နေဂျာ၊ ကုန်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ မစမ်းစမ်းမြင့်(ခ)မမွှေးမွှေး၊ ဒေါက်တာမျိုးပိုင်-မအေးအေးမော်(ခ)မမော်၊ မစိုးမိုးလွင်(ခ)စိုးမိုးတို့၏ချစ်လှစွာသောဖခင်၊ မဖူးဟေမာန်ထွန်း(ခ)ဖူးဖူး Grade -VI (MLA)၏ ဘိုးဘိုးသည် ၁၃-၆-၂၀၁၆ရက် (တနင်္လာနေ့) ည ၇း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၁၆၊ ၄၃လမ်း(အောက်လမ်း) နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်သောင်းစိန် (BA)
### အလယ်တန်းပြ(ငြိမ်း)၊ အထက(၃)စစ်တွေ
### အသက်(၇၀)

စစ်တွေမြို့၊ လမ်းမတော်တောင်လမ်းမကြီးနေ [ဦးစံသာအောင်(အခွန်ဝန်၊ ငြိမ်း)-ဒေါ်မအေး]တို့၏သမီး၊ [ဦးဖိုးသာ(ရဲအုပ်၊ ငြိမ်း)-ဒေါ်သာမြဦး]တို့၏ချွေးမ၊ ဦးကျော်မောင်(ထ·ပြ/ထ-၅၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးဥက္ကာကျော်မောင်၊ ဒေါ်ကူန္ဒာကျော်မောင်(မပြည့်ပြည့်သဇင်/သစ်ခွခြံ)၊ ဦးဇေယျာကျော်မောင်-ဒေါ်မြနန္ဒာဦးတို့၏မိခင်၊ ဒေါ်ခင်စိန်၊ ဒေါ်ခင်အေးစိန်၊ ဒေါ်ခင်သန်းစိန် (မ-၁/မဂတ၊ငြိမ်း)-ဦးစောစိန်အောင်(AGM Sunshine Co.,Ltd.)တို့၏အစ်မ၊ ဦးစိုးဝင်းနိုင်-ဒေါ်စောဥမ္မာ၊ ဒေါ်မြဥမ္မာ၊ ဦးသော်ဇင်ဖြိုး-ဒေါ်ချယ်ရီမောင်တို့၏မာမာကြီး၊ မောင်သုတဦး၊ မစောသျှင်ပြည့်၊ မောင်မင်းသုခ၊ မောင်ထက်ဝေယံတို့၏အဘောင်ရှင်သည် ၁၃-၆-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုဗိုလ်မှူးကြီးထွန်းအေး (ငြိမ်း)
### (စစ်တွေ) (ဗ·သ·တ-၄၃)
### အသက်(၆၈)နှစ်

စစ်တွေမြို့၊ ပါဒလိတ်ချိပ်ရပ်နေ (ဦးထွန်းစံ-ဒေါ်ဦးငွေစိန်)တို့၏သား၊ မန္တလေးမြို့၊ ပွဲကုန်းရပ်နေ (ဦးမြမောင်-ဒေါ်ယဉ်ယဉ်)တို့၏သားသမက်၊ (ဒေါ်ဘေဘီမြ)၏ခင်ပွန်း၊ ဒေါ်ကေသွယ်ဦး-ဦးမင်းသန့်ထွန်း၊ ဗိုလ်မှူးဇော်လင်းအောင်-မမေမြတ်နိုးဝေ၊ မောင်အောင်ခိုင်မိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၄-၆-၂၀၁၆ရက် နံနက် ၇း၁၅နာရီတွင် ကမာရွတ်ဘူတာရုံလမ်း၊ ရတနာမွန် ၃လမ်း၊ အေးရိမ်မွန်နေအိမ် တိုက် ၂၆၊ အခန်း ၁၀၁၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးဝင်းနိုင် အသက်(၅၄)နှစ်
### (မြတ်စာပေ၊ မြိတ်မြို့)

မြိတ်မြို့၊ ဆိပ်ငယ်ရပ်၊ ပြည်တော်သာလမ်း၊ အမှတ် ၄၅နေ (ဦးကြည်ရှိန်)-ဒေါ်တင်တင်ရွှေတို့၏သား၊ (ဦးဝင်းရွှေ)၊ ဦးသိန်းအင်-ဒေါ်မာလာ၊ ဦးနီ၊ ဦးမောင်စိုးတို့၏ညီ၊ ဦးခင်မောင်အေး-ဒေါ်စန်းစန်းထွေးတို့၏အစ်ကို၊ ဒေါ်ယုယုဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်အုပ်စိုးကြယ်စင်၏ ချစ်လှစွာသောဖခင်၊ ကိုအောင်မြင်ဦး၊ ကိုကျော်မျိုးနိုင်-မချမ်းမြေ့ခိုင်၊ မဆုရွှေရည်ဝင်း၊ မဖူးပွင့်သော်တို့၏ဦးလေးသည် ၁၄-၆-၂၀၁၆ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးများအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးသန်းမြင့်(ကြို့ပင်ကောက်)
### ကြီးကြပ်ရေးမှူး(ငြိမ်း)
### စိုက်ပျိုးရေးဘဏ်
### အသက်(၆၃)နှစ်

ကြို့ပင်ကောက်မြို့၊ သဲကုန်းရပ်ကွက်နေ (ဦးချစ်လှ - ဒေါ်ကြည်အေး)တို့၏သား၊ ဈေးချိုတောင်ရပ်ကွက်၊ လှည်းတန်းလမ်းနေ ဒေါ်ယဉ်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေဦး(အထက်တန်းပြ၊ အထက-၁)၊ ဦးခိုင်ထူး(အကောက်ခွန်မှူး၊ ကော့သောင်းမြို့)-ဒေါ်စုစုရီ၊ (ဗိုလ်ကြီးဝင်းညို)၊ တပ်ကြပ်ကြီး ချစ်ကောင်း(ကျောက်ဆည်)၊ မဥမ္မာမြင့်(စတုတ္ထနှစ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပြည်)၊ မောင်ထက်လင်းပိုင်(Grade-X)တို့၏ဖခင်၊ မောင်ရဲထက်လင်း(Grade-III, ရန်ကင်း TTC)၊ မောင်ရဲထွဋ်ဝင်းတို့၏အဘိုးသည် ၁၄-၆-၂၀၁၆ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ကြို့ပင်ကောက်မြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၆-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်မသောင်းစိန်
### အလပြ(ငြိမ်း) (အထက-၃)
### နာရေးကူညီမှုအသင်း(စစ်တွေ)
### အသက်(၇၀)

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ လမ်းမကြီးနေ ဦးဦးကျော်မောင် (အထပြ၊ငြိမ်း၊ အထက-၃)၏ဇနီးသည် ၁၃-၆-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူအသင်းသားများအား သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

# မောင်အောင်မျိုးဝင်း
### အသက်(၁၆)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ စိုက်ပျိုးရေးဝင်း(လေးမိုင်)နေ ဦးသိန်းဝေ (မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်သန်းခင်တို့၏သား၊ မောင်ခန့်စည်သူအောင်၊ မောင်ခန့်ဝေယံဟိန်းတို့၏အစ်ကိုသည် ၈-၆-၂၀၁၆ရက် ညနေ ၃း၂၀နာရီတွင် အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ အပိုလိုဆေးရုံ၌ကွယ်လွန်သွားကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုဋ္ဌဝတီမြစ်ကို ဖြတ်၍ ဒုဋ္ဌဝတီ(ရွှေစာရံ) တံတားတည်ဆောက်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဇွန် ၁၄**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၂)မှ တစ်ဆင့် ဒုဋ္ဌဝတီမြစ်ကိုဖြတ်၍ ကျောက်ဆည်နှင့် ပြင်ဦးလွင်မြို့သို့ ဆက်သွယ်သွားလာနိုင်သည့် ဒုဋ္ဌဝတီ(ရွှေစာရံ)တံတား **(ယာယီ)**ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)မှ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းတံတားကို ဇွန် ၆ ရက်က စတင်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၁၇ ခွင့်ပြုဘဏ္ဍာငွေကျပ် သန်းပေါင်း ၂၁၁၂ သန်းခန့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

"မန္တလေးကို ဝင်စရာမလိုတော့ဘဲ ပြင်ဦးလွင်ကို အချိန်တိုအတွင်းသွားနိုင်တဲ့အတွက် ဒေသတွင်း ကုန်စည်ကူးသန်း

*စာမျက်နှာ ၄ ကော်လံ ၅* ❋



# တပ်မတော်ရဟတ်ယာဉ်တစ်စင်း ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျ



ပျက်ကျ၍ မီးလောင်ပျက်စီးခဲ့သော ရဟတ်ယာဉ်အစိတ်အပိုင်းများကို တွေ့ရစဉ် ဓာတ်ပုံ-သန့်ဇင်(ပဲခူး)

**နေပြည်တော် ဇွန် ၁၄**
အမ်အိုင် -၂ အမျိုးအစား တပ်မတော်ရဟတ်ယာဉ်တစ်စင်းသည် ရာသီဥတုဆိုးရွားမှုကြောင့် ယနေ့နံနက် ၁၁ နာရီခွဲတွင် ဒိုက်ဦးမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာနှင့်ဂုံညှင်းချောင်းအနီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၇၂ အနောက်ဘက်ရှိ လျှိုအတွင်းသို့ ပျက်ကျ၍ မီးလောင်ပျက်စီးခဲ့ပြီး ရဟတ်ယာဉ်ပေါ်ပါ တပ်မတော်သားသုံးဦး သေဆုံးခဲ့သည်။

အဆိုပါ ရဟတ်ယာဉ်သည် မိတ္ထီလာမြို့လေတပ်စခန်းဌာနချုပ်မှ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် ထွက်ခွာ၍ တောင်ငူလေတပ်စခန်းဌာနချုပ်၌ ဆီဖြည့်ရပ်နားပြီးနောက် နံနက် ၁၁ နာရီခွဲတွင် မှော်ဘီမြို့သို့ ဆက်လက်ထွက်ခွာ

*စာမျက်နှာ ၄ ကော်လံ ၅* ◆

## ❏ ပြင်သစ်ရဲအကြီးအကဲနှင့် ၎င်း၏ရည်းစားအားသတ်ဖြတ်သူကို အာဏာပိုင်များကဖော်ထုတ်

စာ-၁၁

## ❏ ဗီယက်နမ်လေ့ကျင့်ရေး အက်စ်ယူ-၃၀ ဂျက်လေယာဉ်ပျောက်ဆုံး

စာ-၁၀

# ယူရို ၂၀၁၆ အုပ်စု(င)ပွဲစဉ်များ ယှဉ်ပြိုင် အီတလီက ဘယ်လ်ဂျီယံကိုနိုင်ပြီး အိုင်ယာလန်နှင့် ဆွီဒင်တို့ သရေကျ

■ **သီဟ**

ယူရို ၂၀၁၆ အုပ်စု(င)ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီက ဘယ်လ်ဂျီယံကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အိုင်ယာလန်နှင့် ဆွီဒင်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဘယ်လ်ဂျီယံနှင့် အီတလီပွဲစဉ်ကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်သင်းစလုံးသည် ဥရောပထိပ်တန်းကလပ်များတွင် ကစားနေသည့် အတွေ့အကြုံရင့်ကစားသမားအများအပြားပါဝင်ခဲ့၍ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ အီတလီအတွက် အနိုင်ဂိုးများကို ပွဲချိန် ၃၂ မိနစ်တွင် ကွင်းလယ်ကစားသမား ဂျီချာရီနီက ဘယ်လ်ဂျီယံနောက်တန်း လူကျွံထောင်ချောက်ကို ကျော်ဖြတ်ကာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ အီတလီအတွက် ဒုတိယမြောက်ဂိုးကို တိုက်စစ်မှူး ပယ်လီက မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် မြေမကျဘောကန်သွင်းယူခဲ့သည်။ ယင်းပွဲတွင်

*စာမျက်နှာ ၁၂ ကော်လံ ၅* ✪



